# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-6-2015) (၈၂၃၄)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုက်စလန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၁၇**

၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင်ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အော်လာဖျူ ရက်နာ ဂရင်မ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆစ်မန်ဒါ ဒေးဗစ် ဂွန်လက်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကျင်းပရေး အပြီးသတ်အစည်းအဝေးပြုလုပ်

**နေပြည်တော် ဇွန် ၁၆**

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများကျင်းပရေးဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ်နှင့် အပြီးသတ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကျင်းပရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ပထမအကြိမ်က ပြုလုပ်ခဲ့သည့် အစည်းအဝေးမှ လိုအပ်ချက်များကို ညှိနှိုင်းပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

(၇)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများ၏ CLMV Joint Statement၊ Nay Pyi Taw Declaration နှင့် Action Plan 2016-2018 များ ထုတ်ပြန်နိုင်ရေး၊ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတက်ရောက်ရန် အထူးဧည့်သည်တော်များ ညစာစားပွဲနှင့် ACMECS, BUSINESS FORUM သို့ တက်ရောက်မည့် ဧည့်သည်တော်များ၊ နိုင်ငံတော်သမ္မတက ဧည့်သည်များ လက်ခံတွေ့ဆုံရာတွင် တက်ရောက်ကြရမည့် စီးပွားရေးလုပ်ငန်းရှင်များအား တက်ရောက်နိုင်ရန် အကြောင်းကြားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိပ်သီးအစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့** ☆



(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများ ကျင်းပရေးဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ်နှင့် အပြီးသတ်အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)




စာမျက်နှာ - ၃

# မြန်မာနိုင်ငံမှ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးအပိုင်း ဇူလိုင်လတွင် ဖွင့်လှစ်မည်

သုတ

အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်လျှောက် အဓိကကျသော ကုန်သွယ်မှုလမ်းကြောင်းတစ်ခုဖြစ်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံအား ချိတ်ဆက်ရာတွင် မြန်မာနိုင်ငံမှ လမ်းမကြီးများမှာ အားနည်းချက်များရှိခဲ့သည်ဟု နှစ်ပေါင်းများစွာကြာ ထင်မြင်ယူဆခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံရှိ အိန္ဒိယသမုဒ္ဒရာဘက်ခြမ်းမှ လာအိုနှင့် ထိုင်းနိုင်ငံများမှတစ်ဆင့် ဗီယက်နမ်နိုင်ငံရှိ ပစိဖိတ်ကမ်းခြေထိ ဖြတ်သန်းသွားမည့် ကီလိုမီတာ ၁၅၀၀ ရှည်လျားသော အဆိုပါစင်္ကြံတစ်လျှောက် အဝေးပြေးလမ်းမကြီးတစ်ခု ဖွင့်လှစ်ရန် မြန်မာနိုင်ငံက ပြင်ဆင်နေသောကြောင့် ထိုထင်မြင်ယူဆချက်မှာ ပြောင်းလဲလာနိုင်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖



ကြေးမုံစာတည်းရှုထောင့် ၁၇-၆-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# မြို့ပြအလှ ပီပြင်

သက်ရှိလူသားများဘဝမှာ "စားရေး၊ ဝတ်ရေး၊ နေရေး"ဆိုသည့် ရှောင်လွှဲမရနိုင်သော ဘဝပေးအရေးသုံးပါးကြောင့် ဘဝခဏတာမှာ နားချိန်မရ ပင်ပန်းနွမ်းနယ်ရှိနေကြရသည်။ နံနက်မိုးသောက် မျက်စိနှစ်ကွင်းအလင်းရသည်မှသည် နေဝင်မိုးချုပ်အိပ်စက်အနားယူချိန်အထိ စိတ်ရောကိုယ်ပါ တွေးတောလုပ်ကိုင်မနိုင်ဝန်ဖြစ်နေကြရသည်။ အထူးသဖြင့် မြို့ပြရပ်ဝန်းနေပြည်သူများမှ အခြေခိုင်မာရှိပြီးသူများအတွက် မသိသာသော်ငြားလည်း အခြေမခိုင်လူတန်းစားများဘဝသည်ကား လက်လှုပ်မှ ပါးစပ်လှုပ်နိုင်သည့်အခြေအနေ။

သမုဒ္ဒရာဝမ်းတစ်ထွာဟုတင်စားသည့်ပမာ မပြည့်နိုင်သည့် ဝမ်းတစ်ထွာအရေးအတွက် သက်သောင့်သက်သာနှင့် ပင်ပန်းကြီးစွာ လှုပ်ရှားရသည်သာကွာမည်။ အားလုံးအစာတစ်လုတ်အတွက် သွားလာမပျက်ရှိနေကြရသည်။ ငှါဝမ်းပူဆာမနေသာ၍ ရှာဖွေကြရမြဲ။ အရိပ်အောက်မှာအိန္ဒြေရရနှင့် ရှိနေသူ၊ နေပူကျဲကျဲအောက်ရောက်နေကြရသူ မတူကွဲပြားလည်း ဝမ်းရေးအတွက်ဆိုသည့် ဦးတည်ချက်ကား အတူတူ။

'လူမှာအဝတ်၊ တောင်းမှာအကွပ်'ဟု တင်စားမှုရှိသည်။ အကွပ်မဲ့ကြမ်းပရမ်းပတာဆိုသလို လူတွင်လည်း ဝတ်စားဆင်ယင်မြတ်နိုးကြင်ဆိုသည့် အတိုင်း ရာသီဉတုနှင့် လိုက်လျောညီထွေ နေရာဒေသ၏ ယဉ်ကျေးမှုနှင့် ဆီလျော်သော ဝတ်စားဆင်ယင်မှုပြုကြရမြဲသာ။ ဝတ်စားဆင်ယင်ပြုမှုသည် သတ္တလောကတွင် လူသားမျိုးနွယ်တစ်ခုတည်း၏ သီးခြားယဉ်ကျေးမှုတစ်ခုဟု ဆိုရမည်။ တစ်နည်း လူနှင့်တိရစ္ဆာန်ကို ခွဲခြားကွဲပြားစေသော အဆင်တန်ဆာဟုလည်း ဆိုနိုင်ပါသည်။ ဟီရိသြတ္တပ္ပဟူသည့် အရှက်အကြောက်တရားအောက်က လူသားများ၏ ဆင်ယင်ထုံးဖွဲ့မှုပုံစံများဟု ဆိုရပါမည်။ ထို့ကြောင့်လူသားများ၏ အရေးသုံးပါးတွင်"ဝတ်ရေး"သည်လည်း ကျင့်ဝတ်တစ်ခုအဖြစ်ပါရှိလာခဲ့၏။

တစ်နေ့တာသွားလာလှုပ်ရှားပင်ပန်းလာခဲ့သမျှ ညအချိန်မှေးစက်အနားယူစရာ အနည်းဆုံးကျောတစ်ခင်းစာနေရာတစ်ခုကား လိုအပ်စမြဲပါ။ စိတ်ရောကိုယ်ပါအနားပေးမှေးစက်စရာ၊ အမိုးအကာလုံလုံခြုံခြုံနှင့် "အိမ်"ဟုခေါ်တွင်သော နေရာထိုင်ခင်းတစ်ခုက လူသားဘဝမှာ အရေးကြီးဆုံး။ "စား၊ ဝတ်၊ နေရေး"အရေးသုံးပါးတွင် "နေရေး"က လူသားများအတွက်မရှိမဖြစ်သောအရာ။ အထူးသဖြင့် မြို့ပြရပ်ဝန်းနေပြည်သူများအတွက် ကျောချစရာနေရာတစ်ခု ရရှိဖို့ဆိုသည် မျက်မှောက်ကာလတွင် မလွယ်တော့ပါပြီ။ သို့သော် နိုင်ငံတော်မှ လျစ်လျူရှုမထားပါ။ မြို့ပြရပ်ဝန်းများတွင် နေအိမ်အဆောက်အအုံမရှိသော ပြည်သူများအတွက် နိုင်ငံတော်မှတာဝန်ယူကာ အိမ်ရာများတည်ဆောက်ပေးလျက်ရှိနေကြောင်း သိရသည်။ မိမိတို့နိုင်ငံ၏ အချက်အချာကျရာ စီးပွားရေးမြို့တော်ရန်ကုန်နှင့် ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တို့တွင် တိုးပွားလာသော လူဦးရေနှင့်လိုက်လျောညီစွာ အိမ်ရာများဖော်ထုတ်ဆောက်လုပ်ပေးလျက်ရှိလာနေပြီ။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် နိုင်ငံတော်အစိုးရက အိမ်ခန်းပေါင်း ၃၃၃၅၉ ခန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်လျက်ရှိနေပြီး ယခင်ဆောက်လုပ်ပြီး ယုဇနဥယျာဉ်အိမ်ရာစီမံကိန်းရှိ အခန်းပေါင်း ၁၈၀၀၀ နှင့်ဆိုလျှင် လူဦးရေ စုစုပေါင်း ၂၅၆၈၀၀ နေထိုင်နိုင်မည့် တိုက်ခန်းပေါင်း ၅၁၃၅၉ ခန်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပိတ်လှောင်မွန်းကျပ်သည့်မြို့ပြရပ်ဝန်းတွင် အနားယူအပန်းဖြေစရာ၊ စိတ်၏ဖြေရာနေရာများကိုလည်း တည်ဆောက်ပြုပြင်ပေးလျက်ရှိနေသည်။ သက်ရှိလူသားများဘဝတွင် စားဝတ်နေရေးအတွက် မနားမနေအလုပ်လုပ်နေကြရသလို ကျန်းမာရေးအတွက် စိတ်ရောကိုယ်ပါမဖြစ်မနေအနားယူဖို့လည်း အထူးလိုအပ်ပါသည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့တွင် ဝင်ကြေးအခမဲ့ပန်းခြံများအပါအဝင် ပန်းခြံပေါင်း ၆၃ ခုကို အဆင့်မြှင့်တင်ပြင်ဆင်ပေးလျက်ရှိနေကြောင်း သိရသည်။

မြို့ပြနေပြည်သူများ အဆင့်အတန်းနှင့်အညီ နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်မှ တိုက်တာအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အားလပ်ရက်များတွင် အပန်းဖြေအနားယူနိုင်ဖို့ ပန်းခြံများတည်ဆောက်ပြုပြင်ပေးခြင်းများကို အခြေအနေအချိန်အခါနှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးနေသလို မြို့ပြနေပြည်သူများဘက်ကလည်း အဆင့်အတန်းနှင့်လျော်ညီစွာ စည်းကမ်းလိုက်နာပြီးမြို့ကြီးသားပီသကြရပါမည်။ နှစ်ဦးနှစ်ဖက် ဟန်ချက်ညီစွာ "မောင်တစ်ထမ်း မယ်တစ်ရွက်" တာဝန်ကျေပွန်ဝတ္တရားမပျက်ယွင်းပါမှ မြို့ပြအလှပီပီပြင်ပြင်ရှိလာမည်မှာ အမှန်ဖြစ်ပါကြောင်း။ ။

## မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း လျှော့ချရာတွင် သားဖွားများ၏ ပြုစုမှု၊ ဆောင်ရွက်မှုများသည် လွန်စွာအရေးကြီး


**နေပြည်တော် ဇွန် ၁၆**

၂၀၁၅ ခုနှစ် မေ ၂၉ ရက်က ထုတ်ပြန်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ (၅)နှစ်အောက်ကလေးသေဆုံးနှုန်း၊ (၁)နှစ်အောက်ကလေးသေဆုံးနှုန်း၊ မိခင်သေဆုံးနှုန်းများသည် ထောင်စုနှစ်ရည်မှန်းချက်များ၏ မျှော်မှန်းအဆင့်သို့ ရောက်ရှိရန် လိုအပ်နေကြောင်း သိရသည်။

ထို့ကြောင့် အဓိကကျသည့် မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်းလျှော့ချရန် ဆောင်ရွက်ရာတွင် သားဖွားများ၏ ပြုစုမှု၊ ဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးသဖြင့် သားဖွားများ၏ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်၊ အထူးသဖြင့် သားဖွားများသည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မွေးဖွားပြီးချိန်နှင့် ကလေးအရွယ်ရောက်သည်အထိ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန်အတွက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျင်းပသည့် Stakeholder Meeting on Development of National Midwifery Standards and Strengthening Midwifery Education အခမ်းအနားတွင် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဒေါ်နွဲ့နွဲ့ဦးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် သားဖွားပညာရေး၊ သားဖွားလုပ်ငန်းခွင်၊ သားဖွားအသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော Core Competency များကို အာဆီယံအဆင့်မီ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ပံ့ပိုးလျက်ရှိပြီး သားဖွားများ၏ ပညာရေးအား အာဆီယံစံနှုန်းနှင့်အညီ ဒီပလိုမာအဆင့်မှ ဘွဲ့ကြိုဒီဂရီ၊ ဘွဲ့လွန်ဒီဂရီနှင့် ပါရဂူသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ သားဖွားသင်တန်းကျောင်းများတွင် သားဖွားခန်းများဖွင့်လှစ်နိုင်ရေး၊ သားဖွားသင်တန်းသူများ လက်တွေ့ကွင်းဆင်းရာတွင် အကျိုးရှိရှိလက်တွေ့လေ့လာနိုင်စေရန် စနစ်တကျစီမံဆောင်ရွက်ပေးခြင်းဖြင့် အမှန်တကယ်တတ်ကျွမ်းမှုရရှိစေရန်နှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော သားဖွားများကိုလည်း လုပ်ငန်းခွင်အတွင်း မွမ်းမံသင်တန်းများပေးခြင်းဖြင့် သားဖွားများ၏ ပညာရေးနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ သားဖွားများအား အသိအမှတ်ပြုလက်မှတ်များ၊ လိုင်စင်များရရှိနိုင်ရန်၊တိကျသောလုပ်ငန်းတာဝန်သတ်မှတ်ထားရှိရန်နှင့် သားဖွားများ၏ ပညာရေးအဆင့်အတန်းမြှင့်တင်ရန်အတွက် လိုအပ်သော တက္ကသိုလ်များ၊ သင်တန်းကျောင်းများနှင့် အထောက်အပံ့များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရန် စီစဉ်ခဲ့ကြောင်းဧင်းက ဆက်လက်ပြောကြားခဲ့သည်။

အခမ်းအနားကို ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီနှင့်UNFPA တို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၃၀၀၀ | - | ၇၄၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၂၅၀၀ | - | ၇၄၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၅၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၄၆. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၇. ၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂. ၇၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇. ၂၅၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၉၅. ၂၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၀၆၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၅၇. ၁၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၂၁. ၂၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ပျောက်ဆုံး
ကျွန်တော် ဦးအေးငြိမ်းအောင်[၁၂/ကတန(နိုင်)၀၈၀၆၇၇] ၏ Passport No (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ်- 09-420302200 သို့ အကြောင်းကြားပေးပါရန်။

"ပထမအဆင့် ရေးဖြေစာမေးပွဲအတွက် စနစ်တကျ သင်ပေးသည်"
POST ဝင်ခွင့် သင်တန်းများ
ဒုရဲအုပ်ဝင်ခွင့်၊ဗိုလ်လောင်းဝင်ခွင့်
၁၆၅ (ပထပ်) ဆိပ်ကမ်းသာလမ်း၊ အလယ်၊ ကျောက်တံတားမြို့နယ် ၀၉ ၄၂၀ ၁၂၉ ၃၃၃

ယန္တရားတင် Transporter
ကားအငှားလိုက်သည်။
ဆက်သွယ်ရန်
09-5135673,
09-970720875

HTOO Car Rental
PH: 0973053123, 09799990823

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်တွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းသည် အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းအဟောင်း၏ အရှေ့မြောက်ဘက်ခြမ်းတွင်တည်ရှိပြီး အကျယ်အဝန်း(၁၅၈. ၂၄) ဧက၊ ကန်လုံးရေ (၄၀)ဖြင့် ငါးမွေးမြူခြင်း၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ နတ်ရေကန်ငါးလုပ်ငန်းစခန်းအား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ငါးကန်များ ပြုပြင်တူးဖော်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းဝင်း (ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး)တွင် ငါးမွေးမြူရေးလုပ်ငန်း၊ Food Centre၊ သား/ငါးအရောင်းဆိုင်များ၊ အရောင်းပြခန်းများနှင့် အအေးခန်းစက်ရုံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဆက်သွယ်ရန်လိပ်စာ-
- ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)၊ ဖုန်း-၀၆၇-၄၁၈၅၁၃၈၊ ၀၆၇-၄၀၈၄၇၆
- မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၂-၆၁၁၁၅၊ ၀၉-၃၃၃၁၅၈၄
- နတ်ရေကန်ငါးလုပ်ငန်းစခန်း၊ အမရပူရမြို့နယ်။ ဖုန်း-၀၂-၅၁၅၃၅၈၂

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

☆ ရှေ့ဖုံးမှ

ဇနီးများ၏ ခရီးစဉ်များ ကြိုဆိုရေးနှင့် နေပြည်တော်လေဆိပ်ရောက်ရှိ ထွက်ခွာခြင်းနှင့် MICC-I တွင် ဝတ်စုံပြည့် ကြိုတင်စမ်းသပ်လေ့ကျင့်မှုများကိုလည်း စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများမှ လိုအပ်ချက်များရှိပါက တင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့လာရောက်မည့် ဧည့်သည်ဦးရေ၊ ကြိုဆိုရေး ဆောင်ရွက်ထားရှိမှုနှင့် ကွပ်ကဲရေးဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက(စီအယ်လ်အမ်ဗွီ)နှင့် အက်မက်စ်ထိပ်သီး အစည်းအဝေးများကို အာဆီယံ Summit အစည်းအဝေးကဲ့သို့ နိုင်ငံ၏ ပုံရိပ်ကောင်းများ ထင်ဟပ်ကျန်ရှိစေရန် ကော်မတီအသီးသီးက လုံ့လဝီရိယရှိရှိနှင့် ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အစည်းအဝေးသို့ ကျင်းပရေးဗဟိုဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မိုးရာသီဖြစ်သော်လည်း နယ်စပ်ဝင်ပေါက်များမှ ကမ္ဘာလှည့်ခရီးသည်များ အဆက်မပြတ်ဝင်ရောက်

**နေပြည်တော် ဇွန် ၁၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဒေသဝင်ပေါက်၊ ထွက်ပေါက်များမှ ဝင်ရောက်လျက်ရှိသော ဆိုင်ကယ်တိုး၊ ကားယာဉ်တန်းတိုးများသည် မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သော်လည်း ယခင်နှစ်ကထက် ပိုမိုတိုးတက်စွာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိသည်။

ပြည်ပအဖွဲ့တစ်ဖွဲ့သည် မော်တော်ဆိုင်ကယ် ရှစ်စီး၊ မော်တော်ယာဉ်တစ်စီးဖြင့် ဇွန် ၂ ရက်က မြဝတီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဘားအံမြို့ရှိ ကော့ဂွန်းဂူသို့လည်းကောင်း၊ ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားသို့လည်းကောင်းရောက်ရှိကာ ကျိုက်ထီးရိုးဘုရားကို ဖူးမြော်၍ ဇွန် ၃ ရက်တွင် ကျိုက်ထီးရိုးဘုရားမှ နေပြည်တော်သို့ ညနေပိုင်းတွင်ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့သည်။ ဇွန် ၄ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကို ဖူးမြော်ပြီး ဆင်ဖြူတော်အား သွားရောက်ကြည့်ရှုကာ ပုဂံမြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားခဲ့သည်။

ဇွန် ၅ ရက်တွင် ပုဂံမြို့ ဓမ္မရံကြီးဘုရားနှင့် ဗူးဘုရားကို သွားရောက်ဖူးမြော်ပြီး ပုဂံမြို့တွင်း လှည့်လည်လေ့လာခဲ့ကာ ဇွန် ၆ ရက်တွင် ပုဂံမှ ပုပ္ပါးတောင်သို့ သွားရောက်လေ့လာ၍ မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာပြီး မန္တလေးမြို့၌ ညအိပ်ရပ်နားခဲ့သည်။ မန္တလေးမြို့၌ နေထိုင်နေစဉ်အတွင်း မဟာမြတ်မုနိဘုရားကို သွားရောက်ဖူးမြော်ပြီး ဦးပိန်တံတားသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဇွန် ၈ ရက်တွင် မန္တလေးမြို့မှတစ်ဆင့် မုံရွာမြို့သို့ ခရီးဆက်လက်ထွက်ခွာ၍ ဗောဓိတစ်ထောင်ဘုရားကို သွားရောက်ဖူးမြော်ပြီး မုံရွာမြို့၌ ညအိပ်ရပ်နားခဲ့သည်။ ဇွန် ၉ ရက်တွင် မုံရွာမြို့မှ ကလေးမြို့သို့ ဆက်လက်ထွက်ခွာကာ ကလေးမြို့၌ ညအိပ်ရပ်နားပြီး ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် တမူးမြို့သို့ ရောက်ရှိပြီး ယင်းနေ့တွင်ပင် တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ဆက်လက်၍လည်း ဂျာမနီနိုင်ငံသား ငါးဦးပါဝင်သော အဖွဲ့သည် ကားသုံးစီးဖြင့် တမူးမြို့မှဝင်ရောက်ကာ တမူး-ကလေး-မုံရွာ-မန္တလေး-ပုပ္ပါး-ပုဂံ-ရန်ကုန်-ကျိုက်ထီးရိုး-ဘားအံ-မြဝတီ ခရီးစဉ်ဖြင့်လည်းကောင်း၊ ချက်နိုင်ငံသား သုံးဦးပါဝင်သောအဖွဲ့သည် ဆိုင်ကယ် သုံးစီးဖြင့် မြဝတီမြို့မှ ဝင်ရောက်ကာ မြဝတီ-ပဲခူး-နေပြည်တော်-မန္တလေး-မုံရွာ-တမူးခရီးစဉ်ဖြင့် လည်းကောင်း ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❖ မြန်မာနိုင်ငံမှ

အဝေးပြေးလမ်းမသစ်ကြီး ဖွင့်လှစ်မှုက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား ကုန်သွယ်မှုကို မြှင့်တင်ပေးရန်နှင့် ကုန်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများအား အရှေ့တောင်အာရှ၏ "နောက်ဆုံးနယ်ပယ်သစ်" ဟု ခေါ်ဆိုသည့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အထောက်အကူပြုမည်ဟု မျှော်မှန်းထားသည်။ ကုန်စည်စီးဆင်းမှု ပိုမိုများပြားလာမှုနှင့် ဒေသတွင်းပြည်သူများက အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးပေါင်းစည်းမှုကို အရှိန်အဟုန်ထပ်ဖြည့်ပေးဖွယ်ရှိပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း ကရင်ပြည်နယ်ရှိ ကော့ကရိတ်မြို့မှာ ထိုင်းနယ်စပ်မှ ကီလိုမီတာ ၅၀ နီးပါး အကွာတွင် တည်ရှိပါသည်။ ကော့ကရိတ်မြို့နှင့် ထိုင်းနိုင်ငံကို ချိတ်ဆက်ပေးထားသော တောင်ကြားလမ်းမကြီးမှာ အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းဖြစ်သော်လည်း မော်တော်ယာဉ်များ တစ်စီးနှင့်တစ်စီး ကျော်တက်ရန်အတွက် လမ်းမှာ ကျဉ်းမြောင်းလွန်းပါသည်။ ကီလိုမီတာ ၅၀ ရှိသော အဆိုပါလမ်းပိုင်းကို ကူးသန်းရာတွင် အချိန် သုံး၊ လေးနာရီနီးပါး ကြာမြင့်ပါသည်။ လမ်းမဟောင်းကြီး၏ တောင်ဘက်ခြမ်းတစ်လျှောက် အသစ်ဖောက်လုပ်နေသည့် နှစ်လမ်းသွားလမ်းမကြီး ဖောက်လုပ်မှုပြီးစီး၍ ဖွင့်လှစ်ပါက မော်တော်ယာဉ်မောင်းနှင်ချိန် သုံးပုံနှစ်ပုံကျော် သက်သာသွားမည်ဖြစ်သည်။

ထိုင်းအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သော အဆိုပါအဝေးပြေးလမ်းမကြီး၏ လမ်းပိုင်းအများစုမှာ မေလအစောပိုင်းက ပြီးစီးခဲ့သည်။ ယင်းလမ်းမကြီး၏ လမ်းပိုင်းအချို့ကို ဒေသခံများအတွက် ဖွင့်လှစ်ထားပြီး ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် အသုံးပြုသည်။ မြန်မာအစိုးရတာဝန်ရှိသူများ၏အဆိုအရ အဝေးပြေးလမ်းမကြီးတစ်ခုလုံးကို ဇူလိုင်လတွင် ဖွင့်လှစ်ရန် ရက်သတ်မှတ်ထားသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနှင့် ထိုင်းနိုင်ငံတို့ကြား ကုန်သွယ်မှုမှာ ၁၀ ရာခိုင်နှုန်း မြှင့်တင်ခဲ့ပြီး အတိအကျအားဖြင့် ဘတ် ၂၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၃ ဘီလီယံ) ထိ ရှိခဲ့ပြီး ယင်းတို့အနက် ၂၅ ရာခိုင်နှုန်းမှာ ကော့ကရိတ်လမ်းကြောင်းမှ တစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခြင်းဖြစ်သည်။ "အဝေးပြေးလမ်းမသစ်ကြီး ဖွင့်လှစ်လိုက်ရင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု မြင့်တက်လာမှာပါ" ဟု မြန်မာနိုင်ငံရှိ ဂျပန်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသစ် ဖောက်လုပ်လိုက်သည့် အဝေးပြေးလမ်းမကြီးက ၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်အကျဆုံးအပိုင်းတွင် ပါဝင်သည်။ လမ်းမသစ်ကြီး ဖောက်လုပ်မှုပြီးစီးခြင်းက အရှေ့တောင်အာရှဒေသမှ အရေးပါသော အသက်သွေးကြောတစ်ခုဖြစ်သည့် အဝေးပြေးလမ်းမကြီးပြီးစီးမှုလက္ခဏာပင်ဖြစ်သည်။ မြန်မာနိုင်ငံတောင်ပိုင်းရှိ ထားဝယ်မြို့နှင့် ဘန်ကောက်မြို့တော်ကို ချိတ်ဆက်ထားသော အခြားနယ်စပ်ဖြတ်ကျော်လမ်းမကြီးတစ်ခုကိုလည်း ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်သည်။ ထိုလမ်းမကြီးက ကုန်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများအတွက် အကျိုးပြုမည့် လမ်းမကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်အားခများ သိသာစွာ မြင့်တက်လာသောကြောင့် ကုမ္ပဏီအများအပြားက လုပ်အားခသက်သာသည့်နေရာ၌ ရင်းနှီးမှုပြုလုပ်ရန် ၎င်းတို့၏ ကုန်ပစ္စည်းထုတ်လုပ်မှုအခြေစိုက်ရာနေရာများကို မြန်မာနိုင်ငံသို့ ပို၍ ရွှေ့ပြောင်းလာကြပြီဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား လုပ်သားဝေစု ရရှိနိုင်မှု လွယ်ကူစေခြင်းအားဖြင့် မြန်မာနိုင်ငံရှိ လမ်းမကြီးများ အရည်အသွေးတိုးတက်လာမှုများက ယင်းနိုင်ငံများ၏ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

***Nikkei Asian Review ဝက်ဘ်ဆိုက်တွင် Motokazu Matsui ရေးသားသည့် Better Myanmar roads to boost bloc's trade ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။***

# ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ ဆင်ပိုင်ရှင်များသိစေရန် ကြေညာချက်ထုတ်ပြန်

**ပဲခူး ဇွန် ၁၆**

သစ်တောဦးစီးဌာနအနေဖြင့် ဌာနဆိုင်ရာညွှန်ကြားချက်အမှတ်(၂/၁၉၈၈)အရ ဆင်မှတ်ပုံတင်ခြင်းအား သုံးနှစ် တစ်ကြိမ် သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သစ်တောဦးစီးဌာနတွင် သက်တမ်း သုံးနှစ်ပြည့်ပြီးသော်လည်း ဆင် ၁၀၇ ကောင်မှာ ဆင်မှတ်ပုံတင်သက်တမ်းတိုးခြင်း ဆောင်ရွက်မှုမရှိကြောင်း တွေ့ရှိရပါသဖြင့် ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ ဆင်မှတ်ပုံတင်သက်တမ်းတိုး ဆောင်ရွက်ရန်နှင့် ၎င်းရက်ထက်ကျော်လွန်ပါက ဆင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း ဆင်ပိုင်ရှင်များသိစေရန် အသိပေးကြေညာထားကြောင်း သိရသည်။

**ကြည်လေး(ပဲခူး)**

# လယ်ဝေးမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများကို ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လယ်ဝေးမြို့ အမှတ် (၄)ရပ်ကွက် သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ကြသည့် လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၅၂ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။ ထို့နောက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသည့် လယ်ဝေး အထက(၁) ကျောင်းအုပ်ဆရာမကြီး၊ သိပ္ပံတွဲ ရူပဗေဒဘာသာရပ်တွင် ဂုဏ်ထူးရှင် ၁၈ ဦး၊ ဝိဇ္ဇာတွဲ ဘောဂဗေဒဘာသာရပ်တွင် ဂုဏ်ထူးရှင် ၁၈ ဦးရရှိအောင် သင်ကြားပေးခဲ့သော အထက်တန်းပြဆရာမ နှစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ပြီး လေးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူ တစ်ဦးတို့က အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့သူများအား ကျေးဇူးတင်စကားပြောကြားသည်။

**သန်းဦး (လေးမျက်နှာ)**



# အဏုမြူဗုံးပြပွဲကို ဝါရှင်တန်၌ နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ်ပြသ

**ဝါရှင်တန် ဇွန် ၁၆**

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၅ ခုနှစ်က ဂျပန်မြို့ကြီးနှစ်မြို့ပေါ်သို့ အဏုမြူဗုံးကြဲချခဲ့မှုကြောင့် ပြည်သူများ သေကျေပျက်စီးရပုံကို အလေးပေးဖော်ပြသည့် အဏုမြူဗုံးပြပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ နှစ်ပေါင်း ၂၀ ကာလအတွင်း ပထမဆုံးအကြိမ် ခင်းကျင်းပြသလျက်ရှိကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဝါရှင်တန်ရှိ အမေရိကန်တက္ကသိုလ်ပြတိုက်၌ ကျင်းပသော အဏုမြူဗုံးပြပွဲဖွင့်ပွဲအခမ်းအနားကျင်းပစဉ် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးလှုပ်ရှားမှုအစီအစဉ်ကို မိမိတို့ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြပွဲတာဝန်ရှိသူများက အဏုမြူဗုံးပြပွဲအခမ်းအနားသို့ တက်ရောက်သူများအား ပြောကြားသည်။ အဆိုပါပြပွဲကို ဩဂုတ် ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲ၌ ခင်းကျင်းပြသထားသော ဓာတ်ပုံများနှင့် အဏုမြူဗုံးပေါက်ကွဲမှုကြောင့် ပြည်သူများ အကြီးအကျယ် ဘေးဥပဒ်ကျရောက်ခဲ့ရပုံကို သရုပ်ဖော်ကျူးထားသည်။

အဆိုပါပြပွဲကို ဟီရိုရှီးမား၊ နာဂါဆာကီမြို့များနှင့် အမေရိကန်တက္ကသိုလ်တို့က ပူးတွဲကမကထပြုကာ ကျင်းပခြင်းဖြစ်သည်။

ဂျပန်မြို့ကြီးနှစ်မြို့ အဏုမြူဗုံးဒဏ်ခံရမှု နှစ်(၇၀)ပြည့်မြောက်သည့်နှစ်တွင် အဆိုပါပြပွဲကို ကျင်းပခြင်းဖြစ်သည်။ **ကျိုဒို။**

## နယ်စပ်အနီးလက်နက်ကြီးများ ဖြန့်ကြက်ဖွယ်ရှိမှုလက်တုံ့ပြန်မည်ဟု ရုရှားကာကွယ်ရေးတာဝန်ရှိသူပြောကြား

**မော်စကို ဇွန် ၁၆**

ရုရှားနိုင်ငံ၏ နယ်နိမိတ်ဒေသတစ်လျှောက်နှင့် ထိစပ်နေသောနိုင်ငံများ၌ တင့်ကားများနှင့် အမြောက်လက်နက်ကြီးများ ချထားမည့် အမေရိကန်ပြည်ထောင်စု၏ အစီအမံကို ရုရှားနိုင်ငံက လက်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေတိုးအဖွဲ့ဝင်နိုင်ငံများ၌ ဆောင်ရွက်မည့် ယင်းအစီအမံမှာ စစ်အေးကာလနောက်ပိုင်း အကြီးအကျယ် ကျူးကျော်ရန်စမှုတစ်ရပ်ဖြစ်ပြီး ရုရှားနိုင်ငံက လက်ခံမည်မဟုတ်ကြောင်း ရုရှားကာကွယ်ရေးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယူကရိန်းပဋိပက္ခနောက်ပိုင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်လျက်ရှိကြသော နိုင်ငံများ၌ လက်နက်များဖြန့်ကြက်ရန် အမေရိကန်က ကမ်းလှမ်းထားခြင်းဖြစ်သည်။

ဥရောပအရှေ့ပိုင်းရှိနိုင်ငံများက ၎င်းတို့၏ ပိုင်နက်နယ်မြေများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အမေရိကန်ထံမှ အကူအညီများတောင်းခဲ့ကြောင်း၊ ယင်းနိုင်ငံများသည် ရုရှားနိုင်ငံ၏ နောက်ထပ်ပစ်မှတ်များဖြစ်လာကြမည်ကို စိုးရိမ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပိုလန်နှင့်ဘောလ်တစ်ဒေသအတွင်းရှိ နိုင်ငံများသည် နေတိုးမဟာမိတ်အဖွဲ့က ၎င်းတို့၏ လုံခြုံရေးအတွက် ပြတ်ပြတ်သားသားဆောင်ရွက်မှုမရှိဟုယူဆကြပြီး အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအစီအမံကိုကြိုဆိုလာကြသည်။

သို့ရာတွင် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ လက်နက်ပြိုင်ဆိုင်ပွဲ၌ မိမိတို့နိုင်ငံများ မြေစာပင်ဖြစ်ရမည်ကိုစိုးရိမ်ကြသဖြင့် အမေရိကန်၏ လုံခြုံရေးအစီအမံကို သတိရှိရှိဖြင့် ကြိုဆိုကြသည်။

**ရိုက်တာ။**



## အင်ဒိုနီးရှားတွင် ဆီနာဘန်းမီးတောင်အန္တရာယ်ခြိမ်းခြောက်မှုကြောင့် လူ ၈၀၀၀ နီးပါးကို ဘေးကင်းရာသို့ ပြောင်းရွှေ့

**ဂျကာတာ ဇွန် ၁၆**

အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများက နိုင်ငံအနောက်ပိုင်းရှိ ဆီနာဘန်းမီးတောင် ပေါက်ကွဲမည့်အန္တရာယ်စိုးရိမ်ရသည့်အတွက် အနီးဝန်းကျင်တွင်နေထိုင်သည့် ရွာသူရွာသား ၈၀၀၀ နီးပါးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

မြောက်ဆူမားတြားပြည်နယ် ကာရိုခရိုင်တွင်ရှိသည့် ဆီနာဘန်းမီးတောင်သည် စနေနေ့ညက မီးတောင်ပြာမှုန့်များ ကောင်းကင်သို့ နှစ်မီတာအမြင့်ထိ ပေါက်ကွဲမှုတ်ထုတ်နေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် အန္တရာယ်ရှိဧရိယာကိုတိုးချဲ့သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါအို နူဂါဟိုက ပြောကြားသည်။

"အခုချိန်ထိ ပြာမှုန့်တွေ မှုတ်ထုတ်နေတုန်းပါပဲ။ အန္တရာယ်ရှိသတိပေးချက်ကို အမြင့်ဆုံးသတ်မှတ်ထားပြီး အန္တရာယ်ရှိ ဧရိယာကိုလည်း တိုးချဲ့သတ်မှတ်ထားပါတယ်။ တနင်္လာနေ့ညက ဒေသခံ ၇၅၄၉ ဦးကို တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ လုပ်အားပေးအဖွဲ့ဝင်တွေနဲ့ ဒေသခံသဘာဝဘေးစီမံခန့်ခွဲမှုတာဝန်ရှိသူတွေပူးပေါင်းပြီး ဘေးလွတ်ရာကို ကယ်ဆယ်ထားပါတယ်။ အင်္ဂါနေ့ထိ ကယ်ဆယ်ထားသူ စုစုပေါင်း ၁၀၇၁၄ ဦး ကယ်ဆယ်ရေးစခန်း ၁၀ ခုကို ရောက်နေပါပြီ။ အဲဒီအထဲက ၆၀၀၀ ကျော်က ၂၀၁၄ ခုနှစ် ဇွန်လကတည်းက ကယ်ဆယ်ရေးစခန်းမှာ နေထိုင်ကြတဲ့ သူတွေဖြစ်ပါတယ်"ဟု ဆူတိုပိုက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

အင်ဒိုနီးရှားတာဝန်ရှိသူများသည် ဆီနာဘန်းမီးတောင် ပေါက်ကွဲမည့်အန္တရာယ်ခြိမ်းခြောက်မှုကို ဇွန်လအစောပိုင်းကတည်းက သတိပေးချက်ထုတ်ပြန်ထားခဲ့သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီတွင် အဆိုပါမီးတောင်ပေါက်ကွဲမှုကြောင့် လူခြောက်ဦးသေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ **ဆင်ဟွာ။**

## ငလျင်ဒဏ်သင့် ဖူကူရှီးမားဒေသ ပြန်လည်တည်ဆောက်ရေး ယန်းငွေ ၆ ဒသမ ၅ ထရီလီယံသုံးစွဲမည်

**ဖူကူရှီးမား ဇွန် ၁၆**

ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော ငလျင်နှင့် ဆူနာမီဒဏ်ကြောင့် အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့မှုများ ပြန်လည်တည်ဆောက်ရန်အတွက် ယန်းငွေ ၆ ဒသမ ၅ ထရီလီယံ သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။


လာမည့်နှစ် ဧပြီလတွင် စတင်လုပ်ဆောင်ရန်အတွက် စီစဉ်ထားပြီး အာဏာပိုင်များက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငါးနှစ်တာ ရေးသားပြုစုခဲ့ကြသည်။ လူနေအိမ်ရာများနှင့် ရပ်ရွာအဆောက်အအုံများ တည်ဆောက်ရေးအတွက် ဒေါ်လာ ၂၈ ဘီလီယံ ခွဲဝေသတ်မှတ်ထားသည်။ ၁၄ ဘီလီယံကို မြို့များအတွက် ထောက်ပံ့ငွေအဖြစ် ထုတ်ပေးသွားမည်ဖြစ်သည်။ ၄ ဘီလီယံကိုမူ နျူကလီးယားမတော်တဆ ဖြစ်ပွားခဲ့သည့် ဖူကူရှီးမားတွင် ထိခိုက်ခဲ့သော ရပ်ရွာများ ပြန်လည်တည်ဆောက်ရန် ကြိုတင်လျာထားသည်။

အာဏာပိုင်များအနေဖြင့် လိုအပ်နေသည့်ငွေတစ်ဝက်ကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အထူးဝင်ငွေခွန်မှတစ်ဆင့် နိုင်ငံတော် အခွန်အဖြစ် သုံးစွဲရန်မျှော်မှန်းထားသည်။ အထွေထွေအသုံးစရိတ်ထဲမှ ရန်ပုံငွေအနေဖြင့် သုံးစွဲနိုင်မည်ဖြစ်သည်။

ယခုစီမံကိန်းတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများထဲမှ အချို့ကုန်ကျငွေအတွက် ဒေသခံအာဏာပိုင်များက တာဝန်ယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ဤအချက်သည် ၂၀၁၆ ခုနှစ် မတ်လမှ စတင်မည့် အသေးစိတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ရန်ပုံငွေဆိုင်ရာ အပြည့်အဝထားရှိသည့် လက်ရှိမူဝါဒမှ ပြောင်းလဲခဲ့ပါက ရင်ဆိုင်သွားရဖွယ်ရှိသည်။

အစိုးရအနေဖြင့် မြို့တော် တည်ဆောက်ရေးတွင် ငွေကြေးအပြည့်အဝဖြစ်ပြီး ရေကာတာများ တည်ဆောက်ရန်နှင့် ဖူကူရှီးမားနယ်တွင် အဓိကလမ်းမကြီး တည်ဆောက်ရန်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းဒေသများကိုလည်း ဆက်သွယ်နိုင်မည်ဖြစ်သည်။ လာမည့်သီတင်းပတ်အတွင်း ငါးနှစ်တာ စီမံကိန်းကို အစိုးရအနေဖြင့် တရားဝင်စတင်မည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

## အယ်လ်ခိုင်ဒါအဖွဲ့ ဒုတိယခေါင်းဆောင် အမေရိကန်ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံး



**ဆာနား ဇွန် ၁၆**

ယီမင်နိုင်ငံ၌ အမေရိကန်၏ဗုံးကြဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် အယ်လ်ခိုင်ဒါအဖွဲ့၏ ဒုတိယခေါင်းဆောင် နာဆာအယ်လ် ဝူဟေရှီ**(ဝဲပုံ)**သေဆုံးရကြောင်း အဆိုပါအဖွဲ့က ဇွန် ၁၆ရက်တွင် ပြောကြား သည်။

အနောက်အုပ်စုနိုင်ငံများအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများတွင် စီစဉ်ညွှန်ကြားခဲ့သူ ဝူဟေရှီသည် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အီမန်အယ်လ်ဇဝါဟီရီအား ဆက်ခံမည့်သူအဖြစ် ပြောစမှတ်ပြုကြသည်။

အမေရိကန်နိုင်ငံ၌ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ခဲ့သူ အိုစမာဘင်လာဒင်၏ အနီးကပ် လုပ်ဖော်ကိုင်ဖက်တစ်ဦးအဖြစ် ဝူဟေရှီ လှုပ်ရှားခဲ့သည်ဆို၏။

ဝူဟေရှီသည် ယီမင်နိုင်ငံသားတစ်ဦးဖြစ်ပြီး အသက်(၄၀)ခန့်ရှိသူဖြစ်ကာ ၂၀၁၃ ခုနှစ်အတွင်း အယ်လ်ခိုင်ဒါအဖွဲ့၏ ဒုတိယခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဝူဟေရှီသည် အာရေဗျကျွန်းဆွယ်၌ လှုပ်ရှားနေသော အယ်လ်ခိုင်ဒါအဖွဲ့၏ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ၎င်းသေဆုံးသွားခြင်းကြောင့် ၎င်း၏အုပ်စုမှာ အင်အားချည့်နဲ့သွားမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

### နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ် ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် **အမျိုးသားတိုးတက်ရေးပါတီ**နှင့် **အမျိုးသမီးပါတီ (မွန်)**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၈၈ မျိုးဆက် ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၇/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**၈၈ မျိုးဆက် ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးလမ်းမကြီး၊ အမှတ် (၁၃၃) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**အား ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**၈၈မျိုးဆက် ဒီမိုကရေစီပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၈၇) ဖြစ်ပါသည်။

**အမိန့်အရ**


(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ မြင်သာအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(စီ)၊ အခန်းအမှတ် (၂၀၄) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၇)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသမီးပါတီ(မွန်)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ် ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသမီးပါတီ(မွန်) ၏အလံပုံစံ**



**အမျိုးသမီးပါတီ(မွန်)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူးတံတားသစ် ထပ်မံတည်ဆောက်ရန် အင်ဂျင်နီယာမြေတိုင်းခြင်းလုပ်ငန်းစတင်

**ရန်ကုန် ဇွန် ၁၆**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့သို့ ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူးတံတား တစ်စင်း ထပ်မံတိုးချဲ့တည်ဆောက်ရန်အတွက် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သော မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)ဆရာစံလမ်းနှင့် ငါးမာန်အောင်ဘုရားလမ်းတို့တွင် ဆောင်ရွက်နေကြပြီဖြစ်သည်။

အဆိုပါ ငမိုးရိပ်ချောင်းကူးတံတားတည်ဆောက်ပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင်က ဒဂုံမြို့သစ်နှင့် တောင်ဥက္ကလာပတို့ ဆက်သွယ်ထားသည့် ပါရမီတံတားသစ်ကို လွန်ခဲ့သည့်နှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အဆိုပါတံတားသည် ယာဉ်ကြောပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်များ သွားလာ၍မရဘဲ အချိန်ကြာမြင့်စွာ တံတားပေါ်၌ ယာဉ်များရပ်တန့်နေမှုကြောင့် တံတားခံနိုင်ဝန် တန် ၆၀ ကို ရေရှည် တံတားကြံ့ခိုင်မှုအတွက် စိုးရိမ်ရကြောင်း လွှတ်တော်ဒသမပုံမှန်အစည်းအဝေးတွင် တင်ပြခြင်းမှ သိရသည်။

ငမိုးရိပ်ချောင်းကူးတံတားသစ် တစ်စင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အမြန်တည်ဆောက်ပေးနိုင်ရန်အတွက် တံတားတည်ဆောက်မည့် မြေပြင်တိုင်းတာသည့် အကြိုအင်ဂျင်နီယာလုပ်ငန်းနေရာများမှာ တောင်ဥက္ကလာပမြို့နယ် (၁၅/၃) ရွှေဖီခိုင်ညွာလမ်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆရာစံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ငါးမာန်အောင်ဘုရားလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ငါးမာန်အောင်ဘုရားလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်း သုံးနေရာအား အကြိုအင်ဂျင်နီယာမြေတိုင်းခြင်းကို ယခုလိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းပြသည်။



အဆိုပါနေရာ သုံးနေရာအနက် အင်ဂျင်နီယာအမြင်နှင့်ပတ်သက်၍ "အခု ကျွန်တော်တို့တိုင်းတာချက်အရ ပြောရမယ်ဆိုရင် အကောင်းဆုံးနေရာကတော့ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက်နဲ့ (၁၅)ရပ်ကွက်ကြားမှာရှိတဲ့ ရွှေဖီခိုင်ညွာလမ်းနဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆရာစံလမ်း နေရာတို့ဟာ တံတားထိုးဖို့ အသင့်တော်ဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ဆရာစံလမ်းကနေ အမှတ်(၂)လမ်းကို သွားနိုင်သလို တောင်ဥက္ကလာပ ရွှေဖီခိုင်ညွာလမ်းဆိုရင်လည်း အမှတ်(၃)လမ်းအထိ ဆက်သွယ်သွားလာနိုင်ပြီး တံတားတည်ဆောက်ချိန်မှာ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ချဉ်းကပ်တံတားထိုးဖို့အတွက် လုံလောက်တဲ့ မြေနေရာရှိပြီး လမ်းမြေနေရာတိုးချဲ့မှုအကောင်းဆုံးနေရာဖြစ်တဲ့အတွက် ရွှေဖီခိုင်ညွာလမ်းနဲ့ ဆရာစံလမ်းတို့ကို ရွေးချယ်ခြင်းဖြစ်ပါတယ်"ဟု အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ACE ဦးကျင်အုန်းက ရှင်းပြသည်။ တံတားသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- စောသိန်းဝင်း**









*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# သမ္မတက လွှတ်တော်အမတ်ဖြစ်ရမယ်တဲ့လား

မောင်မင်းခေါင်

လွှတ်တော်ကြီးက ပြည်သူအများ ဖတ်ရှုလေ့လာနိုင်ဖို့ဆိုပြီး "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)" နှစ်ခုကို သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီးပါပြီ။ ဒီဥပဒေ(မူကြမ်း)ကို ဖတ်ကြည့်ရင်းနဲ့ မောင်မင်းခေါင်ရဲ့ ရင်ထဲ၊ အူထဲ၊ အသည်းထဲမှာကို နေလို့မရအောင် ကလိကလိဖြစ်လာတဲ့ အချက်ကလေးတစ်ခုကိုတော့ ပြည်သူအများကို ဝေမျှခံစားရအောင် တင်ပြချင်ပါတယ်ခင်ဗျာ။

အဲဒီအချက်ကတော့ "နိုင်ငံတော်သမ္မတဟာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရမယ်" ဆိုတဲ့ ကိစ္စပါပဲ။ အခြေခံဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ(မူကြမ်း)မှာ ဒီကိစ္စကို ပြင်ဆင်ချက်နှစ်ခုနဲ့ ပုံဖော်ထားတာတွေ့ရပါတယ်။ ပထမပြင်ဆင်ချက်ကတော့ အခြေခံဥပဒေပုဒ်မ ၆၀(ဂ) ကို ပြင်ဆင်တာဖြစ်ပြီးတော့ ဒုတိယသမ္မတရွေးကောက်တင်မြှောက်ရာမှာ မူလက "လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေရွေးချယ်တင်မြှောက်ရမည်" လို့ပါရှိရာကနေ အခုဥပဒေ (မူကြမ်း) ထဲမှာ "ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်"လို့ ပြင်ဆင်ထားတာဖြစ်ပါ တယ်။ ဆိုလိုတာကတော့ သမ္မတဖြစ်လာနိုင်တဲ့ ဒုတိယသမ္မတတစ်ဦးဟာ ပြည်ထောင်စုလွှတ်တော်ထဲမှာ ရှိနေတဲ့ ရွေးကောက်တင်မြှောက်ခံထားရတဲ့ (ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ထဲက အရပ်သား) လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ရမယ်ဆိုတဲ့အချက်ပါ။

ဒုတိယပြင်ဆင်ချက်ကတော့ ပြင်ဆင်တာမဟုတ်ဘဲ ပယ်ဖျက်မှုနှစ်ရပ်ဖြစ်ပါတယ်။ ပယ်ဖျက်တဲ့ပုဒ်မနှစ်ခုကတော့ ပုဒ်မ၆၂ နဲ့ ပုဒ်မ ၆၃ တို့ဖြစ်ကြပါတယ်။ ပုဒ်မ ၆၂ ကတော့ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ" ဆိုတဲ့ ပုဒ်မဖြစ်ပြီးတော့ ပုဒ်မ၆၃ ကတော့"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်" လို့ ဆိုထားပါတယ်။ ဒီပုဒ်မနှစ်ခုကို ပယ်ဖျက်လိုက်တဲ့အတွက် ထွက်ပေါ်လာတဲ့ အဓိပ္ပာယ်ကတော့-

(၁) [ပုဒ်မ ၆၀(ဂ)ကိုပြင်လိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်] သမ္မတနဲ့ ဒုတိယသမ္မတတွေဟာ ဒီရာထူးတွေ ယူလိုက်ပေမယ့် တစ်ချိန်တည်း မှာ လွှတ်တော်ကိုယ်စားလှယ်နဲ့ သမ္မတ သို့မဟုတ် ဒုတိယသမ္မတတွေအဖြစ် ဆက်လက်ပြီး ပူးတွဲတည်ရှိနေနိုင်တယ်။

(၂) သမ္မတ သို့မဟုတ် ဒုတိယသမ္မတရာထူး ရယူလိုက်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်စရာမလို ဆိုတဲ့ သဘောတွေ မြင်ရပါတယ်။

ဒါကြောင့် အခု အခြေခံဥပဒေပြင်ဆင်ချက်သာ အတည်ဖြစ်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ထူးထူးခြားခြား "နိုင်ငံတော် သမ္မတအမတ်မင်း" တစ်ယောက် ပေါ်ပေါက်လာဖို့ရှိနေပါတယ်။

**ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်မည့်သမ္မတ**

အဲလိုသာ "နိုင်ငံတော်သမ္မတအမတ်မင်း" ပေါ်ပေါက်လာမယ်ဆိုရင်တော့ ကမ္ဘာ့ဒီမိုကရေစီ ကျင့်သုံးတဲ့နိုင်ငံတွေထဲမှာ ထူးထူးခြားခြား ပထမဆုံးအနေနဲ့ "နိုင်ငံတော်သမ္မတအမတ်မင်း" ရှိတဲ့ နိုင်ငံအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်သွားလိမ့်မယ်လို့ မောင်မင်းခေါင်ထင်ပါတယ်ခင်ဗျ။ အဲဒါဆိုရင်တော့ ကမ္ဘာပေါ်မှာ မှတ်ဉာဏ်အကောင်းဆုံးလူသားအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ မဟာဂန္ထဝါစကပဏ္ဍိတ မင်းကွန်းဆရာတော်ကြီးပြီးရင် မြန်မာနိုင်ငံသားထဲက ဒုတိယမြောက် ဂင်းနစ်မှတ်တမ်းဝင် ကမ္ဘာ့အံ့ဖွယ်ပုဂ္ဂိုလ်ကြီးဖြစ်လာမှာပါ။

သို့ပေမယ့်လည်း အဲလို အံ့ဖွယ်သရဲမှတ်တမ်းစာရင်း အသွင်းခံရရင်တောင်မှ ဝမ်းသာအားရ လက်ခမောင်းခတ် ဂုဏ်ယူရမယ့်ကိစ္စ ဟုတ်ပါ့မလားလို့တော့ မောင်မင်းခေါင် အကြီးအကျယ် သံသယဖြစ်မိပါရဲ့။

ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာ သမ္မတအုပ်ချုပ်တဲ့ အမှုဆောင်သမ္မတ Executive Presidency စနစ်ပဲဖြစ်ဖြစ်၊ ဝန်ကြီးချုပ်အုပ်ချုပ်တဲ့ ပါလီမန်အုပ်ချုပ်ရေး Parliamentary Administration စနစ်မှာပဲဖြစ်ဖြစ် ဘယ်စနစ်မှာမှ နိုင်ငံ့ခေါင်းဆောင် Head of State တစ်ယောက်ဟာ လွှတ်တော်အမတ်လုပ်တာ ကြားလည်းမကြားဖူး၊ ရှိလည်းမရှိခဲ့ဖူးလို့ပါပဲ။

နိုင်ငံ့ခေါင်းဆောင် Head of State ဆိုတာ တစ်နိုင်ငံလုံးရဲ့ အထွတ်အထိပ်ပုဂ္ဂိုလ်ပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၈ အရ "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်" လို့ ဆိုထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၁၉၉(က)အရလည်း နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲ Head of Executive ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့သမ္မတရာထူးဟာ အမေရိကန်ပြည်ထောင်စုတို့၊ ဖိလစ်ပိုင်နိုင်ငံတို့လိုပဲ နိုင်ငံတော်အကြီးအကဲ Head of State ဖြစ်သလို အုပ်ချုပ်ရေးအကြီးအကဲ Head of Executive သို့မဟုတ် Head of Government လည်းဖြစ်ပါတယ်။ အများနားလည်လွယ်အောင်ပြောရရင် အခုပြောခဲ့တဲ့ နိုင်ငံတွေက နိုင်ငံတော်သမ္မတတွေဟာ ဗြိတိန်၊ ထိုင်း စတဲ့နိုင်ငံတွေက ဘုရင်၊ ဘုရင်မတွေနဲ့ ဝန်ကြီးချုပ်တွေ နှစ်မျိုးပေါင်းထားတာနဲ့ တူပါတယ်။ အဲဒါကိုပဲ အမှုဆောင်သမ္မတ Executive Presidency လို့ နာမည်ပေးထားတာဖြစ်ပါတယ်။

**အမှုဆောင်သမ္မတစနစ်နဲ့ ပါလီမန်အုပ်ချုပ်ရေးကွာခြားချက်**

သမ္မတအုပ်ချုပ်တဲ့ အမှုဆောင်သမ္မတစနစ်နဲ့ ဝန်ကြီးချုပ်အုပ်ချုပ်တဲ့ ပါလီမန်အုပ်ချုပ်ရေးစနစ် ကွာခြားချက်ကတော့ အာဏာသုံးရပ်ပိုင်းခြား သုံးစွဲမှုပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၁(က)မှာ "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်" လို့ဆိုပါတယ်။ ဒါဟာ အမှုဆောင်သမ္မတစနစ်ရဲ့ ထူးခြားတဲ့အနှစ်သာရပါ။ အများနားလည်လွယ်အောင် ပြောရမယ်ဆိုရင်တော့ အမှုဆောင် သမ္မတစနစ်မှာ လွှတ်တော်နဲ့ အစိုးရအကြား သီးခြားကင်းလွတ်စွာ ရပ်တည်ပြီး အပြန်အလှန် ထိန်းကျောင်းရတာဖြစ်ပါတယ်။

ဒါကြောင့်မို့ အမှုဆောင်သမ္မတစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေအားလုံးမှာ သမ္မတနဲ့ဝန်ကြီးတွေဟာ လွှတ်တော်အမတ်မဖြစ်ရပါဘူး။ ဖြစ်နေခဲ့ရင်လည်း နုတ်ထွက်ရပါတယ်။ ဥပမာအားဖြင့်ဆိုရင် ဆီးနိတ်လွှတ်တော်အမတ် အိုဘားမားဟာ သူ့ရဲ့အမတ်နေရာကို စွန့်လွှတ်ပြီးမှ အမေရိကန်သမ္မတအဖြစ် ရရှိတာဖြစ်ပါတယ်။ အဲလိုပဲ ဆီးနိတ်လွှတ်တော်အမတ် ဟီလာရီကလင်တန်နဲ့ ဂျွန်ကယ်ရီတို့ဟာလည်း သူတို့ရဲ့အမတ်အဖြစ်ကို စွန့်လွှတ်ပြီးမှ သမ္မတအိုဘားမားရဲ့ အစိုးရအဖွဲ့မှာ နိုင်ငံခြားရေးဝန်ကြီးတွေအဖြစ် တာဝန်ယူခဲ့ကြတာဖြစ်ပါတယ်။

ပါလီမန်အုပ်ချုပ်ရေးစနစ်မှာတော့ ဥပဒေပြုမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ ရောယှက်ပြီး အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ ဝန်ကြီးချုပ်ဟာ အာဏာရပါတီခေါင်းဆောင် လွှတ်တော်အမတ်ဖြစ်ပါတယ်။ ဝန်ကြီးတွေကတော့ လွှတ်တော်အမတ်ထဲကပဲဖြစ်ဖြစ်၊ တခြား ပုဂ္ဂိုလ်ထဲကပဲ ဖြစ်ဖြစ် တာဝန်ယူနိုင်ပါတယ်။ ဒီနေရာမှာ တခြားပုဂ္ဂိုလ်ထဲက ရွေးချယ်တာဝန်ပေးနိုင်တဲ့ အကြောင်း တင်ပြချင်ပါတယ်။ နိုင်ငံတော်အတွင်းမှာ ရှိနေတဲ့ ထူးခြားတဲ့ စွမ်းဆောင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ် တာဝန်ပေးအပ်နိုင်အောင်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်ဥပဒေကြမ်းမှာ နိုင်ငံတော် သမ္မတဟာ လွှတ်တော်အမတ်ဖြစ်ရမယ်ဆိုတဲ့ ပြင်ဆင်သတ်မှတ်ချက်ကိုတွေ့ရတော့ ဒါဟာ အာဏာသုံးရပ်ကို ပိုင်းခြားသုံးစွဲတဲ့ အမှုဆောင်သမ္မတစနစ်ရဲ့ အနှစ်သာရ လုံးဝပျက်ပြားသွားတာဖြစ်ပြီးတော့ ပါလီမန်အုပ်ချုပ်ရေးစနစ်ဘက်ကို သိသိသာသာကြီး ဆွဲယူသွားတာလို့ပဲ သုံးသပ်မိပါတယ်။ အဲလို ပါလီမန်အုပ်ချုပ်ရေးဘက်သွားမယ်ဆိုရင်လည်း ရှင်းရှင်းလင်းလင်းဖြစ်အောင် အခြေခံမူကိုပါ ပြင်သင့်တာပေါ့။ အခုတော့ ဒီလိုကိုယ်လိုရာဆွဲပြီး ပြင်ချလိုက်တာဟာ ရှေ့နောက်မညီသလို အတော်ကလေး ခွတီးခွကျဖြစ်သွားတယ်လို့ မောင်မင်းခေါင် ထင်ပါတယ်။

**ဘယ်သမ္မတမှ အမတ်ဖြစ်ရိုးထုံးစံမရှိ**

တကယ်တော့ ပါလီမန်အုပ်ချုပ်ရေးစနစ်မှာတောင်မှ နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ စည်းမျဉ်းခံ ဘုရင်၊ ဘုရင်မတွေ၊ နိုင်ငံတော်သမ္မတတွေဟာ လွှတ်တော်ထဲမှာ အမတ်အဖြစ် တာဝန်ယူရိုးထုံးစံ မရှိပါဘူးခင်ဗျာ။

အဲလိုထုံးစံမရှိရတာကလည်း အဓိကအားဖြင့် အချက်ကြီးနှစ်ချက်ကြောင့်ဖြစ်တယ်လို့ မောင်မင်းခေါင်မှတ်သားရပါတယ်။

ပထမအချက်ကတော့ နိုင်ငံ့ခေါင်းဆောင် Head of State တွေဟာ နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်ဖြစ်လို့ နိုင်ငံသားအားလုံးနဲ့ဆိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအရ ဘယ်ပါတီအစုအဖွဲ့ဘက်ကိုမှ မလိုက်ရပါဘူး။ ဘက်မလိုက်ဘဲ ရပ်တည်ရပါတယ်။ ဒါကြောင့် ပါတီတစ်ခုခုရဲ့ ပါတီဝင်အဖြစ်နဲ့ ရွေးကောက်ခံပြီး အမတ်ဖြစ်ခဲ့ရင်တောင် နုတ်ထွက်ရတာ ဖြစ်ပါတယ်။

ဒါကြောင့် ပါလီမန်အုပ်ချုပ်ရေးစနစ်ကျင့်သုံးခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၄၇(၁)မှာ "နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ မည်သည့်လွှတ်တော်၏ အမတ်မျှမဖြစ်စေရ" လို့ပါရှိပြီး ပုဒ်မ၄၇(၂)မှာ "ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၏ အမတ်တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သော် ထိုအမတ်သည် သက်ဆိုင်ရာလွှတ်တော်၌ မိမိ၏အမတ်နေရာကို စွန့်လွှတ်ခဲ့ပြီဖြစ်သည်ဟု မှတ်ယူရမည်" လို့ ဆိုထားတာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအကြီးအကဲမျှသာဖြစ်တဲ့ ဝန်ကြီးချုပ်ကတော့ အမတ်အဖြစ်ကနေ နုတ်ထွက်ဖို့မလိုပါဘူး။

ဒုတိယအချက်ကတော့ ဥပဒေကြောင်းပိုဆန်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲဟာ သူကိုယ်တိုင် ဥပဒေပြုအဖွဲ့အစည်း Legislature တစ်ခုဖြစ်တာကြောင့် တခြားဥပဒေပြုအဖွဲ့အစည်းတွေဖြစ်တဲ့ ဘယ်လွှတ်တော်မှာမှ အမတ်အဖြစ်နဲ့ ပါလို့မရခြင်းပဲဖြစ်ပါတယ်။ ဘာဖြစ်လို့ သူကိုယ်တိုင်က ဥပဒေပြုအဖွဲ့အစည်းဖြစ်ရသလဲဆိုရင် နိုင်ငံအကြီးအကဲဟာ တခြားဥပဒေပြုအဖွဲ့အစည်းတွေ မရှိချိန် (ဥပမာ-လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန် သို့မဟုတ် အရေးပေါ်ကာလ လွှတ်တော်များ ဖျက်သိမ်းထားချိန်) တွေမှာ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်(Decree) ထုတ်ပြန်နိုင်တဲ့ ဥပဒေပြုအာဏာရှိနေလို့ပါပဲ။

ဒါကြောင့် ဗြိတိသျှတော်ဝင် အင်တာနက်သတင်းဝက်ဘ်ဆိုက်မှာ ဒီလိုဖော်ပြထားတာ တွေ့ရပါတယ်-

> "The Queen and her family never vote or stand for election to any position, political or otherwise.
>
> Although the law relating to elections does not specifically prohibit the Sovereign from voting in a general election or local election, it is considered unconstitutional for the Sovereign and his or her heir to do so.
>
> As Head of State, The Queen must remain politically neutral, since her Government will be formed from whichever party can command a majority in the House of Commons.
>
> The Queen herself is part of the legislature and technically she cannot therefore vote for members of another part of the legislature."

မြန်မာလိုပြန်ရရင်တော့ "ဘုရင်မကြီးနဲ့ သူ့ရဲ့မိသားစုဟာ နိုင်ငံရေးမှာပဲဖြစ်ဖြစ်၊ တခြားကိစ္စတွေမှာပဲဖြစ်ဖြစ် ဘယ်တော့မှ မဲလည်းပေးလေ့မရှိ၊ ရွေးကောက်လည်း ခံလေ့မရှိပါဘူး"တဲ့။ "ဥပဒေအရကတော့ ဘုရင်မကြီးကို ရွေးကောက်ပွဲတွေမှာ မဲမပေးရဘူးလို့ ကန့်သတ်ထားတာမရှိပေမယ့် ဘုရင်မကြီးနဲ့ တော်ဝင်မိသားစုအနေနဲ့ အဲလိုမဲပေးရင် အခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ ယူဆရပါတယ်" တဲ့။ "သူမရဲ့အစိုးရအဖွဲ့ဟာ ဘယ်ပါတီပဲဖြစ်ဖြစ် သူ့လွှတ်တော်မှာ အများစုအနိုင်ရတဲ့ပါတီနဲ့ ဖွဲ့စည်းရတာဖြစ်လို့ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲ ဘုရင်မကြီးအနေနဲ့ နိုင်ငံရေးအရ ဘက်လိုက်လို့မရဘဲ ကြားနေရပါလိမ့်မယ်"တဲ့။ "ဘုရင်မကြီးကိုယ်တိုင်က ဥပဒေပြု အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တဲ့အတွက် အခြားသော ဥပဒေပြုအဖွဲ့အစည်းတစ်ခုခုရဲ့ အဖွဲ့ဝင်တွေအတွက် မဲပေးလို့လည်း မရပါဘူး" တဲ့။

ဒီစာသားတွေအရဆိုရင် ဗြိတိသျှ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲဟာ ရွေးကောက်ခံခြင်းမရှိတဲ့အပြင် မဲတောင်မှ ပေးလို့မရဘူးဆိုတာ ပေါ်လွင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၆၅ မှာလည်း "ပြည်ထောင်စုနိုင်ငံ၏ဥပဒေပြုမှုအာဏာသည် ပါလီမန်တွင် တည်ရှိရမည်။ ပါလီမန်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ ပါဝင်ရမည်။ ဤအခြေခံဥပဒေတွင် ပါလီမန်ကို **ပါလီမန်** သို့တည်းမဟုတ် **ပြည်ထောင်စုပါလီမန်** ဟု ခေါ်ရမည်"လို့ ပြဋ္ဌာန်းခဲ့တာဟာ ဒီသဘောတရားကြောင့်ပါပဲ။

ဥပဒေသီအိုရီသဘောတရားတွေနဲ့ မဟုတ်ဘဲ ရိုးရိုးကလေး လူသာမန်အတွေးနဲ့ တွေးကြည့်ရင်တောင်မှပဲ နိုင်ငံတစ်ခုလုံးကို ကိုင်တွယ်စီမံအုပ်ချုပ်ရတဲ့ နိုင်ငံတော်သမ္မတ တစ်ယောက်ဟာ ဒီလောက်အလုပ်များတဲ့ကြားထဲက တစ်နှစ်မှာ ရှစ်လလောက်ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးထဲကို ခေါင်းပေါင်းကြီးစွပ်ပြီး ငုတ်တုတ်သွားထိုင်နေရမယ်ဆိုရင် ဘယ်လိုများ သမ္မတအလုပ်ကို သွားလုပ်ရပါ့မလဲဆိုတာ စဉ်းစားစရာကြီးပါ။

နောက်တစ်ခါစဉ်းစားဖို့ကောင်းတဲ့ ဥပဒေကြောင်းဆိုင်ရာ ကိစ္စတစ်ခုလည်းရှိပါသေးတယ်။ အဲဒါကတော့ နိုင်ငံတော်သမ္မတဟာ လွှတ်တော်အမတ် ဖြစ်ကိုဖြစ်ရမယ်ဆိုရင်-ဥပဒေသဘောအရ တကယ်လို့ နိုင်ငံတော်သမ္မတဟာ လွှတ်တော်အမတ်တာဝန်က ရုပ်သိမ်းခံလိုက်ရတဲ့ အခါမျိုးကျရင် သမ္မတအဖြစ် ဆက်ပြီး တည်ရှိခွင့်ရှိ-မရှိဆိုတာပါပဲ။ ဘာလို့လဲဆိုတော့ အခြေခံ ဥပဒေပုဒ်မ ၃၈(ခ)အရ မဲဆန္ဒရှင်တွေမကျေနပ်ရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ရုပ်သိမ်းနိုင်တယ်လို့ ပြဋ္ဌာန်းထားလို့ပဲဖြစ်ပါတယ်။ အဲဒီလိုသာဆိုရင် သမ္မတတစ်ဦးကို ဖြုတ်ချချင်ရင် လွှတ်တော်အမတ်တာဝန်က ရုပ်သိမ်းဖို့လုပ်လိုက်ရုံပဲမို့ ပြည်သူ့ကိုယ်စားလှယ်တာဝန်က ရုပ်သိမ်းခွင့်နဲ့တင် ပြည့်စုံတဲ့ဆောင်ရွက်ခွင့် ရနေမှာဖြစ်ပါတယ်။ ဒီတော့ သမ္မတကို မကျေနပ်တဲ့ သို့မဟုတ် သဘောထားမတိုက်ဆိုင်တဲ့ အတိုက်အခံအဖွဲ့တစ်ခုက တစ်ဖက်လှည့်နဲ့ အလွယ်တကူဆောင်ရွက်ခွင့်ပေးထားတဲ့ သဘောဖြစ်နေမှာပါ။

အခုလိုပြောနေရတာက နောင်တက်လာမယ့် နိုင်ငံတော်သမ္မတဟာ ဘယ်သူဖြစ်မယ်၊ ဘယ်ဝါဖြစ်မယ်ဆိုပြီး ပုဂ္ဂိုလ်ရေးခံစားချက်နဲ့ ပြောနေတာ မဟုတ်ပါဘူး။ သမ္မတကြီးဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံမှာ ဒီလိုမျိုး အမြင်မတော်၊ မဆီလျော်တဲ့ ကိစ္စမျိုးတွေနဲ့ လူကဲ့ရဲ့ဝေဖန်ခံရမယ့် အခြေအနေမျိုး တကယ်ဖြစ်မလာရအောင် လွှတ်တော်ထဲက ပညာရှိကြီးများ ပြန်လည်စဉ်းစားနိုင်ဖို့ တင်ပြလိုက်ရခြင်းပဲဖြစ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းများ မှတ်တမ်းတင်



**နေပြည်တော် ဇွန် ၁၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၉ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာစိစစ်ချက် အစီရင်ခံစာများကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (၁၉၆၆)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် လူထုအခြေပြုဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နေချိန်ဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဆိုပါက အခက်အခဲရှိမည်မဟုတ်ကြောင်းဖြင့် ရှင်းလင်းတင်ပြရာ လွှတ်တော်က ပြန်လည်သုံးသပ်ဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၄ခုနှစ်) နှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။

**စာမျက်နှာ ၈ သို့**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရာသီအလိုက် ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်များ စနစ်တကျရေးဆွဲ

**နေပြည်တော် ဇွန် ၁၆**

ပြည်သူ့လွှတ်တော် (၁၂ )ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၅ ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့၊ စံပြရပ်ကွက်၊ စေတီတောင်ရပ်ကွက်၊ ရခိုင်ပိုက်ဆိပ်(ဆားပြင်ကွင်း) ရပ်ကွက်တို့တွင် မိုးရေစီးဆင်းမည့်လမ်းကြောင်းမရှိ၍ သွေးလွန်တုပ်ကွေးရောဂါနှင့် တွေ့ကြုံနေရသည်ကို သိရှိပါသလား၊ အိမ်ပိုင်ယာပိုင်မရှိသေးသည့် လက်လုပ်လက်စားများအတွက် ရပ်ကွက်သစ်များတိုးချဲ့ကာ မြေကွက်များချထားပေးရန်နှင့် တရားမဝင်သည့် နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းနှင့် အခြားမြေလွတ်များအသုံးပြုနေခြင်းများကို မည်သည့်အချိန်တွင် မည်သို့ အရေးယူသွားမည်ကို သိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ပိတ်ဆို့နေသည့် ရေမြောင်းများကို အမြန်ဆုံးတူးဖော်ရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ ခြင်မှတစ်ဆင့် ကူးစက်နိုင်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက်ရောဂါများ ရာသီအလိုက် ဖြစ်ပွားနိုင်သဖြင့် ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ရာသီအလိုက် ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စီမံချက်များ စနစ်တကျ ရေးဆွဲခြင်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာပေးရှင်းလင်းခြင်း၊ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းရေးနှင့် သိုလှောင်ရေအတွင်း Abate ဆေးခတ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ သံသယရှိ လူနာများကို စစ်ဆေးခြင်း၊ ကုသမှုပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၅၊ ၆၆၊ ၆၇ တို့ပါ ပုဒ်မခွဲများအရ ကျောက်ဖြူမြို့ပေါ်ရှိ တရားမဝင်သည့် နည်းလမ်းများဖြင့် လူသွားလမ်းများ၊ မိလ္လာလမ်းများ အသုံးပြုနေခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ပြီး ဥပဒေနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားမြေလွတ်များအသုံးပြုနေခြင်းများကိုလည်း ဥပဒေအကြံပြုချက်ရယူကာ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်စုံတစ်ရာထိခိုက်၍ လူမှုရေးအရ ကူညီပေးရမည့်သူများရှိလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့် ညှိနှိုင်းဆွေးနွေးပြီး လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း။



ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# ခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လုံခြုံစိတ်ချရသည့် ပို့ဆောင်ရေးကဏ္ဍဖြစ်အောင် ဆောင်ရွက်ပေးရမည်

**နေပြည်တော် ဇွန် ၁၆**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၏ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်အစား ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေသည့် တခြားအမည်ဖြင့် တရားဝင်ဆိုင်းဘုတ်တင်ခွင့် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသည့် ပါတီအမည်ကိုသာ သုံးစွဲရန်နှင့် မှတ်ပုံတင်ထားခြင်းမရှိသော ပါတီအဖွဲ့အစည်း အမည်အမျိုးမျိုးတပ်ကာ ရပ်ကွက်/ကျေးရွာများတွင် ဆိုင်းဘုတ်တင်ခြင်းကို ခွင့်မပြုကြောင်း သက်ဆိုင်ရာပါတီသို့ သတိပေးပြောကြားရန် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ အကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ အမည်ကိုသာသုံးစွဲ၍ ဆိုင်းဘုတ်တင်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသော ပါတီအမည်ဖြင့် ဆိုင်းဘုတ်တင်ခွင့်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝှေ့ယိန်း၏ **ကုလားတန်ဘက်စုံသုံး ပို့ဆောင်ရေးကြားစခန်း စီမံကိန်းများနှင့်ပတ်သက်ပြီး သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတွင် ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်ရမည့်အပိုင်းမှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ချင်းပြည်နယ် ပလက်ဝမြို့အထိ အလျား ၉၈ မိုင်ခန့်ဖြစ်ပါကြောင်း၊ စစ်တွေမြို့နှင့် ကျောက်တော်မြို့အကြားတွင် ရေလမ်းကြောင်း ခက်ခဲကျပ်တည်းမှု မရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ကျောက်တော်မြို့နှင့် ပလက်ဝမြို့အကြား အလျား ၄၈ မိုင်အတွင်း သောင်တူးဖော်ရှင်းလင်းရန် လိုအပ်သောနေရာများမှာ ပလက်ဝရေကြောင်း၊ ကံဝရေကြောင်း၊ လောင်းဂဒူးရေကြောင်းနှင့် စကားတောင်ရေကြောင်းတို့ ဖြစ်ပါကြောင်း။

ပလက်ဝရေကြောင်းနှင့် ကံဝရေကြောင်း သောင်တူးခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ စကားတောင်ရေကြောင်း သောင်တူးခြင်းလုပ်ငန်းသည်လည်း ၉၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ဇွန်လအလယ်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လောင်းဂဒူးရေလမ်းသောင်တူးခြင်းလုပ်ငန်း (၂၄၀၄၃) ကုဗမီတာအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဝေးပြေး ကားလမ်းမနှင့် ပတ်သက်၍ ကလက်ဝ (စက်ပြစ်ပြင်)မှ မြိတ်ဝ (ဇိုရင်ဗွီ) မြန်မာ-အိန္ဒိယ နယ်စပ်အထိ ၄၈ ဒသမ ၅ ကီလိုမီတာအား အသေးစိတ်ခန့်မှန်းခြေစာရင်းတွက်ချက်ပြီး ခန့်မှန်းခြေ စီမံကိန်းတန်ဖိုးကို ညှိနှိုင်းလျက်ရှိပါကြောင်း၊ ပလက်ဝမှ ကလက်ဝ (စက်ပြစ်ပြင်)အထိ ၆၀ ဒသမ ၇ ကီလိုမီတာကို လမ်းအူကြောင်းရွေးချယ်ခြင်း၊ တိုင်းတာခြင်းများပြုလုပ်၍ တင်ပြထားပါကြောင်း၊ ပလက်ဝ-ကလက်ဝအပိုင်းကို မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်၍ ပလက်-မြိတ်ဝ (ဇိုရင်ဗွီ)အပိုင်းကို အိန္ဒိယဘက်မှ ဆောင်ရွက်ရန် ညှိနှိုင်းလာပါကြောင်း၊ နှစ်နိုင်ငံသဘောတူ အတည်ပြုပါက

**စာမျက်နှာ ၈ သို့**



ဒုတိယဝန်ကြီး ဦးဟံစိန်။



ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝှေ့ယိန်း။

# ပြည်တွင်းရေးရာ

**ပြည်ထောင်စုမှ**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် လူ့အခွင့်အရေးအကြောင်းကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် လိုအပ်ပါကြောင်း၊ ထို့အတူ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လုပ်ငန်းများကိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို အပြည့်အဝ အသုံးချသင့်ပါကြောင်း၊ ကော်မရှင်၏ သက်တမ်း ၉ လအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်မှုကို အလေးထားပါကြောင်း၊ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် အားကိုးရသည့်ကော်မရှင် တစ်ခုဖြစ်စေလိုပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအပေါ် လွှတ်တော်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာ(၂၀၁၄ ခုနှစ်) ကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဘွိုင်လာဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

**အမျိုးသားမှ**

အဆိုပြုလမ်းကြောင်းအား ရွေးချယ်သတ်မှတ်သွားမည်ဖြစ်ပြီး လမ်းကြောင်းပေါ်ရှိ ပလက်ဝဆိပ်ကမ်း (သင်္ဘောဆိပ်)နှင့် လက်မဲချောင်းထဲရှိ အိုရင်ဝရွာအကြား လမ်းကြောင်းအား အဆိုပြုရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုလားတန်မြစ်အတွင်း သောင်တူဖော်ခြင်း လုပ်ငန်းများအတွက် လက်ရှိလုပ်ငန်းပမာဏနည်းပါးသဖြင့် သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက် လုပ်ဆောင်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကားလမ်းဖောက်လုပ်ရေးနှင့် ပတ်သက်၍ လမ်းအူကြောင်းအား အတည်ပြုချက်ရရှိပြီးပါက လုပ်ငန်းများ မစတင်မီ သဘာဝပတ်ဝန်းကျင်ကြိုတင်လေ့လာဆန်းစစ်ချက်ကို လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က **နိုင်ငံတော်အစိုးရအနေဖြင့် ပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆ ထိခိုက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားအဆင့်ကော်မရှင် တစ်ရပ် သို့မဟုတ် ဘုတ်အဖွဲ့ NTSB (NATIONAL TRANSPORTATION SAFETY BOARD) ကဲ့သို့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင်က အဆိုတင်သွင်းရာ၌ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်း ပို့ဆောင်ရေးကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ခရီးသွားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ခရီးသည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လုံခြုံစိတ်ချရသည့် ပို့ဆောင်ရေးကဏ္ဍဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယာဉ်မတော်တဆ တိုက်ခိုက်မှုဖြစ်လျှင် လွတ်လပ်သည့် အဖွဲ့အစည်းများကသာ သွားရောက်စစ်ဆေးပြီး ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

# တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်းမှ ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၁၆**

တရုတ်-မြန်မာ နှစ်နိုင်ငံသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်း (All - China Journalists Association – ACJA)၊ Farmer's Daily မှ President Mr. Tang Yuanjie ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့်အဖွဲ့အား နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်တို့သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

သတင်းစာဆရာ အဖွဲ့သည် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ တရုတ်နိုင်ငံမှ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်းမှ ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၇**

၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုက်စလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မစ္စတာ ဂွန်နာ ဘရာဂေး ဆဗင်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရွှေဘို ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် နမောကျေးရွာအုပ်စု ပိတ္တောကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၃ ရက်က မိုးပွင့်(အထူး)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်ပွဲပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်(အထူး) လုပ်ငန်းဆောင်ရွက်ရခြင်းအကြောင်းအရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏တန်ဖိုးရှိပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်သူ ၂၁၇ ဦးအား ကတ်ပြားများ လက်ဝယ်အရောက် ပေးအပ်သည်။ **(မောင်မောင်)**

# ပုဇွန်တောင်ချောင်း ရေလမ်းခေတ္တပိတ်မည်

**ရန်ကုန် ဇွန် ၁၆**

ပုဇွန်တောင်ချောင်းအားဖြတ်၍ သာကေတမြို့နယ် (ဒေါပုံ)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)တို့ကို ဆက်သွယ်မည့် ငမိုးရိပ်တံတား (သုဝဏ္ဏ) တံတားတည်ဆောက်ရေး လုပ်ငန်းခွင်တွင် ရေလယ်တိုင်လုပ်ငန်းများပြီးစီး၍ Twin Box Steel Girder များ တပ်ဆင်ပြီးဖြစ်သဖြင့် ရေလယ်ဗဟိုမှစ၍ အလေးချိန် ၂၂ တန်ရှိသော Precast Slab ပြားများ တပ်ဆင်ရန် အထောက်အကူပြုစက်ယာဉ်/ ယန္တရားများဖြစ်သော ဆိပ်ခံဖောတွဲရေယာဉ်ကြီးများဖြင့် ပြင်ဆင်ထားပြီး တန် ၉၀ ကရိန်းဖြင့် "မ" တင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရေလမ်းကြောင်း အလယ်ဗဟိုမှစ၍ Precast Slab ပြားများ "မ"တင်သည့် လုပ်ငန်းစတင်မည့် ဇွန် ၁၇ ရက်မှ ၁၉ ရက်ထိ အဆိုပါငမိုးရိပ်တံတား (သုဝဏ္ဏ) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ဧရိယာအတွင်း ရေယာဉ်များ၊ စက်တပ်သမ္ဗန်များ မောင်းနှင်ခွင့်မပြုဘဲ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# မြန်မာ့အသံ ရေဒီယိုနှင့် ပုဂ္ဂလိက FM ရေဒီယိုများ၏ ထုတ်လွှင့်မှုများတွင် အများပြည်သူနားဆင်ရန် မသင့်သည့်အသုံးအနှုန်းများ ထုတ်လွှင့်ပါက တိုင်ကြားနိုင်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် FM ရေဒီယိုစနစ်ဖြင့် အစီအစဉ်များ ထုတ်လွှင့်ခြင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ချယ်ရီ FM မှ အပတ်စဉ် အင်္ဂါနေ့ နံနက် ၉ နာရီမှ ၉ နာရီခွဲ၊ သောကြာနေ့ ညနေ ၆ နာရီမှ ၆ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်နေသည့် Happy Time အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ အမျိုးသားက ဖုန်းဆက်စကားပြောသည့် အမျိုးသမီးများအား အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်သည့် စကားများဖြင့် ပြောဆိုမှုသည် အများပြည်သူ နားထောင်ရန်မသင့်တော်ကြောင်း၊ ဖုန်းဆက်သူများထဲတွင် အသက်မပြည့်သေးသည့် ကလေးငယ်များပါနိုင်ပြီး ထိုကလေးငယ်များအပေါ် အခွင့်အရေးယူသလိုဖြစ်နိုင်ပါကြောင်း တိုင်ကြားလာသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စိစစ်မှုများ ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့အသံ၊ ချယ်ရီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဉ္စဝတီ FM နှင့်မန္တလေး FM များ၏ အစီအစဉ်များတွင် အများပြည်သူနားဆင်ရန် မသင့်သော ပြောကြားချက်များ၊ လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားဆက်ဆံရာရောက်သော၊ အမျိုးသမီး၊ ကလေးငယ်များနှင့်မသန်စွမ်းသူများအပေါ် နှိမ့်ချရာရောက်သော၊ အခွင့်အရေးယူရာရောက်သော အသုံးအနှုန်းများပါဝင်ကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ ဒုတိယအမြဲတမ်းအတွင်းဝန် | - | ၀၆၇-၄၁၂၃၂၃(ဖုန်း) |
| ပြည်ထောင်စုဝန်ကြီးရုံး | | ၀၆၇-၄၁၂၀၁၇(ဖက်စ်) |
| ၂။ ညွှန်ကြားရေးမှူးချုပ် | - | ၀၆၇-၇၉၄၅၆(ဖုန်း) |
| မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | | ၀၆၇-၇၉၄၇၃(ဖက်စ်) |
| ၃။ ညွှန်ကြားရေးမှူး(အသံလွှင့်) | - | ၀၆၇-၇၉၂၁၂(ဖုန်း) |
| မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | | ၀၆၇-၇၉၂၀၅(ဖက်စ်) |
| | | Email-zeyar.mrtv3@gmail.com |

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရလုပ်ငန်းအား သွားရောက်စစ်ဆေး

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ Myanmar Sliver Spring Enterprise Ltd ၏ တည်ဆောက်ရေးလုပ်ငန်းများအား ဇွန်လ ဒုတိယပတ်အတွင်းက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

**မော်စကို ဇွန် ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယမန်နေ့ညပိုင်းတွင် ထွက်ခွာခဲ့ရာ ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲတွင် ရုရှားနိုင်ငံ မော်စကိုမြို့ ဒိုမိုဒီဒိုဗို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယုနှင့် သံရုံးမှ တာဝန်ရှိသူများ ၊ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုနေထိုင်မည့် မော်စကိုမြို့ ပရဲစီးဒင့်တ်ဟိုတယ်သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ Nuclear Research Institute သို့ ရောက်ရှိကြရာ Head of Crissis Center Rosenergoatom ဖြစ်သူ Mr. Vladimir Hlebtsevich က အစည်းအဝေးခန်းမ၌ စင်တာ အနေဖြင့် ၁၅ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆိုင်ရာများနှင့် ဝိုင်းဝန်းပံ့ပိုး အကြံဉာဏ်ပေး ကူညီလျက်ရှိသည့် အဖွဲ့အစည်းဆိုင်ရာများ၊ နျူကလီးယားပါဝါဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေဆိုင်ရာများ၊ ရုရှားနိုင်ငံ၏ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ ပူးပေါင်းကာ အရေးပေါ်အခြေအနေ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်ဆိုင်ရာများ၊ နျူကလီးယား ထိန်းချုပ်မှုဆိုင်ရာများနှင့် စနစ်တကျစီမံခန့်ခွဲ ကွပ်ကဲဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်ပညာရှင်များက စနစ်တကျလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားလုပ်ငန်းဆိုင်ရာများ လုပ်ကိုင်ဆောင်ရွက်နေကြသည့် နိုင်ငံများစွာနှင့် ပူးပေါင်းကာ စနစ်တကျစီမံကွပ်ကဲဆောင်ရွက်နေမှု အခြေအနေများအပေါ် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရေးပေါ်အခြေအနေမျိုးနှင့် ကြုံဆုံလာရသည့် အခြေအနေမျိုးတွင် နျူကလီးယားပါဝါထိန်းချုပ်မှုများနှင့် စပ်လျဉ်း၍ စနစ်တကျ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ် အခြေအနေများ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သိရှိလိုသည့် အချက်အလက်များကို မေးမြန်းကြရာ Mr. Vladimir Hlebtsevich က အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Nuclear Research Institute အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယသမ္မတက Mr. Vladimir Hlebtsevich အား အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ဓာတ်ပုံများနှင့်အတူ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ အထူးကိုယ်စားလှယ် မစ္စတာ တန်ဆရီဟာမစ်အယ်ဘာအား ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လှေစီးသွားလာသူများဆိုင်ရာ မြန်မာနိုင်ငံ၏ ရပ်တည်ချက်သဘောထားနှင့် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ဓာတ်ပုံများနှင့်အတူ ဆွေးနွေးပြောကြားခဲ့သည်။ ယင်းသို့ဆွေးနွေးပြောကြားချက်များကြောင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို ပိုမိုနားလည်သိရှိပြီး အခြေအနေမှန်များကို ပြန်လည်အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ခွဲခြားမှုမရှိဘဲ နိုင်ငံတော်အစိုးရထံမှတစ်ဆင့် ပေးအပ်သွားရန် ဆန္ဒရှိကြောင်း ဧည့်သည်တော်က ပြန်လည်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်း အခြေခံလမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းတွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ဟိန်းလတ်၊ ဒေါက်ထွေး(ဆေး/မန်း)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက်(သုံးဆယ်)၊ တင်အောင်ရွှေ(သုတေသီ)နှင့် အခြားနာမည်ရစာရေးဆရာကြီးများက သင်ကြားပို့ချကြမည်။ သင်တန်းကာလကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အပတ်စဉ် (တနင်္လာနေ့မှ စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်။ အသက် (၁၆)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာရမည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ်(၁၇၃/၁၇၅) (၇) လွှာ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်း၍ ဇူလိုင် ၁ ရက်မှ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်ကျတင်သွင်းသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့စီးပွားရေးဘဏ် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်

**ရန်ကုန် ဇွန် ၁၆**

မြန်မာ့စီးပွားရေးဘဏ် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီတွင် အထက်ပါ အဆောက်အအုံသစ်၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန် )ဦးယဉ်ဇော်မျိုးတို့က ဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က မြန်မာ့စီးပွားရေးဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

မြန်မာ့စီးပွားရေးဘဏ် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်သည် အလျား ပေ ၉၀၊ အနံ ပေ ၆၀ရှိ အာစီအမျိုးအစား ဖြစ်သည်။

ကြည့်မြင်တိုင်ဘဏ်ခွဲတွင် နိုင်ငံတော်ရန်ပုံငွေစာရင်းများ၊ စာရင်းရှင်စာရင်းများနှင့် အတိုးပေးရသည့် အပ်ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် ပင်စင်လစာများထုတ်ပေးခြင်း၊ ငွေလွှဲပို့ဝန်ဆောင်မှုပေးခြင်း၊ ၂၄ နာရီ ATM စက်ဖြင့် ငွေထုတ်ယူနိုင်ခြင်း စသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံအဝန်းဘဏ်ခွဲပေါင်း ၃၄၁ ခုဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ■ နှစ်ပေါင်း ၁၅၀ ကျော်ကြာမှ

ဆင်ခြေလျှောလမ်းပြုလုပ်ထားပြီး အပေါ်ထပ်တွင် အဝင်ပေါက်ပြုလုပ်ပေးထားသည်။ ခံတပ်ရဲ့အပေါ်ထပ်ကို အမြောက်များတင်မည်ဖြစ်၍ ခံနိုင်ရည်ရှိရန် နံရံထူကြီးနှစ်ခုကြား၌ မြေများထည့်၍ ပြုလုပ်ထားရာ မြေသားထုမှာ ၉ ပေ ၁၀ လက်မရှိသည်ဟု သိရသည်။ မင်းလှခံတပ်ကြီးဆောက်လုပ်ရန်တွက် အုတ်ဖုတ်ရာတွင် မင်းလှမြို့တောင်ဘက် အင်းများဆိုသောနေရာနှင့်မင်းလှမြို့ အနောက်ဘက် လက်လန်ဆိုသော ရွာလေးအနီး နေရာများတွင် အုတ်ဖုတ်ခဲ့ကြသည်ဟု ဒေသခံပြည်သူများ၏ တစ်ဆင့်စကား တစ်ဆင့်မှ သိရသည်။ အုတ်ဖုတ်ခဲ့သည့် နေရာသည် အင်းကြီးသဖွယ်ရှိနေသည်ဟု ဆိုသည်။ အဲဒီခေတ်က အင်္ဂတေပြုလုပ်ရာမှာလည်း ထုံး၊ သဲ၊ ရေ ထန်းလျက်၊ အုံတုံ၊ ကျွဲကော်များ ရောစပ်၍ မောင်းစင်တွင် ထည့်ထောင်းရာ စေးချွဲမှုယူပြီး နံရံတွင် ပစ်ကြည့်ကြောင်း၊ ပစ်၍ကွာမကျဘဲကပ်နေမှ အင်္ဂတေအဖြစ် အသုံးပြုကြောင်းကို စာစောင်များမှ ဖတ်ရသည်။

၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတပ်များ ဝင်ရောက်တိုက်ခိုက်စဉ် မင်းလှခံတပ်မှ မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် တပ်သား ၅၀၀ ကျော်တို့က အမြောက်ကြီး ၃၅ လက်၊ ဓား၊ သေနတ်၊ မီးပေါက်စသည်တို့ဖြင့် ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်ခဲ့ကြသည်။ မင်းလှခံတပ်ကြီးကို ၁၉၀၄ ခုနှစ်တွင် အင်္ဂလိပ်တို့က ဈေးအဖြစ်သတ်မှတ်၍ ခံတပ်အပြင် ဈေးရုံတစ်ခု ဆောက်လုပ်ခဲ့သည်။ ခံတပ်ကြီး၏ မြောက်ဘက်အနီးတွင် မြန်မာဘုရင်ခေတ် ကြေးနန်းရုံးငယ်တစ်ခု ယနေ့တိုင် ကျန်ရှိ၍ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ မင်းလှခံတပ်ကို သမိုင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်၍ ၁၉၅၇ ခုနှစ်မှ ယခုအချိန်ထိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မင်းလှခံတပ်တည်ဆောက်သည့် ၁၂၂၂ ခုနှစ်တွင် မင်းလှခံတပ် တစ်ဖက်ကမ်းတွင်ရှိသော ဂွေးချောင်းခံတပ်ကိုလည်း တစ်ပြိုင်တည်းတည်ဆောက်ခဲ့ရာ ခံတပ်နှစ်ခုစလုံး၏ ကုန်ကျငွေမှာ ဒေါင်းဒင်္ဂါးကျပ်ပြား ရေငွေတော်ခုနစ်သိန်းကျော်ကုန်ကျသည်ဟုသိရသည်။ **ဇာဇာ(မကွေး)**

## ● ကျောဖုံးမှ

အသက်(၂၉)နှစ်အရွယ်ရှိစပိန်တင်းနစ် ကစားသမားရာဖေးလ်နာဒယ်သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် စတုဂတ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရွှံ့စေးမြေကွင်းပြိုင်ပွဲများတွင်လည်း မာဆီဒက်ဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး လက်ရှိဗုဒ်၏ တင်းနစ်ကစားသမားဘဝတစ်လျှောက်တွင် မြက်ခင်းပြင်ကွင်းဖလားလေးကြိမ်အပါအဝင် တင်းနစ်ဖလား ၆၆ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**

# နွားထိုးကြီးပန်းခြံ၌ အားကစားလှုပ်ရှားပစ္စည်းများတပ်ဆင် မြို့ခံလူထုအားကစားလေ့ကျင့်ရေးအဆင်ပြေ

**နွားထိုးကြီး ဇွန် ၁၆**

နွားထိုးကြီး စည်ပင်သာယာရေး ကော်မတီက စည်ပင်သာယာရေးအဖွဲ့၏နန္ဒာဝန်ပန်းခြံတွင် မြို့လူထု ကျန်းမာရေးလှုပ်ရှားမှုပြုလုပ်ရန် ကိုယ်လက်လှုပ်ရှားအားကစားပစ္စည်း ခုနစ်မျိုးကို တပ်ဆင်နေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က ပြောသည်။



နန္ဒာဝန်ပန်းခြံ၌ အပန်းဖြေလမ်းလျှောက်ရင်း လေ့ကျင့်ခန်းသုံး အားကစားဖြင့် ကိုယ်လက်လှုပ်ရှားရန် နွားထိုးကြီးမြို့တွင် ပထမဦးဆုံး မြို့နယ်စည်ပင်သာယာရေးကော်မတီက စီစဉ်ပေးခြင်းဖြစ်သည်။ နန္ဒာဝန်ပန်းခြံကို ခေတ်မီမြို့လူထုအပန်းဖြေအနားယူနိုင်သော ပန်းခြံအဖြစ် မကြာမီပြုပြင်ပြောင်းလဲ၍ပန်းအလှပင်၊ အရိပ်ရပင်၊ ရေပန်းရေတံခွန်၊ အနားယူအပန်းဖြေ အဆောက်အအုံငယ်များ၊ ကလေးကစားကွင်းနှင့်အလှဆင်သွားမည်ဟု စည်ပင်သာယာရေးဥက္ကဋ္ဌက ပြောသည်။

အဆိုပါပန်းခြံကို ၁၉၉၀ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၅ နှစ်တာကာလအတွင်း ယခုကဲ့သို့ ခေတ်မီအားကစားပစ္စည်းများ တပ်ဆင်မွမ်းမံခြင်းမှာ ပထမအကြိမ်ပြင်ဆင်မွမ်းမံခြင်းဖြစ်ကြောင်းသိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး Action Aid အဖွဲ့မှ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇွန် ၁၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရှားပင်ကိုင်းကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ Action Aid အဖွဲ့မှ Country Director က Action Aid အဖွဲ့သည် ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးအတွက် အကူအညီပေးဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှစတင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် လူမှုအဖွဲ့အစည်း ၉၀၀ နီးပါးအား ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ မကွေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့်ဝန်ဆောင်မှုများ၊ လူမှုရေးအထောက်အပံ့များနှင့် ဝင်ငွေတိုးစေမည့် အခွင့်အလမ်းအသစ်များအတွက် ကူညီပံ့ပိုးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မကွေးတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် ရေရှည်ခိုင်မြဲရေးအတွက် Action Aid အဖွဲ့မှ ကူညီပေးသောနည်းပညာများကို အသုံးချဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချိုင်ကျေးရွာသို့ရောက်ရှိပြီး Action Aid အဖွဲ့မှ သင်တန်းဖွင့်လှစ်ပေးထားသော သင်တန်းသူ ၄၀ ၏ ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ကမ္မမြို့ရှိ Action Aid အဖွဲ့ရုံးသို့ရောက်ရှိပြီး ရုံးတွင်ဖွင့်လှစ်ထားသော အင်ကြင်းကျောက်ဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ကြိမ်၊ ဝါးတို့ဖြင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်း၊ ရက်ကန်းရက်လုပ်ခြင်း လုပ်ဆောင်နေကြသော သင်တန်းသူများအား ကြည့်ရှုအားပေးခဲ့သည်။

ညနေပိုင်းတွင် Action Aid အဖွဲ့မှ ညောင်ဦးမြို့တွင် ဖွင့်လှစ်ရောင်းချသော လက်မှုပစ္စည်းများ ရောင်းချရာဆိုင်ခန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ Mandalay Swan ဟိုတယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများ၊ ဧည့်လမ်းညွှန်များ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်-တာလောကြီးလမ်းပေါ်ရှိ ဒဘတ်ချောင်းတံတားနှင့် မလိချောင်းတံတားများဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် ရွှေညောင်ပင်ကျေးရွာနှင့် တာလောကြီးကျေးရွာတို့ကို ဆက်သွယ်ထားသည့် သံကူကွန်ကရစ်ဘေလီသံပေါင် စတီးကြမ်းခင်း တံတားအမျိုးအစားများဖြစ်သည့် ဒဘတ်ချောင်းတံတားနှင့် မလိချောင်းတံတားများ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ရက်က အဆိုပါတံတားများ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တံတားများကို နိုင်ငံတော်သြဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တံတားများ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဒေသခံများနှင့်အတူ တံတားများပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယခုဖွင့်လှစ်ခဲ့သော ဒဘတ်ချောင်းတံတားသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၃ ပေရှိ သံကူကွန်ကရစ်ဘေလီသံပေါင် စတီးကြမ်းခင်းတံတားအမျိုးအစားဖြစ်ပြီး ငွေကျပ် သန်း ၁၆၈၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မလိချောင်းတံတားမှာ အရှည် ပေ ၃၀၀၊ အကျယ် ၁၃ ပေရှိ သံကူကွန်ကရစ် ဘေလီသံပေါင်စတီးကြမ်းခင်းတံတားအမျိုးအစားဖြစ်ကာ ငွေကျပ် ၇၃၂ သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားများ တည်ဆောက်ပြီးစီးခဲ့မှုနှင့် ပတ်သက်၍ ယခင်ရေလမ်းကြောင်းကိုသာ အားထားဖြတ်သန်း၍ ကူးသန်းသွားလာခဲ့ရာမှ ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဒေသတွင်း ပညာရေး၊ လူမှုရေးနှင့် ထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသွားလာရာတွင် လျင်မြန်လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ဒေသခံများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

**(ပြည်နယ်ပြန်/ဆက်)**



# ဘုရင့်နောင်လမ်းမလယ်မှကပ်တိုးများအား နေရာရွှေ့၍ ယာဉ်ဖြတ်လမ်းများအဖြစ် အသုံးပြုနေ

**ရန်ကုန် ဇွန် ၁၆**

ဘုရင့်နောင်လမ်းမကြီး၏ လမ်းလယ်တွင် ခုံးကျော်တံတား ဒုတိယလွှာမှ ရိုးကြီးချောင်းမီးပွိုင့်အထိ ကပ်တိုးပေါင်း ၂၀၀ ကျော်စီတန်းချထားပေးသည်။ ဘုရင့်နောင်ပွဲရုံဝင်း ကုံကော်လမ်းမ ဝင်/ထွက်ပေါက်နှင့် ဘုရင့်နောင်လမ်းမဆုံရာနေရာတွင် ယာဉ်ဖြတ်လမ်းဖွင့်ပေးထားသည်။ သို့သော် ‘ဂ’ ကွေ့မပြုလုပ်ရန် အသိပေးလမ်းညွှန်များ စိုက်ထူထားပေးခဲ့သည်။ ‘ဂ’ကွေ့လိုသော မြို့ထဲမှလာသည့်ယာဉ်များ ရိုးကြီးချောင်းမီးပွိုင့်နေရာတွင်သာ ကွေ့ခွင့်ရှိသည်ဟု ယာဉ်လမ်းကြောင်းပေါ် ဖြတ်သန်းမောင်းနှင်နေသော အငှားယာဉ်မောင်း ဦးစိုးကြီးက ပြောသည်။

လမ်းလယ်ရှိ ကပ်တားတိုးအစွန်တိုးများ ယာဉ်တိုက်မှုကြောင့် ‘ဂ’ မကွေ့ရန် တားမြစ်စာသားများ ပျောက်ကွယ်ခဲ့သည်။ ထို့အတူ တံတားထိပ်မှ ယင်းနေရာအတွင်းရှိ လမ်းလယ်ကပ်တိုး ၁၀၀ ကျော်စီတန်းချထားရာတွင် နေရာရွှေ့ပြောင်းမှုကြောင့် ယာဉ်ဖြတ်လမ်းများ တွေ့လာရသည်။ မီးသတ်စခန်းရှေ့ လူကူးမျဉ်းကျားအနီးတွင် အရေးပေါ် မီးသတ်ယာဉ် ဝင်/ထွက်ရန် ဖြတ်လမ်းပြုလုပ်ထားသည်။ ပြင်ပယာဉ်များဖြတ်သန်းမရရန် သော့ခတ်ထားသောတန်းဖြင့် တားဆီးထားသည်။

သို့သော် ယင်းနေရာဘေးတွင် ယာဉ်ဖြတ်လမ်း နှစ်ခု၊ ကုံကော်လမ်းမထိပ် ယာဉ်တရားဝင်ဖြတ်လမ်းအနီးတွင် ဖြတ်လမ်းနှစ်ခု စုစုပေါင်း လေးနေရာတွင် ကပ်တိုးများဖယ်၍ ပြုလုပ်ထားသည်ကို မြင်တွေ့နေရသည်။

ဘုရင့်နောင်လမ်းမကြီးပေါ်တွင် မကြာခဏ ယာဉ်ကြောပိတ်ဆို့သဖြင့် ယင်းကပ်တိုးများ နေရာရွှေ့ပြောင်း၍ ယာဉ်ဖြတ်လမ်းများ ပြုလုပ်အသုံးပြုနေခြင်းမှာ လမ်းကြောင်းပေါ်မောင်းနှင်နေသော ယာဉ်များအတွက် အခက်အခဲဖြစ်စေသည်။ ယာဉ်အန္တရာယ်လည်း စိုးရိမ်ရသည်။ ယင်းဖြတ်လမ်းများကြောင့် မြို့ထဲသွားလမ်းကြောင်းပေါ်တွင် လမ်းပြောင်းပြန်မောင်းနှင်မှုများ ယုဇနလမ်း ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ဝင်/ထွက်ပေါက်နှင့် ဘုရင့်နောင်လမ်းမဆုံနေရာတွင် မကြာခဏ တွေ့ကြုံလာရသည်ဟု ကုန်တင်ယာဉ်မောင်း ဦးသူရက ပြောသည်။

သို့ဖြစ်ရာ ဘုရင့်နောင်လမ်းမပေါ်ရှိ ယာဉ်အန္တရာယ်မဖြစ်ပွားရန် လမ်းလယ်တွင် စီတန်းချထားသော ကပ်တိုးများ နေရာရွှေ့၍ ယာဉ်ဖြတ်လမ်းများ ပြုလုပ်အသုံးပြုနေခြင်းကို လာရောက်စစ်ဆေးပြုပြင်ပေးစေလိုသည်ဟု ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းသွားလာသူများက ပြောသည်။

**(မောင်စေအောင်)**

# မျက်စိဝေဒနာရှင်များအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပေါင်းတည် ဇွန် ၁၆**

ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဇွန် ၉ ရက်မှ ဇွန် ၁၁ ရက်အထိ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။




အဆိုပါ မျက်စိကျန်းမာရေးစောင့်ရှောက်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက လာရောက်ပြသသူများအား ကူညီဆောင်ရွက်ပေးသည်။

ဆေးကုသရေးအဖွဲ့အား တိုင်းဒေသကြီး မျက်စိအထူးကုဆရာဝန်ကြီး ဒေါ်ဌေးဌေးရီ ဦးဆောင်၍ မျက်စိဆရာဝန် ခုနစ်ဦး၊ သူနာပြု ၁၄ ဦးနှင့်အတူ ပေါင်းတည်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဦးညွန့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိဝေဒနာရှင် ၁၄၇၇ ဦးအား အခမဲ့စမ်းသပ်ကြည့်ရှုပေးပြီး **(ဝဲပုံ)**မျက်စိဝေဒနာရှင် ၁၂၅ ဦးအား ခွဲစိတ်ကုသပေးခြင်း၊ မျက်မှန်တပ်ဆင်ရန် လိုအပ်သူ ၅၀၈ ဦးအား မျက်မှန်များ တပ်ဆင်ပေးခြင်းနှင့် ကျန်မျက်စိဝေဒနာရှင်များအား ဆေးဝါးပစ္စည်းများ အခမဲ့ပေးအပ်ခဲ့သည်။

ယခု လာရောက်ပြသသူ မျက်စိဝေဒနာရှင်များမှာ ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝေဒနာရှင်များအပြင် အနီးနားမြို့များ ကလည်း လာရောက်ပြသကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**







# ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ခြင်းအားဖြင့် နှစ်နိုင်ငံ ဒေသခံပြည်သူများအတွက် အကျိုးရှိမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်

(အမေး/အရေး-သီသီမင်း၊ ဓာတ်ပုံ သန်းမင်းအောင်)

တရုတ်-မြန်မာ ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် နိုင်ငံတကာလေ့လာရေးဆွေးနွေးပွဲကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဟိုင်ကင်ခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့ရာ တရုတ်-မြန်မာ ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စီမံကိန်း အကောင်အထည်ဖော်ရန် တရုတ်နိုင်ငံဘက်မှ ဆောင်ရွက်နေမှုများကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲပါတီကော်မတီ အတွင်းရေးမှူး၊ ရွှေလီအထူးစီးပွားရေးတံခါးဖွင့်စမ်းသပ်ဇုန် ပါတီကော်မတီ အတွင်းရေးမှူး၊ စီမံအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ Mr.Wang Junqiang နှင့် လျှပ်တစ်ပြက်တွေ့ဆုံခိုက် မေးမြန်းခဲ့ပါသည်။



*Mr.Wang Junqiang*

**မေး။ ။ တရုတ်နိုင်ငံဘက်က တရုတ်-မြန်မာ ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်စီမံကိန်းအကောင်အထည်ဖော်ဖို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ တက်ဟုန်းပြည်နယ် ဒေသခံအစိုးရအနေနဲ့က တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်ထူထောင်ဖို့ မြန်မာနိုင်ငံနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ ကြိုးစားနေဆဲဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာရလာမယ့် နှစ်ဖက်အပြန်အလှန်အဆိုပြုအမြင်များ ဖလှယ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများရဲ့ သဘောထားမှတ်ချက်တွေကို ရယူမယ်။ ပြီးတော့အဖွဲ့ဖွဲ့မယ်။ တရုတ်နိုင်ငံဘက်ကတစ်ဖွဲ့၊ မြန်မာနိုင်ငံဘက်က တစ်ဖွဲ့၊ နှစ်ဦးနှစ်ဖက်စလုံး ပညာရှင်တွေဦးဆောင်တဲ့ working Group အရင်ဖွဲ့ပြီးရင် ထိရောက်တဲ့ တိုးတက်မှုတွေရယူနိုင်ဖို့ သုတေသနတွေလုပ်မယ်။ ပြီးရင် နှစ်နိုင်ငံအစိုးရအဖွဲ့ကို တင်ပြပြီးတော့ အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူမယ်။ ပြီးရင် သင့်တော်တဲ့အချိန်မှာ ကျွန်တော်တို့ ဒေသခံအစိုးရအနေနဲ့ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ ။ တရုတ်-မြန်မာ ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ခြင်းအားဖြင့် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရှိလာနိုင်မယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဆိုတာ ခင်မင်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတွေပါ။ ကျွန်တော်တို့ လက်တွဲလာတာကြာပါပြီ။ ဒီကြားထဲမှာလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးတွေ အများကြီးလုပ်နေပါတယ်။ ဒါပေမယ့် တရုတ်-မြန်မာ ရွှေလီ-မူဆယ် နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဇုန် ထူထောင်လိုက်မယ်ဆိုရင် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ ကူးသန်းရောင်းဝယ်ရေး အပိုင်းဟာ ပိုမိုမြင့်တက်လာမယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း အများကြီးတိုးမြှင့်ဆောင်ရွက်လာနိုင်မှာဖြစ်လို့ နှစ်ဖက်ဒေသခံပြည်သူတွေအတွက် အကျိုးရှိမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။

**မေး။ ။ စီမံကိန်းအကောင်အထည်ဖော်နေတဲ့ လက်ရှိအခြေအနေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ ဒေသခံအစိုးရအနေနဲ့ အတတ်နိုင်ဆုံးအောင်မြင်အောင်ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံနဲ့လည်း တွေ့ဆုံဆွေးနွေးတုန်းပဲ ရှိပါတယ်။ နှစ်ဦးနှစ်ဖက်စီးပွားရေးဇုန် တည်ထောင်ဖို့၊ ဒေသခံတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းအတွက်လည်း ကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံက သတင်းမီဒီယာတွေကိုလည်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အောင်မြင်လာစေဖို့အတွက် တက်ဟုန်း ပြည်နယ်စိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးဆောင်ရွက်နိုင်ဖို့ မျှော်လင့်ပါတယ်။ ။

# ယာဉ်ကြောပိတ်ဆို့မှုမကြာခဏကြုံတွေ့ရသဖြင့် မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်မှု အမြန်ဆုံးပြီးစီးနိုင်ရေး ဒေသခံများမျှော်လင့်နေ

**မိတ္ထီလာ ဇွန် ၁၆**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသည့်မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အသုံးပြုသည့် ဝန်ချီကရိန်းစက်ကြီး ကန်ကူးတံတားဟောင်းပေါ်တွင် လုပ်ငန်းလုပ်ကိုင်ချိန်တိုင်း ယာဉ်ကြောပိတ်ဆို့မှု မကြာခဏကြုံတွေ့နေရသဖြင့် ကန်ကူးတံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းအမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကန်ကူးတံတားသစ်တည်ဆောက်ပေးလို့ ဖြတ်သန်းသွားလာရေးအတွက် ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့မှာမို့ ဒေသခံတစ်ဦးအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကန်ကူးတံတားသစ်တည်ဆောက်ရေးလုပ်ငန်းမှာအသုံးပြုတဲ့ ဝန်ချီကရိန်းစက်ကြီးက တံတားဟောင်းပေါ်မှာရပ်ပြီး လုပ်ငန်းလုပ်ရင် တံတားပေါ်ယာဉ်ကြောပိတ်ဆို့မှုဖြစ်တာ အချိန်တော်တော်ကြာတယ်။ ဒီနေ့ဆို မိနစ် ၂၀ လောက်တံတားပေါ်မှာ ပိတ်မိတယ်။ ဒါကြောင့် ကန်ကူး တံတားသစ်တည်ဆောက်ရေးလုပ်ငန်းတွေ အမြန်ဆုံးပြီးစီးစေချင်ပါတယ်"ဟု နေ့စဉ်ကန်ကူးတံတားပေါ်မှ မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်သန်းမောင်းနှင်သွားလာသူ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာ ကန်ကူးတံတားဟောင်းပေါ်တွင် ဝန်ချီကရိန်းစက်ရပ်နား၍ လုပ်ငန်းခွင်လုပ်ကိုင်ချိန်နှင့် ကန်၏အနောက်ဘက် အထက(၁)ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ကန်ကူးတံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် နယ်မြေခံ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ရေး လုပ်ငန်းများကို ဇွန်လကုန်အပိုင်းတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီဖြတ်သန်းသွားလာအသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



# ဇူလိုင် ၁ ရက်မှစတင်၍ ကျန်းမာရေးအာမခံ စတင်ရောင်းချမည်

**ရန်ကုန် ဇွန် ၁၆**

လာမည့် ဇူလိုင် ၁ရက်မှစတင်ကာ ကျန်းမာရေးအာမခံကို စတင်ဝန်ဆောင်မှုပေး ရောင်းချသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

စတင်ရောင်းချပေးမည့် ကျန်းမာရေးအာမခံကို ကျန်းမာရေးအရ ဆေးရုံတက်ဆေးကုသစရိတ်ကို အတိုင်းအတာတစ်ခုအထိ အကာအကွယ်ရသက်သာစေရန်ရည်ရွယ်ကာ အခြေခံနှင့် လူလတ်တန်းစားတို့အတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။

ကျန်းမာရေးအာမခံကို မြန်မာ့အာမခံလုပ်ငန်းနှင့် လိုင်စင်ရအာမခံကုမ္ပဏီ ၁၁ ခုတို့တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး အာမခံတစ်ယူနစ်လျှင် အာမခံသက်တမ်းတစ်နှစ်အတွက် ပရီမီယံကြေး ကျပ်ငါးသောင်းကို အာမခံထားရှိသူမှ ပေးသွင်းရမည်ဖြစ်သည်။ အာမခံထားရှိလိုသူအနေဖြင့် ဆန္ဒရှိပါက ငါးယူနစ်အထိ ထားရှိနိုင်သည်ဟုသိရပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် အာမခံကုမ္ပဏီများ အပါအဝင် လူတစ်ဦးလျှင် စုစုပေါင်း ငါးယူနစ်ထက် ပိုမိုထားရှိ၍မရကြောင်း သိရသည်။

ကျန်းမာရေးအာမခံအကျိုးခံစားခွင့်အနေဖြင့် အာမခံတစ်ယူနစ်အတွက် အာမခံထားရှိထားသည့် သက်တမ်းတစ်နှစ်အတွင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူရပါက ခံစားခွင့်တစ်ရက်လျှင် ကျပ် ၁၅၀၀၀ ဖြင့် ရက်ပေါင်း ၃၀ အထိ ရရှိနိုင်မည်ဖြစ်သည်။ အာမခံထားရှိပြီး သေဆုံးမှု ဖြစ်ပေါ်ခဲ့ပါက ကျပ် ၁၀ သိန်းဖြစ်ပြီး ဆေးရုံတက်ရောက်နေစဉ် သေဆုံးမှုဖြစ်ပေါ်ခဲ့ပါက ဆေးရုံတက်နေစဉ် နေ့စဉ်ခံစားခွင့်များအပါအဝင် စုစုပေါင်းအနေဖြင့် ကျပ် ၁၀ သိန်းပေးအပ်ရန် သတ်မှတ်ထားခြင်းဖြစ်သည်ဟု သိရသည်။ အာမခံငါးယူနစ်အထိ ဝယ်ယူထားသူအနေဖြင့် ပရီမီယံကြေးမှာ ငါးဆပေးသွင်းရမည်ဖြစ်ပြီး အကျိုးခံစားခွင့်မှာလည်း ငါးဆရရှိမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ ကျန်းမာရေးအာမခံကို ပုတ်ပြတ်ထုတ်ပေးတဲ့ပုံစံနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ စမ်းသပ်တစ်နှစ်ကာလ သတ်မှတ်ထားပြီး အခြေအနေအမှန်တွေအပေါ်မှာ လိုတိုးပိုလျှော့လုပ်သွားမှာပါ။ နိုင်ငံခြားမှာ ကျန်းမာရေးအာမခံဟာ ပရီမီယံကြေးမြင့်ပါတယ်။ အခုဒီမှာစတင်ဝန်ဆောင်မှုပေးမယ့် ကျန်းမာရေးအာမခံဟာ တစ်နှစ်ကို ကျပ်ငါးသောင်းဆိုတော့ တစ်လကို ၄၀၀၀ လောက်ပဲရှိတဲ့သဘော သက်ရောက်ပါတယ်။ တခြားနိုင်ငံတွေမှာတော့ ဆေးစစ်ပြီးမှသာ ကျန်းမာရေးအာမခံထားလို့ရပါတယ်။ ဒီမှာ ဒါတွေကို ဖြေလျှော့ထားပြီး အာမခံထားသူရဲ့ မှန်မှန်ကန်ကန် ခံဝန်လျှောက်လွှာနဲ့အတူ အဆိုပြုလွှာတင်ရတာပါ။ မြန်မာ့အာမခံကဖြစ်စေ၊ ကုမ္ပဏီတွေကဖြစ်စေ စိစစ်ပြီး လက်ခံတာ၊ ငြင်းပယ်တာတွေလုပ်ပြီး အာမခံပေါ်လစီစာချုပ် ထုတ်ပေးမှာပါ" ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ကျန်းမာရေးအာမခံကို အသက် (၆) နှစ်မှ (၆၅) နှစ်အတွင်း မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားများ ထားရှိနိုင်သည်။ အသက် (၆) နှစ်မှ (၁၈) အတွင်းကိုမူ မိဘအုပ်ထိန်းသူက ကိုယ်စားထားရှိပေးရမည်ဖြစ်သည်။ အာမခံထားရှိရာတွင် လိုအပ်သော အချက်အလက်များကို မှန်မှန်ကန်ကန်ဖြည့်စွက်ပေးရမည်ဖြစ်ပြီး လိမ်လည်မှုများရှိပါက လျော်ကြေးငြင်းပယ်ခံရမည်ဖြစ်သည်။ ယင်းအပြင် လျော်ကြေးတောင်းခံရာ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဆမလက်မှတ်ရ ဆရာဝန်ထောက်ခံချက်၊ တရားဝင်လိုင်စင်ရ ဆေးရုံဆေးခန်း၏ထောက်ခံချက် လိုအပ်မည်ဖြစ်သည်။ ကျန်းမာရေး အာမခံတွင် ကန့်သတ်ထားသောအချက်များရှိပြီး နိုင်ငံတကာတွင် ကျင့်သုံးနေသကဲ့သို့ အာမခံသဘောတရားများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ရာ အကျုံးမဝင်သော သတ်မှတ်ချက် ၁၇ ချက်ရှိကြောင်း သိရသည်။

ကျန်းမာရေးအာမခံကို စတင်ဆောင်ရွက်ရန် ယခုနှစ် မတ်လတွင် အစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီး ယခုလအတွင်း အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ကာ ဇူလိုင် ၁ ရက်တွင် မြန်မာနိုင်ငံအနှံ့ အာမခံရုံးခွဲများနှင့် အာမခံကုမ္ပဏီများတည်ရှိသည့်နေရာတိုင်းတွင် ရောင်းချသွားမည်ဖြစ်သည်။ ယင်းအပြင် မြန်မာ့အာမခံလုပ်ငန်း၏ တရားဝင်လိုင်စင်ရရှိထားသော အာမခံကိုယ်စားလှယ်များနှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု သိရသည်။

(၀၀၁)

အနုပညာ

# နာမည်ကြီးဟာသသရုပ်ဆောင်များပုံစံဝတ်ဆင်၍ မဂ္ဂဇင်းကာဗာရိုက်ကူးခဲ့တဲ့ ဘောလိဝုဒ်မင်းသမီး ဗီယာဘဲလန်


The Dirty Picture အိန္ဒိယ ရုပ်ရှင်ဇာတ်ကားမှ ဘောလိဝုဒ် မင်းသမီး ဗီယာဘဲလန်သည် အိန္ဒိယ နိုင်ငံ၏ နံပါတ်တစ် ရုပ်ရှင်နှင့် ဖျော်ဖြေရေး မဂ္ဂဇင်းစာစောင်ဖြစ်သည့် Filmfare မဂ္ဂဇင်းမျက်နှာဖုံးကာဗာအတွက် နာမည်ကျော် ဟာသသရုပ်ဆောင်များ၏ ပုံစံဖြင့် ထူးထူးခြားခြား သရုပ်ဆောင်ကာ ဓာတ်ပုံရိုက်ကူး ပေးခဲ့ကြောင်း အင်တာနက် သတင်းစာမျက်နှာများတွင် ဖော်ပြထားသည်။




နာမည်ကြီးအသံတိတ် ဟာသသရုပ်ဆောင် ချာလီချက်ပလင်၏ ပြုံးရွှင်သော မျက်နှာသွင်ပြင်၊ ရာ့ဂျ်ကပ်ပါ၏ နှစ်လိုဖွယ်အပြုံးတို့ဖြင့် မင်းသမီးဗီယာဘဲလန်၏ အံ့မခန်းသရုပ်ဆောင်နိုင်စွမ်းကို တွေ့မြင်ရမည်ဖြစ်သည်ဟုဆိုသည်။ ထို့ပြင် ဗီယာသည် ပြီးခဲ့သည့်နှစ်ကလည်း အပျော်တမ်း စုံထောက်အသွင်ဖြင့် သရုပ်ဆောင်ခဲ့သည်ဟု ရေးသား ဖော်ပြထားသည်။

**ပန်းသော်တာ**

# 5 Seconds of Summer အဖွဲ့ဝင် မိုက်ကယ်ကလစ်ဖိုဒ် ဖျော်ဖြေပွဲတွင် မီးအဟပ်ခံရ





အမေရိကန်ပေါ့ပ်ဂီတအဖွဲ့ 5 Seconds of Summerမှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဂီတာပညာရှင် မိုက်ကယ်ကလစ်ဖို့ဒ်သည် စနေနေ့ကကျင်းပခဲ့သော ဖျော်ဖြေပွဲတစ်ခုတွင် အလှဆင်ထားသော မီးတိုင်မှထွက်လာသည့် မီးတောက်ကြောင့် မျက်နှာဘယ်ဘက်ခြမ်း မီးအဟပ်ခံလိုက်ရသည်။

လန်ဒန်မြို့၌ပြုလုပ်ခဲ့သော အဆိုပါဖျော်ဖြေပွဲတွင် ဖျော်ဖြေရေးစင်မြင့်ကို မီးတိုင်များဖြင့်အလှဆင်ထားခဲ့ရာ မိုက်ကယ်သည် မီးတိုင်များနှင့်အလွန်နီးကပ်သော နေရာတွင် ဖျော်ဖြေခဲ့ရာမှ အနီးရှိမီးတိုင်မှ ထွက်လာသော မီးတောက်တစ်ခုသည် သူ၏မျက်နှာကိုဟပ်မိကာ ဆိုးဆိုးရွားရွားဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

မိုက်ကယ်၏ မီးလောင်ဒဏ်ရာကြောင့် ဖျော်ဖြေပွဲကို ရပ်တန့်ခဲ့ရပြီး ယခုအချိန်တွင် ဒဏ်ရာမှာသက်သာလာပြီဖြစ်ကြောင်းလည်း သူ၏တွစ်တာစာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

**အေးပြည့်**

# မေ့ပစ်လိုက်ပြီ အန်ဂျလီနာဂျိုလီ


မက္ကဆီကိုနိုင်ငံ ထရန်ဆယ်ဗန်နီးယားဟိုတယ်(၂)၌ ပြုလုပ်ခဲ့သော ပရိုမိုးရှင်းပွဲတွင် အနီရောင်ပိုးသားဝတ်စုံကိုဝတ်ဆင်ခဲ့ရာ အဆိုပါဝတ်စုံကြောင့်အမေရိကန်ပေါ့ပ် အဆိုတော် ဆယ်လီနာဂိုမက်ဇ်တစ်ယောက် ဟောလိဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီကိုများ အားကျလေသလားဟု ပရိသတ်များက ထင်ကြေးပေးကြသည်။

ဆယ်လီနာ၏ စကတ်ဘယ်ဘက်ဘေးတွင် ရှိသောခွဲကြောင်းသည် ပေါင်ရင်းထိပင်ရောက်ကာ စွဲဆောင်မှုပြင်းပြင်းဖြင့် အလှကြီးလှနေခဲ့သည်။

ထိုကဲ့သို့သော ဝတ်စုံမျိုးကို ၂၀၁၂ခုနှစ် အော်စကာဆုပေးပွဲ၌ မင်းသမီးအန်ဂျလီနာက ဝတ်ဆင်ခဲ့ပြီး ပရိသတ်များကို ဖမ်းစားနိုင်ခဲ့သည့် ခေတ်မီလှပသည့် ဝတ်စုံတစ်စုံလည်းဖြစ်သည်။

ထို့ပြင် မီဒီယာများကလည်း ဆယ်လီနာ၏ခြေထောက်အလှကို လှစ်ဟပြနိုင်ခဲ့သည့် ဝတ်စုံကြောင့် ယခုအချိန်သည် ပရိသတ်ရင်ထဲ သုံးနှစ်တာကာလအထိ လွှမ်းမိုးထားနိုင်ခဲ့သော အန်ဂျလီနာဂျိုလီ၏ အလှတရားကို မေ့ပစ်နိုင်ခဲ့ပြီဖြစ်ကြောင်းလည်း ချီးကျူးရေးသားထားသည်။

**အေးပြည့်**



# အဆိုတော်သာမဖြစ်ခဲ့ရင် ကလေးထိန်းဖြစ်ချင်ခဲ့တဲ့ ဘရစ်တနေ့စပီးယားစ်

အမေရိကန်ပေါ့ပ်အဆိုတော် ဘရစ်တနေစပီးယားစ်က သူသာနာမည်ကြီးအဆိုတော်တစ်ဦးဖြစ်မလာခဲ့ပါက ဘရက်ပစ်နှင့် အန်ဂျလီနာဂျိုလီတို့၏ ကလေးများကို ထိန်းကျောင်းပေးရသော ကလေးထိန်းတစ်ဦးသာ ဖြစ်ချင်ကြောင်း သူ၏စိတ်ကူးထဲက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကို People သို့ ဖွင့်ဟခဲ့သည်။

ITV ရုပ်သံလိုင်း၏ "Good Morning Britain" အစီအစဉ်နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ဘရစ်တနေက ယခုကဲ့သို့ နာမည်ကျော်သရုပ်ဆောင်နှစ်ဦး၏ ရင်သွေးလေးများကိုထိန်းကျောင်းပေးလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘရစ်တနေက "ကျွန်မ ဘရက်ပစ်တို့မိသားစုနဲ့ တစ်ခါဆုံဖူးတယ်။ ကလေးတွေကို နောက်တစ်ခါထပ်ပြီး တွေ့ချင်နေတာ။ ကျွန်မသူတို့လေးတွေရဲ့ ကလေးထိန်းသာ ဖြစ်လိုက်ချင်ပါတော့တယ်"ဟု ဆိုခဲ့သည်။

ဘရက်ပစ်နှင့် ဂျိုလီတို့တွင် မက်ဒေါ့ဇ်၊ ပက်ဇ်၊ ဇက်ဟာရာ၊ ရှိုင်းလော့ဒ်နှင့် အမွှာနှစ်ဦးဖြစ်သော နော့ဇ်နှင့် ဗစ်ဗီယမ်ဆိုသည့် သားသမီးခြောက်ဦးရှိပြီး ဘရစ်တနေသည်လည်း သားနှစ်ဦး၏ မိခင်ဖြစ်သည်။

**အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၇ - ၆ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အတိတ်ရဲ့ချစ်ခြင်း
  အပိုင်း(၄၇)
- ၆း၀၆ Go For Gold
- ၆း၁၅ Meet With The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ပန်းခူးသူဆူးစူးပါစေ
  အပိုင်း(၅၃)
  - ရယ်စရာပျော်စရာဟာသကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ
  တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဟိုတယ်ဘုရင်
  အပိုင်း(၄၁)[ဇာတ်သိမ်း]

## MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၁)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၀၅ ဟင်းချက်ရအောင်
- ၁၁း၃၀ MRTV-4 Stage
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲက ရင်ခုန်သံ" (အပိုင်း-၃၀)
- ၁၂း၃၅ ဆယ့်နှစ်လရာသီအလှပန်းချီ (မိုးဦးဝသုန်လနယုန်)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (အရှုံးစကား)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၄၃)
- ၅း၅၀ Miss Myanmar World 2015
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၄၄)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ဘုံကြိုးပြတ်တဲ့ သိုက်ဒေဝီ)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၁၀၂)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၃၁)
- ၁၀း၀၅ K-POP CONCERT IN MYANMAR (Part-2)
- ၁၂း၀၅ "စိတ်စင်ကြယ်ရင်ကံသုံးပါး စင်ကြယ်တယ်" (အပိုင်း-၃) တရားတော် (ဆားဘူးတောင်းဆရာတော်အရှင်ကုသလ)
- ၂း၅၅ MRTV-4 Stage

## mitv

- The Caves
- We'll Leave After 12 Passengers Are On Board ……..
- Myanmar Street Food
- Shop Shop Shop - Bogyoke Market
- Family of Toys
- Life of Sea Urchin Diver
- Pagoda Forest in Pa-O Land
- Photographer: Kyaw Win Hlaing (YUC)
- The Photographer (Portiature) "Aung Kyaw Moe"
- Myanmar Alternative Medicine (Aloe Vera)
- Kid's Home
- A Visit to Kyauk Kyi
- Today Myanmar "Reasons behind Traffic and Accident"
- Exquisite Myanmar Silk
- Chef Life "Thanakrit Chamnongbutr"
- Insight Myanmar "Migrant Resource Centres"
- Great Minds of Myanmar (Anthropologist U Kyaw Win)
- Wet Markets in Yangon: Thirimingalar Market
- Shwe Maw Daw: The Glory Of Bago City
- Life In Night ……..Art In Life (Ep-1)
- In Pursuit of a dream

# (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

SINGAPORE 2015 28th SEA GAMES

## ကျော်ဇင်ဖြိုး၏လက်စွမ်းကို ဒေသတွင်းမီဒီယာများချီးကျူး




စင်ကာပူ ဆီးဂိမ်းတွင် မြန်မာ ဘောလုံးအသင်း ဗိုလ်လုပွဲတက် ရောက်လာသည့် လမ်းကြောင်း၌ အဓိကကျခဲ့သူတစ်ဦးမှာ မြန်မာ ဂိုးသမားကျော်ဇင်ဖြိုးပင်ဖြစ်သည်ဟု ဘန်ကောက်ပို့စ်နှင့် အခြားဒေသတွင်း မီဒီယာများက ချီးကျူးရေးသားကြသည်။

ကျော်ဇင်ဖြိုး၏ လက်စွမ်းကြောင့် အုပ်စုတွင်းပြိုင်ပွဲများတွင် စင်ကာပူအသင်းအားအနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ထိုပွဲမှ စွမ်းဆောင်ချက်ကို လူအများသတိမမူခဲ့မိဘဲ ဗီယက်နမ်နှင့် ရင်ဆိုင်ခဲ့ရသည့် အကြိုဗိုလ်လုပွဲ၊ ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့သည့် ဗိုလ်လုပွဲများတွင်မှ လူအများက သတိထားမိခဲ့ခြင်းဖြစ်သည်ဟု ဆက်လက်ဖော်ပြထားသည်။

ကျော်ဇင်ဖြိုးသည် ဗီယက်နမ်နှင့်ပွဲတွင် သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေး အနည်းဆုံး ငါးကြိမ်ခန့်အား အကောင်းဆုံးကာကွယ်ပေးခဲ့ပြီး ထိုင်းနှင့်ပွဲစဉ်တွင်လည်း ခြောက်ကြိမ်ထက်မနည်း ထပ်မံ ကာကွယ်မှုပေးခဲ့သည်ဟုလည်း စစ်တမ်းများအရ သိရသည်။

မြန်မာနောက်တန်း တံတိုင်းကျိုးပေါက်ချိန်တွင် မြန်မာဂိုးပေါက်အား အကောင်းဆုံး အကာအကွယ်ပေးထားသည့်သူမှာ ဂိုးသမားကျော်ဇင်ဖြိုးပင်ဖြစ်ပြီး ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ်သတ်မှတ်ရမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

## အုပ်စု (ခ) အသင်းတွေ တကယ်ပဲပိုကောင်းတာလား



ထိုင်းဘောလုံးအသင်း ဗိုလ်စွဲပြီးနောက် အောင်ပွဲခံနေသည့် ထိုင်းကစားသမားများကို တွေ့ရစဉ်။

ယခုနှစ် ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် အုပ်စုအနေအထားအရ အုပ်စု(ခ) အသင်းများမှာ အုပ်စု(က)အသင်းများထက် အုပ်စုမှ တက်ရန်ပိုမိုခက်ခဲသည်ကို ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ ရလဒ်များကိုကြည့်လျှင် သိနိုင်ကြောင်း ထိုင်းအွန်လိုင်းသတင်းများက ရေးသားကြသည်။ အုပ်စု (က)တွင် အိမ်ရှင်စင်ကာပူ၊ အင်ဒိုနီးရှား၊မြန်မာ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့ပါဝင်ပြီး အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်းနှင့် တီမောအသင်းတို့ပါဝင်သည်။

ဗိုလ်လုပွဲတွင် အုပ်စု(ခ)မှ ထိုင်းအသင်းက အုပ်စု(က)မှ မြန်မာအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သလို တတိယနေရာလုပွဲတွင်လည်း အုပ်စု(ခ)မှဗီယက်နမ်က အုပ်စု(က)မှအင်ဒိုနီးရှားကို ငါးဂိုးပြတ်ဖြင့် အနိုင်ယူကာ ကြေးတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ပွဲစဉ်ရေးဆွဲမှုသတ်မှတ်ချက်အရ အိမ်ရှင်အသင်းနှင့် လက်ရှိချန်ပီယံအသင်းတို့မှာ ဦးစားပေးအသင်းများအဖြစ်သတ်မှတ်ခံရလေ့ရှိရာ အုပ်စု(ခ) အသင်းများမှာ အုပ်စုကျပ်ထဲသို့ကျရောက်ခဲ့သည့် အနေအထားသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် အုပ်စု(က)အသင်းများမှာ ပိုမိုခြေစွမ်းညီမျှပြီး တစ်သင်းနှင့်တစ်သင်းအပြန်အလှန်ကစားနိုင်ခဲ့သည်ကို ရလဒ်များကြည့်လျှင်သိနိုင်မည်ဖြစ်သည်။ အုပ်စု(ခ)အသင်းများတွင် ဒေသတွင်း အင်အားကြီး ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ပါဝင်သော်လည်း အခြားအသင်းများနှင့် ခြေစွမ်းခြေစကွာခြားမှု မြင့်မားလွန်းသည့်အနေအထားပင်ဖြစ်သည်။

ထိုင်းဘောလုံးအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲများ၌ ချန်ပီယံအဖြစ် (၁၅)ကြိမ်အထိဗိုလ်စွဲထားသော်လည်း ၂၀၁၇ဆီးဂိမ်းတွင် ပိုမိုခက်ခဲသည့်အနေအထားတစ်ရပ်ရှိလာနိုင်သည်ဟုလည်း ဆက်လက်သုံးသပ်ထားသည်။

မေလွဲသင်း - စုစည်းသည်။

### ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၉၅ | ၈၃ | ၆၉ | ၂၄၇ |
| ၂ | စင်ကာပူ | ၈၄ | ၇၃ | ၁၀၂ | ၂၅၉ |
| ၃ | ဗီယက်နမ် | ၇၃ | ၅၃ | ၆၀ | ၁၈၆ |
| ၄ | မလေးရှား | ၆၂ | ၅၈ | ၆၆ | ၁၈၆ |
| ၅ | အင်ဒိုနီးရှား | ၄၇ | ၆၁ | ၇၄ | ၁၈၂ |
| ၆ | ဖိလစ်ပိုင် | ၂၉ | ၃၆ | ၆၆ | ၁၃၁ |
| ၇ | မြန်မာ | ၁၂ | ၂၆ | ၃၁ | ၆၉ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၅ | ၉ | ၁၅ |
| ၉ | လာအို | ၀ | ၄ | ၂၅ | ၂၉ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမော | ၀ | ၁ | ၁ | ၂ |

## ဗီယက်နမ်က အင်ဒိုနီးရှားအား ဂိုးပြတ်အနိုင်ယူပြီး တတိယဆုဆွတ်ခူး

ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲတွင် ဗီယက်နမ်က ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ ကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

ဗီယက်နမ်အသင်းသည် ပွဲစကတည်းက ကွင်းလယ်ကစားကွက်အသာစီးဖြင့် အင်ဒိုနီးရှားဘက်ကို ထိုးဖောက်ကစားခဲ့ရာ ပထမပိုင်း ၁၃မိနစ်တွင် ရရှိခဲ့သော ပင်နယ်တီတစ်ဂိုးအပါအဝင် လေးဂိုးပြတ်သွင်းယူထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းသည် ကစားအားမချဘဲ ဆက်လက်ထိုးဖောက်ကစားရာ ပွဲချိန် ၇၁ မိနစ်တွင် အသင်းခေါင်းဆောင် ငုယင်ဟောင်က ပွဲသိမ်းဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် အင်ဒိုနီးရှားအသင်း သေချာပေါက်ဂိုးရနိုင်မည့်အခွင့်အရေး တစ်ကြိမ်ရခဲ့သေးသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ဘဲ ပွဲအပြီးတွင် ဗီယက်နမ်က ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သည်။



## အမျိုးသားနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်ဆုဆွတ်ခူး

ဇွန် ၁၅ ရက်ကယှဉ်ပြိုင်ကစားခဲ့သော ဆီးဂိမ်းအမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အားအနိုင်ယူကာ ရွှေတံဆိပ်ဆုတစ်ဆု ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းပွဲငယ်နှစ်ပွဲတွင် ပြန်လည်အနိုင်ယူကာ ၂၀-၂၂၊၂၁-၁၃၊၂၁-၁၆ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အကြိုဗိုလ်လုပွဲစဉ်၌ မြန်မာက လာအိုအား ၂၁-၁၆၊ ၂၁-၁၈ဖြင့် နှစ်ပွဲပြတ်သက်သောင့်သက်သာအနိုင်ယူကာ ဗိုလ်လုပွဲသို့တက်ရောက်သွားခဲ့ပြီး ထိုင်းအသင်းနှင့်တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထိုင်းအသင်းမှာ အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းအား ၂၁-၈၊၂၁-၁၆ဖြင့်အနိုင်ယူကာ ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။

ယခုနှစ်စင်ကာပူဆီးဂိမ်း ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် မြန်မာအသင်းမှာ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုဖြင့် ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေပြီး ပထမနေရာတွင် ရပ်တည်နေသော ထိုင်းအသင်းမှာမူ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ်တစ်ခုဆွတ်ခူးထားသည်။

# ပခုက္ကူမြို့နယ်တွင် ယာဉ်နှစ်စီးတိုက်မိမှုဖြစ်ပွား တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ပခုက္ကူ ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် မြို့မလမ်း တရားရုံးအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဇွန် ၁၄ ရက် နံနက်ပိုင်းက ပခုက္ကူယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပန်းတိုင်းခံကျေးရွာမှ ပခုက္ကူမြို့သို့ မြို့မလမ်းအတိုင်း ပခုက္ကူမြို့နယ် ပန်းတိုင်းခံကျေးရွာနေ ငွေးမြင့်(၄၃)နှစ်သည် ၃၁ယ/------ ဂျမ်ဘို-110 ဆိုင်ကယ်အား တစ်ဦးတည်းမောင်းနှင်လာပြီး ရှုတ်တရက် လက်ဝဲဘက်သို့ ချိုးကွေ့လိုက်ရာ ၎င်းလမ်းအတိုင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရပ်ကွက်နေ ဇော်ဝင်းနိုင်(၂၀)နှစ် မောင်းနှင်ပြီး နောက်မှ ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်နေ အောင်ဇော် ဟိန်း (၂၅)နှစ် လိုက်ပါလာသော ၄၄ယ/------ Jiafa-125 ဆိုင်ကယ်နှင့် တိုက်မိ၍ ဇော်ဝင်းနိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အောင်ဇော်ဟိန်းနှင့် ငွေးမြင့်တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငွေးမြင့်အား ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မီးလွှတ်ထားသောဝါယာကြိုးကို ဆက်ရာမှ ဓာတ်လိုက်သေဆုံး

**မြိုင် ဇွန် ၁၆**

မြိုင်မြို့နယ် သနပ်ရင်းကျေးရွာတွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဇွန် ၁၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သနပ်ရင်းကျေးရွာနေ ခင်မောင်ညွန့် (၄၃)နှစ်သည် ဇွန် ၁၅ ရက် ညပိုင်းက တစ်ရွာတည်းနေ ဦးတိုက်ထွန်း၏ နေအိမ်တွင် ရေတွင်းမှ ရေတင်ရန်အတွက် ဒိုင်နမိုမီးစက်အား မောင်းနှင်ပြီး လျှပ်စစ်မမီးသဖြင့် ဝါယာကြိုးအားစစ်ဆေးရာ ဝါယာကြိုးပြတ်နေ၍ ပြန်ဆက်စဉ် ဓာတ်လိုက်ပြီး သတိလစ်သွားသဖြင့် ဆေးရုံသို့ပို့စဉ် လမ်းတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်မြို့နယ် ဗဟင်းနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# လယ်ကွင်းအတွင်း ဘဲကျောင်းနေသူတစ်ဦး မိုးကြိုးပစ်ခံရ၍သေဆုံး

**နေပြည်တော် ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် တမံကြီးကျေးရွာမြောက်ဘက်ရှိ လယ်ကွင်းအတွင်း လူတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးသွားကြောင်း သတင်းအရ ဖျာပုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက ဇွန် ၁၄ ရက် ညနေပိုင်းက သွားရောက်စစ်ဆေးရာ တမံကြီးကျေးရွာနေ ဦးကျောက်ခဲ(၃၉)နှစ်သည် မိုးသည်းထန်စွာရွာသွန်းနေစဉ် လယ်ကွင်းအတွင်း ဘဲကျောင်းနေရာမှ မိုးကြိုးပစ်ခံရမှုကြောင့် ဒဏ်ရာများဖြင့်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဖျာပုံမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# တောင်တွင်းကြီးမြို့တွင် ရွှေနှင့် ငွေကျပ် ၁၃ သိန်းဖိုးခန့် အခိုးခံရ

**တောင်တွင်းကြီး ဇွန် ၁၆**

တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက်ရှိနေအိမ်တစ်အိမ်မှ ရွှေနှင့်ငွေများ ခိုးယူခံရမှု ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက တောင်တွင်းကြီးမြို့ တောင်ပြင်(၁)ရပ်ကွက်နေ မနုနုအေး (၃၅)နှစ်သည် IP Star ရုံးဝင်းရှိ ၎င်း၏နေအိမ်လိုင်းခန်းမှ ရုံးသို့အသွား နေအိမ်တံခါး၊ အိမ်အတွင်းရှိ သေတ္တာနှင့်ဗီရိုတို့အား သော့မခတ်ဘဲထားမိခဲ့သဖြင့် ၁၅ မိနစ်ခန့်အကြာ နေအိမ်သို့ပြန်လာရာ နေအိမ်အိပ်ခန်းအတွင်းရှိ သေတ္တာမှာပွင့်နေပြီး သေတ္တာအတွင်းရှိ အိတ်ထဲမှ တစ်မတ်သားရွှေလက်စွပ်နှစ်ကွင်း၊ ရွှေလက်ကောက် ငါးမူးသားနှစ်ကွင်း၊ လေးရွေးခန့်ရှိ ရွှေလက်စွပ်တစ်ကွင်း၊ အိပ်ခန်းအတွင်းရှိ ဗီရိုထဲမှ ငွေကျပ် ၈၉၀၀၀ ခန့် စုစုပေါင်းတန်ဖိုး ၁၃၄၉၀၀၀ ခန့် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

ရွှေနှင့်ငွေများ ပျောက်ဆုံးသွားမှုနှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၉)**

# ကျိုက်ထိုမြို့နယ်တွင် ဆိုင်ကယ်သုံးစီးဆင့်ကဲတိုက်မိ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာများရရှိ

**ကျိုက်ထို ဇွန် ၁၆**

ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတွင် ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ လူသေဆုံးဒဏ်ရာရမှုဖြစ်ပွားစဉ် လဲနေသောဆိုင်ကယ်များအား နောက်တစ်စီးက ထပ်မံတိုက်မိမှုတစ်ခု ဇွန် ၁၄ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စွပ္ပနူးရွာဘက်မှ မုပ္ပလင်ရွာဘက်သို့ အောင်မျိုးဝင်း (၂၈)နှစ် စွပ္ပနူးရွာနေသူ မောင်းနှင်လာသော Wave 100 ၃၇ ယ/----- ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်မှ ထက်ပိုင်ထူး (၂၃)နှစ် ဇေယျာမွန်ရပ်ကွက် ကျိုက်ထိုမြို့နေသူမောင်းနှင်ပြီး နောက်မှ နိုင်လင်းထွန်း လိုက်ပါစီးနင်းလာသော Wave 100 ဆိုင်ကယ်တို့ တိုက်မိ၍လဲကျစဉ် စွပ္ပနူးရွာဘက်မှ မုပ္ပလင်ရွာဘက်သို့ မျိုးကို (၂၀)နှစ် ဖိုးစပါယ်ကျေးရွာ ဝေါမြို့နယ်နေသူ မောင်းနှင်လာသော Dream 125 ဆိုင်ကယ်က ဝင်ရောက်တိုက်မိခဲ့သည်။ ဆိုင်ကယ်တိုက်မှုဖြစ်စဉ်များကြောင့် အောင်မျိုးဝင်းတွင်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးပြီး ထက်ပိုင်ထူး၊ နိုင်လင်းထွန်းနှင့် မျိုးကိုတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး အမှုနှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

## ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မရစ်လပါအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

**ဖားကန့်မြို့နယ်**

ဖားကန့်မြို့နယ် လုံးခင်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်က ဖားကန့်မြို့နယ် ဆိုင်းရာရွာသစ်နေ မရစ်ယော်ထုံ၏နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရဘဲ မရစ်လပါအား ဧည့်ခန်းအတွင်းတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၀၄၈ ပြား သိမ်းဆည်းရမိသဖြင့် မရစ်လပါ (၄၀) နှစ်နှင့် မရစ်ယော်ထုံ (၃၀) နှစ် တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မိုင်းဆတ်မြို့နယ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု(၁၀၄)နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု နားလည်ကျေးရွာနေ အာပီး၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ကျလားအား တွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၂၈ ပြား၊ ဘိန်းဆီခဲ (သုည ဒသမ ၁၅ ကီလို)နှင့် ဘိန်းစိမ်း (သုည ဒသမ ၀၃၉ ကီလို) တို့ကို သိမ်းဆည်းရမိသဖြင့် ကျလား (၂၅) နှစ်နှင့် အာပီး (၃၉) နှစ်တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ယာခင်းအတွင်းထွန်ယက်နေသူ လက်တွန်းထွန်စက်တိမ်းမှောက်ပိမိ၍ သေဆုံး

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ရွာသာရွာအနီးတွင် လက်တွန်းထွန်စက် တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုတလင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက် နံနက်ပိုင်းက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးဝင်းနိုင်(၅၅)နှစ်သည် ရွာအနောက်ဘက် မိုင်ဝက်ခန့်အကွာရှိ ယာခင်းအတွင်း လယ်ယာ(၁၆)လက်တွန်းထွန်စက်အဝါရောင်ဖြင့် ထွန်ယက်နေစဉ် ယာခင်းမြောက်ဘက် ဆင်ခြေလျှောကုန်းဆင်းအရောက် အရှိန်မထိန်းနိုင်ဘဲ ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ကာ လက်တွန်းထွန်စက်ပိမိ၍ အခင်းဖြစ်နေရာတွင် သေဆုံးကြောင်း သိရသဖြင့် ၎င်းအား ဘုတလင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ဘုရားပွဲအတွင်း ဓားကိုင်ဆောင်သူအား အရေးယူ

**နေပြည်တော် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ (၁၅)ရပ်ကွက်ရှိ သီဟိုဠ်ရှင်ဘုရားပွဲတော်အတွင်း လုံခြုံရေးတာဝန်ဆောင်ရွက်နေသည့် ပခုက္ကူမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက် နံနက် ၂ နာရီ ၅ မိနစ်က ပွဲခင်းအတွင်းရှိ ဇာတ်ခုံအနီး၌ အရက်မူးပြီး အရိုးအသွား တစ်ပေခန့်ရှိ ဓားမြှောင်တစ်ချောင်းကိုင်ဆောင် ရမ်းကားနေသော ပခုက္ကူမြို့ ထန်းတောကြီးရပ်နေ ချမ်းမြေ့ (၁၉)နှစ်အား တွေ့ရှိရ၍ ဖမ်းဆီးခဲ့ပြီး ၎င်းအား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# တရားမဝင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၆**

အမှတ် (၁၀၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၄) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် လားရှိုးမြို့နယ် နမ့်တွန်းကျေးရွာအနီး၊ လားရှိုး-သိန္နီကားလမ်း ဘုံမွန်စိုက်ပျိုးရေးခြံရှေ့တွင် စောင့်ဆိုင်းနေစဉ် သိန္နီဘက်မှ လားရှိုးဘက်သို့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မိုးကောင်းရပ်ကွက်နေ ဦးမြင့်သန်း(၅၄)နှစ် မောင်းနှင်လာသည့် YGN-9H/---- Crown မတ်တူးယာဉ်အား စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးပြီး ယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဦးမြင့်သန်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ ကျော်ဝင်း(၄၀)နှစ်၊ မျိုးလွင်(၃၃)နှစ်နှင့် အမရပူရမြို့နယ် ဈေးချိုရပ်ကွက်နေ ဒေါ်မြင့်မြင့်သန်း (၃၆)နှစ်တို့ လေးဦးအား ကျောက်စိမ်းအရွယ်စုံ ၃၈ တုံးနှင့်အတူ တွေ့ရှိခဲ့သောကြောင့် ၎င်းတို့လေးဦးအား လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထူးလိုအပ်သည့် “ဝါး”

ငွေအောင်(ကြေးမုံ)

**ယမန်နေ့မှအဆက်**

ထို့နောက် စီးပွားဖြစ်ဝါးစိုက်ပျိုးရန် လိုအပ်သောရာသီဥတုအခြေအနေကို ရှင်းပြရာတွင် ဝါးသည် များသောအားဖြင့် အမြင့်ပေ ၃၀၀ မှ ၃၀၀၀ အတွင်း သဘာဝအလျောက် ပေါက်ရောက်တတ်ကြောင်း၊ ဝါး ကောင်းမွန်စွာဖြစ်ထွန်းနိုင်ရန် အပူချိန် ၈ ဒီဂရီမှ ၃၅ ဒီဂရီစင်တီဂရိတ်အထိလိုအပ်ပြီး မိုးရေချိန်အနည်းဆုံး ၄၀ လက်မမှ ၁၅၀ အတွင်း ဝါးများသည် သဘာဝအလျောက်ပေါက်ရန် ကောင်းမွန်ကြောင်း၊ မြေအချဉ်ဓာတ် PH ၅ ဒသမ သုညမှ ၆ ဒသမ ၅ အထိ ဝါးစိုက်ပျိုးရန်သင့်တော်ပြီး မြေပြုပြင်၍ရေပေးနိုင်ပါက မည်သည့်နေရာမဆို ဝါးကို စိုက်ပျိုးနိုင်ကာ ရေဝပ်ခြင်းကိုမနှစ်သက်ကြောင်း၊ ဝါးပင်စိုက်ပျိုးရာတွင် မျိုးပွားနည်း ခြောက်နည်းရှိပြီး (၁)အစေ့မှ မျိုးပွားနည်း၊ (၂)သဘာဝအလျောက်ပေါက်ရောက်မှုမှ ပျိုးထောင်မျိုးပွားနည်း၊ (၃)ရိုင်ဇုမ်းပါ မြစ်ဆုံဖြင့် မျိုးပွားနည်း၊ (၄)ကိုင်းဖြတ်မျိုးပွားနည်း၊ (၅)မြေထုပ်စည်း၍ ကိုင်းကူးမျိုးပွားနည်း၊ (၆)တစ်သျှူးမျိုးပွားနည်းတို့ရှိကြောင်း၊ ထိုနည်းများအနက်မှ မြေထုပ်စည်း၍ ကိုင်းကူးမျိုးပွားနည်းမှာ များစွာကောင်းမွန်သဖြင့် ဝါးစိုက်ပျိုးလိုသူများ အသုံးဝင်နိုင်ကြောင်း၊ ယင်းနည်းသည် မူလဝါးပင်စည်ကို ခုတ်ရန်မလိုဘဲ ဝါးပင်စည်တစ်ခုမှ အကိုင်းရှိသမျှ ကိုင်းကူးနိုင်ပြီး ဆိုလိုသည်မှာ ဝါးပင်စည်ကိုမခုတ်ဘဲ ဘေးကိုင်းများမှ အပင်များစွာရရှိနိုင်ခြင်းဖြစ်သဖြင့် မြေထုပ်စည်း၍ ကိုင်းကူးနည်းမှ ရရှိသောပျိုးပင်သည် ဖြစ်ထွန်းမှုကောင်းပြီး ကြီးထွားနှုန်းလည်းမြန်ကြောင်း၊ ၎င်းနည်းဖြင့် စိုက်ပျိုးရာတွင် သံဖြတ်လွှ၊ အုန်းဆံမှုန့်၊ ၆ လက်မ × ၄ လက်မ ပလတ်စတစ်အိတ်အဖြူ၊ အမြစ်အားဆေးတို့လိုအပ်ပြီး ကိုင်းကူးရာတွင် ဦးစွာဝါးပင်စည်နှင့် ဘေးကိုင်းအကြား၊ ဘေးကိုင်းအောက်အရင်းမှ တစ်ဝက်ခန့် သံဖြတ်လွှဖြင့်ဖြတ်၍ အမြစ်ထွက်ဟိုမုန်းသုတ်ပြီး အုန်းဆံမှုန့်နှင့်လုပ်ထားသော ပလတ်စတစ်အားခွဲ၍ စည်းထားရမည်ဖြစ်ကာ ရက် ၂၀ ခန့်ကြာလျှင် အမြစ်များထွက်ရှိလာမည်ဖြစ်ပြီး ရက် ၃၀ ခန့်အကြာ မူလပင်စည်မှခွဲဖြတ်ပြီး တိုက်ရိုက်မြေပေါ်တွင် စိုက်၍လည်းကောင်း၊ သေချာရန် ပလတ်စတစ်အိတ်တွင် ပျိုးထောင်ပြီး ၄၅ ရက်ခန့်ထားပြီးမှ မြေချစိုက်ပျိုးနိုင်ကြောင်း၊ တိုက်ရိုက်မြေချစိုက်ပျိုးမည်ဆိုပါက ငုတ်ရိုက်၍မလှုပ်စေရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြေချစိုက်ပျိုးပြီး သုံးလခန့်အကြာ အစို့တစ်ခုထပ်ထွက်ပြီး သုံးနှစ်အတွင်း ဝါးအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းနည်းဖြင့် အချိန်တိုအတွင်း ဝါးပင်များ ထောင်သောင်းမက ပျိုးထောင်နိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာသည့်အပြင် ဖြစ်ထွန်းမှုလည်း မြန်ဆန်ပြီး သေချာမှုရှိသည့်အတွက် စနစ်တကျလုပ်နိုင်မည်ဆိုပါက အပင်အသေအပျောက်နည်းမည်ဖြစ်ပြီး များသောအားဖြင့် ဇွန်လပထမပတ်တွင် ဆောင်ရွက်နိုင်ပါက မိုးရာသီအတွင်း မြေချစိုက်ပျိုးနိုင်ကြောင်း၊ ထိုနည်းဖြင့် ဝါးမျိုး ၁၂ မျိုးအား မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းနေရာများတွင် စမ်းသပ်စိုက်ပျိုးရာ ၁၂ မျိုးလုံး ရာနှုန်းပြည့်အောင်မြင်ကြောင်း အသေးစိတ်ရှင်းပြသည်။


မြေထုပ်ပြီးနည်း (သို့မဟုတ်) ကိုင်းကူးနည်း

ဝါးပင်များဖြစ်ထွန်းအောင်မြင်လာပြီး ဝါးခုတ်သိမ်းခြင်းအကြောင်းကို ဆက်လက်ရှင်းပြရာတွင် ဝါးပင်များကို စနစ်တကျနှင့် ရွေးချယ်ခုတ်သိမ်းမှုသည် ဝါးရုံအတွင်းရှိ ဝါးပင်ပျိုများအလုံးကျကြီးထွားစေပြီး တည်ငြိမ်သော ဝါးအထွက်နှုန်းကိုရရှိစေကြောင်း၊ တစ်နည်းအားဖြင့် ဝါးခုတ်သိမ်းရာတွင် ဝါးရုံရှိ ဝါးပင်အားလုံးကို မခုတ်သိမ်းဘဲ တစ်နှစ်သား၊ နှစ်နှစ်သားအရွယ် ဝါးပင်ပျိုများကို ချန်ထားကာ သုံးနှစ်သားပျိုးပင်အချို့ကိုလည်း ချန်လှပ်ထားရန်လိုကြောင်း၊ ဝါးပင်ခုတ်မည့်ကာလ အပိုင်းအခြားနှင့် ခုတ်သိမ်းမည့်စနစ်ကို စီမံကိန်းချ၍ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်မှ လေးနှစ်ရှိ ဝါးပင်များရင့်စပြုပြီး ခြောက်သွေ့ရာသီအတွင်း ခုတ်သိမ်းခြင်းဖြင့် ဝါးပင်တွင် Starch ပါဝင်မှုနည်းသဖြင့် ဝါးပင်ဖောက်ပိုး Borer များ ဖျက်ဆီးမှုဒဏ်ကို ပို၍ခံနိုင်ကြောင်း၊ ဝါးရုံ၏ အပြင်ဘက်မျက်နှာစာတွင် ဝါးပင်ပျိုများရှိပြီး ဝါးရုံ၏ အလယ်တွင် ဝါးပင်ရင့်များရှိကာ ဝါးပင်ရင့်များအား ရွေးချယ်ခုတ်သိမ်းရသဖြင့် ဝါးရုံသည် မြင်းခွာသဏ္ဍာန် (‘ဂ’ပုံ)ဖြစ်လာသဖြင့် မြင်းခွာရုံအပေါက်မှ အတွင်းသို့ဝင်၍ ဝါးပင်ရင့်များကို ခုတ်သိမ်းနိုင်ကြောင်း၊ ခုတ်သိမ်းပြီး ဝါးပင်များ၏ကိုင်းများ၊ အရွက်များကို ဝါးပင်ခြေရင်းတွင်ဖုံးအုပ်ထားခြင်းဖြင့် ဝါးပင်အတွက် အော်ဂဲနစ်ပစ္စည်းများ ရရှိစေနိုင်ကြောင်းကို မချွင်းမချန်ပြောပြသည်။

ဝါးပင်များခုတ်ယူပြီး အမြတ်ငွေရရှိပုံကို ဆက်လက်ပြောကြားရာတွင် ဝါးတစ်ဧကစိုက်ပျိုးရာ၌ ပထမနှစ်ဝါးစိုက်ပျိုးစရိတ်နှင့် ထိန်းသိမ်းစရိတ်မှာ ကျပ် ၅၀၇၄၅၀ ဖြစ်ပြီး ဒုတိယနှစ် ထိန်းသိမ်းစရိတ် ကျပ် ၆၉၅၀၀၊ တတိယနှစ်ထိန်းသိမ်းစရိတ် ကုန်ကျငွေ ကျပ် ၉၄၂၅၀၊ စတုတ္ထနှစ် ထိန်းသိမ်းစရိတ် ကျပ် ၆၉၅၀၀ ဖြစ်သဖြင့် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၇၄၀၇၀၀ ဖြစ်သဖြင့် စတုတ္ထနှစ်အထိ ဝင်ငွေစာရင်းမှာ ကျပ် ၁၇၁၀၀၀၀ ရရှိနိုင်သဖြင့် စတုတ္ထနှစ်အမြတ်ငွေ ကျပ် ၉၆၉၃၀၀ ခန့်ရရှိနိုင်ကြောင်း၊ ပဉ္စမနှစ်မှစ၍ တစ်နှစ်လျှင် တစ်ဧက ၁၅ သိန်းကျပ်အထက်ဝင်ငွေရရှိနိုင်မည်ဖြစ်သဖြင့် ယင်းသို့စီးပွားဖြစ်ဝါးစိုက်ကွင်းများ တည်ထောင်မည်ဆိုပါက ဝါးပျိုးဥယျာဉ်တစ်ခုမဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထက်ပါအမြတ်ငွေရရှိမှုကို ကြသောင်းဝါးမျိုးဖြင့် တွက်ချက်ထားခြင်းဖြစ်ကြောင်း ထပ်မံရှင်းပြသည်။

တောတောင်၊ ရေမြေ၊ မြစ်ချောင်း၊ အင်းအိုင်ကြီးများအား ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ဝါးများနှင့်သစ်တောများအား ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းမှာ “သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား”ဆိုသကဲ့သို့ သက်ရှိလောကတည်မြဲရေးနှင့် ကမ္ဘာကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လူတိုင်းတွင် တာဝန်ရှိသဖြင့် အထူးသဖြင့် ဝါးကဲ့သို့သောအပင်မျိုးသည် သက်ရှိလောကတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းပြီး အချိန်တိုအတွင်း သစ်တောပြန်လည်ဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှုကိုလျော့ကျစေနိုင်ခြင်း စသည်တို့ကြောင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းဖြင့် အမိနိုင်ငံအဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

***(ကိုးကား-ရတနာစိုး၏ဝါး)***


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၅/က)၊ မြေကွက်တည်နေရာအမှတ်-၇၅/က၊ သိဂီ(၂)လမ်းမြောက်၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအောင်ဆန်းအေး) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးတင်မောင်အေးပါ-၂ မှ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇ဖြင့် ဦးအောင်ဆန်းအေးအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၂ အမိန့်တို့ တင်ပြ၍ တရားရုံးကိုယ်စားဘီလစ်ဒေါ်တင် မေလွင်[၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အသိပေးကြော်ငြာခြင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၉၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၉၈)၊ ရော(၇)လမ်း၊ (ဦးတင်ဝမ်း NGE-039052) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဝမ်းကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးတင်ဝမ်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(မဥ/ည-၁၀၅၅)(၁၁-၉-၉၃) (ဂရန်)မူရင်းအား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)၊ မြေကွက် အမှတ်(၃၄)၊ အမည်ပေါက် ဦးကြည်စိုး[၁၂/ စခန(နိုင်)၀၁၃၂၁၄] မြေကွက်အား မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထား မူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက် ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
နေပြည်တော်

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ဖဒီ(၁၄၊၁၅၊၁၆)၊မြေကွက်အမှတ်(၈၅/B)၊ဧရိယာ(၀.၀၄၃)ဧက၊မြေကွက်တည်နေရာအမှတ်(၃၉၉)၊၃လမ်းမြောက်၊ကြို့ကုန်းအရှေ့ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဒေါ်ခင်ရီ(၁၂/ဗဟန(နိုင်)၀၄၈၆၇၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်ခင်ရီကိုယ်တိုင်မှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ခံဝန်ချက်၊တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးကန့်ကွက်မှုမရှိသဖြင့်ဂရန်မိတ္တူထုတ်ပေးသွားမည်ဖြစ်ပြီးရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှအမှုတွဲအမှတ်-ကက/၂၁၆/၉၀(၅-၁-၁၉၉၃)ရက်နေ့တွင်ထုတ်ပေးခဲ့သောမူလဂရန်အားပယ်ဖျက်သွားမည်ဖြစ်ရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရန်ကုန်တိုင်းဒေသကြီး**
**လွှတ်တော်နှင့် နေအိမ်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့(ရန်ကုန်)**
**အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ဝင်းအတွင်း အလျား(၁၅၃)ပေ×အနံ (၂၅)ပေ (၆) ခန်းတွဲ RC (၄) ထပ်တိုက် (Room Type) ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၄)လုံး တည်ဆောက်လိုပါသည်။
၂။ လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ လွှတ်တော်နှင့် နေအိမ်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်)၊ ဖုန်း (၀၁-၂၃၀၂၁၄၅၊ ၀၁-၂၁၅၄၀၂) တွင် စုံစမ်းဝယ်ယူ/မေးမြန်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၇-၆-၂၀၁၅ရက်
၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၆-၇-၂၀၁၅ရက်
၅။ တင်ဒါဖွင့်ပွဲ ပြုလုပ်မည့်ရက် - ၁၇-၇-၂၀၁၅ရက်၊ ၁၀နာရီ

**MIYAKO CLINIC (ဂျပန်)**

(ဂျပန်အကြောပြင်ဆိုင်အတွက်) အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်။
အတွေ့အကြုံရှိသူ၊ ဝန်ထမ်းလစာ(၁)သိန်းမှစ၍ပေးမည်။ (နေ၊ စား ငြိမ်း)
ရိုးသားကြိုးစားမှုရှိသူအား လစာကောင်းကောင်းပေးမည်။
ဆက်သွယ်ရန်ဖုန်း - 09-253789845, 09-254395658, 09-974694285
ဘိုကလေးဈေးမှတ်တိုင်အနီး၊ (ကုန်သည်လမ်း)

**မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ**

ရန်ကုန်မြို့နေ၊ ဦးခင်မောင်ကျော်(E/E. Raffles Technical Services Pte Ltd., S`pore)-(ဒေါ်အုံးတင်)တို့၏သား
ကိုလွင်ဖုန်းကျော် (3rd Engineer, Hong Lam Marine Pte Ltd., S`pore)၏ညီ
မောင်ရန်နိုင်ကျော် **B.Sc (Physics)**
**IDCS (NCC, UK); IADCS (NCC, UK) (YN Construction)**
နှင့်
ရန်ကုန်မြို့နေ၊ ဦးတင့်လွင် (ဌာနခွဲအင်ဂျင်နီယာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခင်သန်းမြင့်တို့၏သမီး
မောင်ကျော်လွင်ဟိန်း (General Manager, Joosk Illustration )၏အစ်မ၊
မအေးသီရိလွင် **B.A (English)**
**Diploma in Computerized Accounting (UK) (Myanmar International Terminals Thilawa)**

တို့၏ ၇-၅-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်ချိုအားလည်းကောင်း၊ ၁၆-၅-၂၀၁၅ရက်တွင် မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃၁-၅-၂၀၁၅ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့အား ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့်ဇနီးဒေါ်ဝေဝေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အရာရှိလူကြီးမင်းများအားလည်းကောင်း၊ မြန်မာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါမှ အရာရှိလူကြီးမင်း များအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်နှင့် မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးပါသော မသီဂီမြင့်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မသီရိစိုး၊ မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးသော မသီရိဖြိုးအောင်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်ကျော်လွင်ဟိန်းနှင့် မောင်စည်သူထက်၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မခိုင်မွန်မြတ်နှင့် မကေခိုင်ဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ပြုလုပ်ပေးပါသော နဂါးကိုးကောင်စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ ဆံပင်နှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော မေဦးမောင်(တော်ဝင်သူ) နှင့်အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော 7 Picture အဖွဲ့အား လည်းကောင်း၊ Pre Wedding ဓာတ်ပုံရိုက်ကူးပေးပါသော Forever Photo Studio ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော The Aces Music Band အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာပန်းအလှဆင်ပေးပါသော Eternal Flowers အဖွဲ့အားလည်းကောင်း၊ စားသောက်ဖွယ်ရာများနှင့် တည်ခင်းညှော်ခံပေးပါသော Sedona Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများအား လည်းကောင်း၊ ၁-၆-၂၀၁၅ ရက်တွင် Golden Hill Tower ရှိ Cafe On The Hill ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအား စီစဉ်ပေးပါသော Golden Hill Tower မှ အထွေထွေမန်နေဂျာ မဖြူဖြူအောင်နှင့်ဝန်ထမ်းများအားလည်းကောင်း၊ DJ ထက်အောင်၊ မင်္ဂလာညှော်ခံပွဲသို့လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်ကျော်-မအေးသီရိလွင်

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသ ခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ငြိမ်းမောင် စကားကြောင့် ကျွန်တော် ပိုငိုင်သွားမိသည်။ ဘာအကြံမျှလည်း မပေးတတ်။ အကြံမပေးတတ်သူကို ငြိမ်းမောင်က စစ်ကူလာတောင်းပြန်၏။

"ဒါကြောင့်မို့လို့. . . မင်းကို ငါ လာတိုင်ပင်တာပဲ မောင်။ ငါ ဘာလုပ်ရမလဲ "

ရုတ်တရက်သော် . . . ကျွန်တော် ဘာပြန်ပြောရမှန်း မသိ။ သို့ရာတွင် အားကိုးတကြီးနှင့် ကြည့်နေသော ငြိမ်းမောင်၏ မျက်လုံးများကြောင့် အကောင်းဆုံးဖြစ်မည်ထင်သည့် အကြံကို ပေးမိသည်။

"မင်း . . . နှုတ်နဲ့ ပြောဖို့ခက်နေတယ်ထင်ရင် . . . စာနဲ့ရေး ပြောပြပါလား။ စာနဲ့ဆိုတော့ စုံစုံလင်လင်လည်း ရှင်းပြနိုင်တယ်။ ပြောရတာ မဟုတ်တော့ လွတ်လွတ်လပ်လပ်လည်း ရင်ဖွင့်နိုင်တယ်ထင်တယ် . . . "

ငြိမ်းမောင်သည် တောက်ပစွာ ပြုံးသည်။

"အဲ . . . ဒီအကြံကို ငါလည်း ရတယ် . . . ။ ဒါကြောင့်လည်း မင်းဆီ လာအကူအညီတောင်းတာပဲ . . . "

"ငါက ဘာအကူအညီ ပေးရမှာလဲ . . . "

ငြိမ်းမောင်က အားနာပါးနာ ဆက်ပြုံးသည်။ ထို့နောက် ကိုယ်ပြောသည့်စကားကို ကိုယ်မပြောရဲဟန်ခက်ခက်ခဲခဲ ဆိုရှာသည်။

"ဒီလိုကွာ . . . ဟိုဒင်း . . . ။ ငါ . . . အဲ . . . စာ တော့ ရေးချင်တယ် . . . ခက်တာ ဘယ်လိုရေးရမှန်း မသိဘူး။ ဘယ်လိုရေးရမှန်းမသိဘူး ဆိုတာက . . . ကွာ . . . ။ ငါ ဘယ်လိုပြောရမှန်းမသိဘူး။ ဒီလိုကွာ . . . ဟိုဒင်း . . . ပြောချင်တာတွေရှိတယ်၊ အဲဒီပြောချင်တာတွေကို ဟို . . . "

ငြိမ်းမောင် စကားမဆက်နိုင်။ သူ့လက်ချောင်းများက မထိန်းနိုင်စွာ အာရုံကြောလှုပ်ရှားနေသည့်ပမာ စားပွဲကို ကဇာန်းလျှောက်သကဲ့သို့ ခေါက်နေ၏။ သူ့ဒုက္ခကို ရိပ်မိသော ကျွန်တော်က အားပေးရသည်။

"ပြောပါ သူငယ်ချင်း . . . ။ ငါ ဘာကူညီရမလဲ . . . မင်း ရင်ထဲရှိတာကို ရှင်းရှင်းပြောစမ်းပါ "

ငြိမ်းမောင်သည် ဟင်းကနဲ ညည်းရင်း တစ်ချက်ပြုံး၍ ကျွန်တော့်ကို ကြည့်သည်။ ထို့နောက် ခေါင်းကုတ်၏။ တစ်ချီ ပြန်ပြုံး၍ ကြည့်နေပြန်သည်။ စိတ်မရှည်နိုင်သော ကျွန်တော်က အော်သည်။

"ဟေ့ကောင် . . . မင်း ငါ့ကို ဒီလောက်တောင် ပင်ပင်ပန်းပန်း ကြည့်ရအောင် ငါက ခိုင် မဟုတ်သေးပါဘူးကွ . . . ။ ပြောမှာ ပြောစမ်းပါ . . . "

ကျွန်တော် အော်သည်ကို စိတ်မဆိုးဘဲ ငြိမ်းမောင်က ဟီးကနဲ တစ်ချက်ရယ်သည်။

"အေးကွာ . . . ဒါဖြင့် ပြောပါ့မယ် . . . ဟိုကွာ . . . အဲ . . . မင်းငါ့ကို စာရေးပေးမလား . . . " "ဟေ . . . "

ကျွန်တော်သည် မယုံကြည်နိုင်စွာ ငြိမ်းမောင်ကို ကြည့်မိသည်။

ထိုအခါကျတော့လည်း ငြိမ်းမောင်သည် အေးချမ်းစွာ ရှင်းပြသည်။

"ဒီလိုကွာ . . . မင်းက ငါ့ထက် မြန်မာစာ ပိုကောင်းတယ်။ ကဗျာလည်း တတ်တယ်၊ စကားပြောရင်လည်း ရှင်းရှင်းနဲ့ လူနားလည်အောင် ပြောတတ်တယ်။ ငါ့ဘာသာ ရေးရင် ငါရေးချင်တာတွေ မရေးမိဘဲ မရေးချင်တာတွေ ရေးမိမှာ ကြောက်တယ်။ အဲဒီတော့ မင်း ရေးပေးမလား"

ကျွန်တော်သည် ငိုရခက်၊ ရယ်ရခက်နှင့် ငြိမ်းမောင်ကို ကြည့်နေမိသည်။

" ဘာလဲ မောင် . . . မင်း ငါ့ကို မကူညီနိုင်ဘူးလား "

သူက ပူဆာနေပြန်သောကြောင့် ကျွန်တော်က စိတ်ရှုပ်စွာ ပြန်မေးမိသည်။

" နေပါဦး ငြိမ်းမောင်ရ၊ ငါ ဘာတွေရေးပေးရမှာလဲ"

" မခက်ပါဘူး သူငယ်ချင်းရာ။ ဒီလိုလေ . . . ခိုင့်ကို ငါ ဘယ်လောက်ချစ်သလဲ၊ ဘာကြောင့် အဲဒီလို ဘယ်လောက်ချစ်ရသလဲ။ ပြီးတော့ . . . အဲ . . . ပြီးတော့ . . . "

ငြိမ်းမောင်သည် လက်များကို ရှုန်းကန်လှုပ်ရှားနေသည်။ စကားကမူ " ပြီးတော့ . . . ပြီးတော့ . . . "မှ မတက်။ အတန်ကြာ ရုန်းကန်နေပြီးမှ အလွန်ရှင်းလင်းပြတ်သားစွာ ဆိုသည်။

" ပြီးတော့ . . . အဲ ချစ်တယ်ကွာ။ သိပ်ချစ်တယ်။ ပြီးတာပဲ မဟုတ်လား . . . မင်း ရေးပေးနိုင်မလား "

ကျွန်တော်သည် ရယ်ချင်မိသည်။ တစ်ပြိုင်နက်မှာပင် ရင်တွင်း၌ ဆို့နင့်နင့် ဖြစ်မိသောကြောင့်မရယ်မိ။

ငြိမ်းမောင်က မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို ကြည့်၍မေးသည်။

"ဘာလဲ မင်း ငါ့ကို ကြည့်ပြီး ရယ်ချင်နေသလား"

"မရယ်ချင်ပါဘူး သူငယ်ချင်းရာ၊ ငါစဉ်းစားနေတာက ငါ ရေးလို့ ကောင်းပါ့မလားလို့ . . . "

"ကောင်းပါတယ်ကွာ . . . ငါ့ထက်တော့ ကောင်းမှာပဲ။ ငါက စိတ်ချလို့ ရေးခိုင်းတာပဲ ဥစ္စာ။ ဒီလို လုပ်လေ မင်းက ရေးလိုက် ငါက ဖတ်လိုက်လုပ်မယ်။ ကဲကွာ . . ရေးကြရအောင် . . . "

ငြိမ်းမောင်သည် ကျွန်တော့်စာရေးစားပွဲပေါ်မှ စာရေးစက္ကူနှင့် ဖောင်တိန်ကို ဆွဲယူပေးသည်။

မတတ်သာတော့သဖြင့် ကျွန်တော်က စာရေးရန် စဉ်းစားသည်။ ဘယ်က စ,ရေးရမှန်း မသိ။

ငြိမ်းမောင်ကမူ ကျွန်တော့်ကုတင်ပေါ်တက်၍ ပက်လက်လှန် ဒူးချိတ်ရင်း စောင့်နေရှာ၏။

စဉ်းစားမရသည့်အဆုံးတွင် ကျွန်တော်က ရင်တွင်း၌ ပေါ်လာသည်မှ စရေးသည်။

"ချစ်လှစွာသော သူငယ်ချင်း ခိုင် သူငယ်ချင်း တစ်ယောက်အနေနဲ့ စတင်ပြီး ချစ်ခဲ့ရတာမို့ သူငယ်ချင်းလို့ပဲ ခေါ်လိုက်ရတယ် ခိုင်ရေ။

ဒါပေမယ့် ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုယ့်ကို သူငယ်ချင်းလို့ပဲ ဆက်မခေါ်နိုင်မှာကို စိုးရိမ်မိတယ်။ ဆက်ပြီးခေါ်နေမှာကိုလည်း စိုးရိမ်မိတယ် ခိုင်ရယ်"

ကျွန်တော်က ဤမျှ ရေးပြီးသမျှ ငြိမ်းမောင်ကို ပြမိသည်။ ငြိမ်းမောင်သည် ကုတင်ပေါ်၌ မှောက်လိုက်၍ သေချာစွာ ဖတ်သည်။ ဆုံးသောအခါ အားရပါးရ မှတ်ချက်ချသည်။

" အဲ . . . ငါ စိုးရိမ်နေတာလည်း အဲဒါပဲ။ ဟုတ်ပြီ သူငယ်ချင်း ဆက်ရေးပါ . . . ဆက်ရေးပါ . . . "

ကျွန်တော်က ဆက်ရေးပြန်သည်။

"တစ်ခုတော့ ရှိလေရဲ့ ခိုင် . . . ။ ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုးသည် . . . တဲ့ . . . ။ ဆိုရိုးရှိတယ်။ ကိုယ်ဟန်ဆောင်မနေချင်တော့ပါဘူး ခိုင်။ ရန်သူဖြစ်မှာ စိုးတာထက် ရင်မှာ အသစ်ဖြစ်လာတဲ့ သစ္စာပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက် မတင်ဆက်မိလို့ နှောင်းရက်တွေမှာ အချိန်လင့်ရပြီကော ဆိုပြီး ပင့်သက်ဖိုဖို . . . အလိုမကျ . . . နောင်တ,ပိုပိုနဲ့ မငိုရလိုလို့ပဲ ဖြစ်လေတယ် ခိုင် . . . "

ကျွန်တော်သည် ဤနိဒါန်းကို ငြိမ်းမောင်ကို ပြမိပြန်သည်။ ငြိမ်းမောင်သည် အသေအချာဖတ်ပြန်ပြီးနောက် ကျွန်တော့်ကို အံ့သြဟန် မော့ကြည့်လျက်ဆိုသည်။

"ကောင်းလှချည်လား သူငယ်ချင်းရာ . . . ဘုရားစူးရစေရဲ့။ ခိုင်တော့ မသိဘူး၊ ငါ့ကိုယ်ငါတောင် ပြန်သနားမိတယ် . . . "

ကျွန်တော်သည် ငြိမ်းမောင်ကို စိုက်ကြည့်ပြီး အသံမာမာနှင့် မေးသည်။

"မင်း ငါ့ကို သရော်နေတာလား ငြိမ်းမောင် "

ငြိမ်းမောင်သည် နားမလည်ဟန် ကျွန်တော့်ကို ပြန်ကြည့်သည်။

" ငါက မင်းကို ဘာလို့သရော်ရမှာလဲ မောင်ရာ၊ ကောင်းလို့ ကောင်းတယ် ပြောမိတာပါ။ တကတည်းမင်းက . . . သိပ်ချေးကြီးတဲ့ကောင်ပဲ။ ကဲပါကွာ . . . ဆက်ရေးပါ၊ ငါ့ကို မပြနဲ့တော့၊ ပြီးမှပဲ ဖတ်ကြည့် တော့မယ်။ ကဲ . . . ကျေနပ်ပြီလား . . . "

ငြိမ်းမောင်သည် ကုတင်ပေါ်၌ ပက်လက်ပြန်လှန်ပြီး နဖူးပေါ် လက်တင်၍ ငြိမ်နေ၏။ ကျွန်တော်က စာကို ဆက်ရေးသည်။ ငြိမ်းမောင်ကို မပြတော့ဘဲ လက်တွေ့သည့်အတိုင်း မရပ်မနားရေးမိသည်။

ချစ်လှစွာသော သူငယ်ချင်းခိုင် . . . ။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ''ဂုဏ်ယူဝမ်းမြောက်ခြင်း''

Elite Tech Manufacturing Co.,Ltd. မှ

ဦးသန်းဝင်းမောင် (Director of Engineering) + ဒေါ်စီစီပြုံး

တို့၏ သမီး **မအိယမင်းဦး (နဥန- ၂၃၀)** သည် ( ၂၀၁၄-၂၀၁၅ ) ခုနှစ်

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် **(၅) ဘာသာ ဂုဏ်ထူးအား**

**အမှတ်ပေါင်း ( ၅၂၆ ) မှတ်** ဖြင့်လည်းကောင်း၊

ဦးနိုင်ထွန်းလှိုင် (Chief Engineer) + ဒေါ်စုမြတ်ထွေး

တို့၏ သမီး **မသက်ထက်နှင်းလှိုင် (ဆဗဟ- ၃၄၅)** သည် ( ၂၀၁၄-၂၀၁၅ ) ခုနှစ်

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် **ဘာသာစုံဂုဏ်ထူး အမှတ်ပေါင်း ( ၅၁၉ ) မှတ်** ဖြင့်

ဖြေဆိုအောင်မြင်ခဲ့၍ မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်

ဆတက်ထမ်းပိုးအောင်မြင်မှုများ ဆွတ်ခူးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Elite Tech Manufacturing Co.,Ltd.**
**BOD နှင့် ဝန်ထမ်းများ**

# ရှာငံမြို့ ပင်းတယမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ပြည်နယ်ဝန်ကြီးချုပ် တာဝန်ရှိသူများနှင့်တွေ့ဆုံ

**တောင်ကြီး ဇွန် ၁၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ အဖွဲ့ဝင်များ၊ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူတို့နှင့်အတူ ဇွန် ၁၃ ရက် နံနက် ၉နာရီကဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်ရှိ ဗထူးခန်းမ၌ ရှာငံမြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက်တွေ့ဆုံကြကြောင်း သိရသည်။

ရှာငံမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းဦးနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ငွေတို့က လျှပ်စစ်မီးလင်းရေး၊ လမ်းများကောင်းမွန်ရေး၊ စာသင်ကျောင်းများ ရေကောင်းရေသန့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတင်ပြခဲ့ပြီး ပင်းတယမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏသိန်းနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်တို့က ကားကြီးကွင်းတည်ဆောက်ပေးရန်ကိစ္စရပ်များ၊ နွေရာသီရေအခက်အခဲကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ရှာငံ၊ ပင်းတယမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က တင်ပြချက်အပေါ် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ဒေသဆိုင်ရာအခြေအနေများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ၚင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများမှ ရှာငံ၊ ပင်းတယမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးများမှ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို တစ်မြို့နယ်လျှင် အလှူငွေကျပ်သိန်း ၁၀၀ စီနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၆၀၀ စီတို့ကို ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးစိုင်းဆာလူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့ကပေးအပ်ခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က လမ်းများကောင်းမွန်ပါက ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိဖို့လိုကြောင်း၊ မြစိမ်းရောင်ချေးငွေကိစ္စရပ်များ၊ လျှပ်စစ်မီးလင်းရေးကို ဒေသချေးငွေဖြင့် လျှပ်စစ်မီးရရှိရေးကိစ္စရပ်များကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်ကဆက်လက်ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့မှ တင်ပြချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုကို မှတ်တမ်းမှတ်ရာများထားရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ချိတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရမည့် မည်သည့်အလုပ်ကိုမဆိုစနစ်တကျ စာရင်းထားရှိရန် လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပထမဆုံးအကြိမ် ရှာငံမြို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရကြောင်း၊ စီမံဆောင်ရွက်ရမည့် လုပ်ငန်းများ ပေါ်လာသည့်အတွက် အားလုံးပူးပေါင်း၍ တက်ညီလက်ညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဗိဿနိုးလမ်းများအဆင့်မြှင့်ရန် သန်း ၁၀၀၀ ကျော်သုံးစွဲ

**တောင်တွင်းကြီး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအနီးပတ်ဝန်းကျင်ကျေးရွာများမှ လမ်းများ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရေးဆောင်ရွက်ရန် ကျပ်သန်းပေါင်း ၁၀၀၀ ကျော်သုံးစွဲသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၀၄၈ ဒသမ ၂၈၀ သန်းဖြင့် ကျေးလက်လမ်း ၁၆ ခုကို ကျောက်ချောလမ်းခင်းခြင်း၊ မြေသားလမ်းခင်းခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းတွင် ကုက္ကိုခွ-ပျားတုလမ်း ကျောက်ချောလမ်းခင်းခြင်း ၁/၂ မိုင်၊ ကုက္ကိုခွ-ပျားတုလမ်း မြေသားလမ်းခင်းခြင်း ၂/၂ မိုင်၊ ရွှေရောင်တော်-ကြက်ဆူတောလမ်း ကျောက်ချောလမ်းခင်းခြင်း ၁/၃ မိုင်၊ မကွေး-တောင်တွင်း-လက်ပံရှည်လမ်း ကျောက်ချောလမ်းခင်းခြင်း ၀/၇ မိုင်တို့ကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**နိုင်ဝင်း**



# ဇမ္ဗူသီရိမြို့နယ်တွင်ပုလဲသွယ် စံကွက်ရိတ်သိမ်း

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် အဆင့်မြင့်လယ်ယာမြေ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းခြင်းအား ဇွန် ၁၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဌာနမှူး ဦးဇော်မင်းအောင်၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်၊ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ကွိုက်ကာနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOAI) တို့ ပူးပေါင်းဖော်ဆောင်သည့် တဲကြီးကုန်းကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာမြေ ၂၄၅ ဧကအနက် တောင်သူဦးကျော်အေး၏ ကွင်းအမှတ် ၁၆၅၉ ရှိ စိုက်ဧကတစ်ဧကအတွင်း သုည ဒသမ ၀၀၁ စံကွက်အား ရိတ်သိမ်းရာ ပုလဲသွယ်စပ်မျိုးစပါး ၁၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711

Uk နိုင်ငံ၏ Edexcel ပညာရေးအဖွဲ့အစည်း မှ တိုက်ရိုက်ချီးမြှင့်သည့် Higher National Diploma (HND) Certificate ရရှိမည့်တန်းခွဲသစ်အား ၂၀၁၅ ဇူလိုင်လ (၆)ရက်နေ့တွင်ဖွင့်လှစ်သွားပါမည်။

အခြေခံပညာ အထက်တန်းနှင့် LCCI Level '3'၊ GCE "O" Level အောင်မြင်ထားသူများတက်ရောက်နိုင်ပါသည်။

အောက်ပါဘာသာရပ်များအတွက် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများအတိုင်း ကျောင်းသားဦးရေ ကန့်သတ်၍ ဖွင့်လှစ်ရန်စီစဉ်ထားပါသည်။

- Construction & the Built Environment (Civil Engineering)
- Mechanical Engineering
- Electrical & Electronic Engineering
- Business
- Information Technology (IT) System Development

နိုင်ငံတကာပညာရေးနယ်ပယ်သို့ စိတ်ပါဝင်စားသူတိုင်းလိုအပ်သည့် English ဘာသာ ကျွမ်းကျင်မှု (4 Skills)ကိုအတွေ့အကြုံရှိသည့် ဌာနမှူး (ငြိမ်း) များမှ ကြီးကြပ်၍ Native Speaker များနှင့်အတူ တွဲဖက်သင်ကြားပေးလျက်ရှိပါသည်။

၂၀၁၅ ဇွန်လ (၁၅) ရက်နေ့အထိကြိုတင်စာရင်းပေးသူများအား Samsung Galaxy Tab 4 (8") တစ်လုံးမဲဖောက်လက်ဆောင်ရရှိပါမည်။

အသေးစိတ်သိရှိလိုပါက - "ကျောင်းသားရေးရာဌာန"
ဖုန်း - ၀၁-၂၂၀၄၇၆ ၊ ၀၉ - ၇၃၁၆၃၉၇၅

အမှတ်(၁၀၈)၊ နှင်းဆီလမ်း (အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Website : www.myanmarnoblecollege.com.mm

ကွန်ပျူတာဂိမ်းဆိုင်ရောင်းမည်
ကွန်ပျူတာ(၂၀)လုံး
မီးစက်(၂)လုံး
မီးအားမြှင့်စက်(၂)လုံး
ဖုန်း-၀၉-၅၀၂၀၄၉၈၊ ၀၉-၉၇၆၅၄၅၃၈၉

ရုပ်ထု
သယ်ပန်း၊ သဲဝင်၊ ဆေး၊ ပေါက်တံပါး၊
အလှုပ်ပနိုင်းလုပ်ငန်း၊
Ph:09-5031107, 09-5008411
095028986

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

KOREA နိုင်ငံရှိ GET NEW SKIN KOREA CO.,LTD. မှ SPECIAL POWER OF ATTORNEY (NO.213/2015) အရ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ ဖြန့်ချိရောင်းချခွင့် တစ်ဦးတည်းမူပိုင်အဖြစ်ရရှိသူ ဦးအောင်ထွန်းဝင်း (၁၃/မဆန(နိုင်)၀၀၅၀၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

GET NEW SKIN KOREA
မှတ်ပုံတင်စာချုပ်အမှတ်- ၄/၆၃၉၃/၂၀၁၅

JANT BLANC
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၄/၂၀၁၅

JA HWANG SU
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၅/၂၀၁၅

DA HUIN YUN BIT
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၆/၂၀၁၅

YE DAM YUN BIT
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၇/၂၀၁၅

YE DAM HU
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၈/၂၀၁၅

GET NEW SKIN
ALL WANTED
မှတ်ပုံတင်စာချုပ်အမှတ်-၄/၆၃၉၉/၂၀၁၅

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်စာတမ်း၊ အမှတ်အသားနှင့် အရွယ်အစား အမျိုးမျိုးတို့အား တစ်ဦးတည်း မူပိုင်အဖြစ်သုံးစွဲရန် ဦးအောင်ထွန်းဝင်းအမည်ဖြင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင် သွင်းပြီး ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အလှကုန်ပစ္စည်းအမျိုးအစားအမျိုးမျိုး၊ အရွယ်အစား မျိုးစုံနှင့် ဆက်စပ်သော ထုပ်ပိုးပစ္စည်းများကို နည်းမျိုးစုံဖြင့် ကြော်ငြာခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ် အမှတ်အသားတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းအေး (LL.B) [အထက်တန်းရှေ့နေ] [စဉ်-၃၉၆၄၉]
အမှတ်(၆၈)၊ နဝဒေးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၇၂၀ ၂၀

# ညောင်တုန်းမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း လူမှုကူညီရေး ပရဟိတအဖွဲ့များသို့ အလှူငွေပေးအပ်

**ညောင်တုန်း ဇွန် ၁၆**

ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးမှကြီးမှူး ကျင်းပသော စတုတ္ထအကြိမ်မြောက် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများအား ကုသိုလ်ပြုအလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်ပိုင်းက နိုင်ငံအေးဘုရားကြီးတွင် ကျင်းပရာ အလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အဘိဓမ္မာသင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဆရာတော် ဦးဇဋိလ၊ ဦးဇဝနနှင့် ဆရာဦးမြင့်စိုးတို့က အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော် စသည်များကို (စနေ၊ တနင်္ဂနွေနေ့)တိုင်း ပို့ချပေးလျက်ရှိပြီး လှုငယ်တရားပွဲများပြုလုပ်ခြင်း၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကိုဖွဲ့စည်းပြီး မျက်မမြင်ကျောင်း၊ မိဘမဲ့ပရဟိတသင်တန်းကျောင်း၊ ဘိုးဘွားရိပ်သာများသို့ နှစ်စဉ် သွားရောက်လှူဒါန်းလျက်ရှိရာ ယခုနှစ်သည် စတုတ္ထအကြိမ်မြောက်ဖြစ်သည်။

ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလုပ်ကိုင်လျက်ရှိသော တောင်ညိုကျောင်းတိုက်တွင် မျက်စိဆေးခန်းဆောက်လုပ်ရန် တစ်သိန်းကျပ်၊ ပန်းဧရာအခမဲ့ဆေးခန်းသို့ လှူဒါန်းငွေတစ်သိန်းကျပ်၊ ရပ်ကွက်(၆) အခမဲ့ဆေးခန်းသို့ လှူဒါန်းငွေတစ်သိန်းကျပ်၊ ရှင်သန်လူမှုကူညီရေးကွန်ရက်အဖွဲ့အစည်းသို့လှူဒါန်းငွေ တစ်သိန်းကျပ်၊ အခမဲ့လူနာတင်ကားသို့ လှူဒါန်းငွေ တစ်သိန်းကျပ်၊ လူနာတင်ကားများနှင့် နာရေးကားများပြုပြင်ရန်အတွက် လှူဒါန်းငွေ တစ်သိန်းကျပ်နှင့် နာရေးကူညီမှုအသင်း (ညောင်တုန်း)သို့ လှူဒါန်းငွေတစ်သိန်းကျပ် စုစုပေါင်းလှူဒါန်းငွေကျပ် ခုနစ်သိန်းအား အဘိဓမ္မာပြန့်ပွားရေးအသင်း(ညောင်တုန်း)မှ ဆရာဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ လူမှုကူညီရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ယင်းအဘိဓမ္မာပြန့်ပွားရေးအသင်း(ညောင်တုန်း) ပရဟိတလူမှုကူညီရေးအဖွဲ့သည် ဇူလိုင် ၁ ရက်တွင် တွံတေးမြို့နှင့် ကော့မှူးမြို့နယ်များရှိ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းများသို့ ပရဟိတအကျိုးပြုလုပ်ငန်းများအတွက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

**ထွန်းကျော်(ညောင်တုန်း)**

# တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုး မူးယစ်ဆိုင်ရာဟောပြော



**တာချီလိတ် ဇွန် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယင်းမာအထူးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၇ နာရီခွဲက လွယ်တော်ခမ်းကျေးရွာအုပ်စု ဂျော့ပကျေးရွာရှိ ဘုရားကျောင်း၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ပြီး ယင်းနေ့တွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ယင်းမာအထူးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေး၊ ကာကွယ်ကုသရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက မွေးမြူရေးနှင့်ကုသရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကာကွယ်တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းမောင်က ကျေးလက်ဒေသလူမှုဘဝမြင့်တင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲပြီးနောက် အိမ်ထောင်စု ၇၀၊ လူဦးရေ ၃၄၁ ဦးနေထိုင်သော ဂျော့ပကျေးရွာရှိ ကျွဲ ၁၉ ကောင်၊ နွား ၂၅ ကောင်၊ ဆိတ် ၄၂ ကောင်၊ ခွေးကိုးကောင်၊ ဝက် ၁၅၉ ကောင်တို့အား သံချဆေး၊ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှဌေး(ပြန်/ဆက်)**

# မိုးရာသီသစ်ပင်စိုက်၍ထောက်ပံ့ပစ္စည်းများပေးအပ်

**ချင်းရွှေဟော် ဇွန် ၁၆**

လောက်ကိုင်ဒေသတွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာပြီဖြစ်ရာ ဇွန် ၁၃ ရက် နံနက် ၈ နာရီက လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပြုလုပ်ရာ လောက်ကိုင်ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ် စစ်အုပ်ချုပ်ရေးမှူး ဗိုလ်မှူးကြီးစောမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် ကျွန်းနှင့် မဲဇလီပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ စစ်အုပ်ချုပ်ရေးမှူးသည် ချင်းရွှေဟော်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ စစ်ဘေးတိမ်းရှောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ပေးအပ်ခဲ့ပြီး ချင်းရွှေဟော်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအားဂုဏ်ပြု

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုသည့်အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး ရဲမှူးကြီးကျော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းသား၊ ကျောင်းသူများကို စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဦး၊ ရိုးရိုးအောင်မြင်သူ ၃၂ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**ကိုကိုရှူပ(နေပြည်တော်)**


တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ

ပညာရေး ဆွေးနွေးပွဲ

- တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတ်ပုံတင်ရက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း။
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ။
- မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ

(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ဟောပြောမည့်သူ | ..... | ဦးဝင်းထိန်ဝင်း (GUSTO International College) |
| နေ့ရက် | ..... | ၂၄.၆.၂၀၁၅ (ဗုဒ္ဓဟူးနေ့) |
| အချိန် | ..... | နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ |
| နေရာ | ..... | Sule Shangri - La Hotel (တောင်ငူခန်းမ) |

လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေးတက်ရောက်ပါရန် (အခမဲ့)
Call Now : 09 8628806, 09 73031302,01 504632



ဝမ်းတော်ပြည့်ပညာဒါန
L.C.C.I Level I & II စာရင်းကိုင်သင်တန်း
စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။
သင်တန်းဖွင့်မည့်နေ့ ။ ၆.၇.၂၀၁၅(တနင်္လာနေ့)ဖွင့်မည်။
သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ နေ့လယ် (၉း၃၀)မှ(၁၁း၃၀)ထိ။
သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့်ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ဖုန်း-၀၉၅၄၁၀၉၀၉၊ ၀၉၅၀၈၈၂၆၄ သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်းသွင်းတက်ရောက်သင်ယူနိုင်ပါသည်။



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်
ဟုမ်းလမ်းမှတ်တိုင်အနီး၊ အမှတ် (၅၂၄)၊ (၅)လွှာ၊
ပေ ( ၃၀ x ၇၀ )၊ ဓါတ်လှေကားပါ၊
လူနေအိမ်၊ရုံးခန်းကွဲသုံး၍ရသည်။
ညှိနိုင်းဈေး
ဆက်သွယ်ရန် - 01-210438/ 210249/ 09-5010153



နှစ်ချုပ်ဖြင့်ငှားမည်
အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်
ဟုမ်းလမ်းမှတ်တိုင်အနီး၊ မြေညီထပ်၊
ပေ ( ၃၀ x ၇၀ )၊
Show Room/ ရုံးခန်း အသုံးပြုနိုင်သည်။
ညှိနိုင်းဈေး
ဆက်သွယ်ရန် - 01-210438/ 210249/ 09-5010153



BabyChoice cloth diaper
အဝတ်စဖြင့်ပြုလုပ်ထားသော ကလေးဆီး-ဝမ်းခံ ဘောင်းဘီ
အကြိမ်ကြိမ် ပြန်လည်လျှော်ဖွတ်သုံးနိုင်ခြင်း။ ကလေး ၁-လသားမှ ၂-နှစ်သားဝန်းကျင်ထိ နိပ်စိများဖြင့် အလျော့အတင်းလုပ်ပြီး သုံးနိုင်ခြင်း။ ပိုးစိမ့်မှုမရှိခြင်း။
စုပ်ယူမှုအားကောင်း၍ ၈-နာရီမှ ၁၂-နာရီကြာခံခြင်း။
အသားမှုလောင်မှုမဖြစ်ခြင်း။ ကုန်ကျစရိတ်သက်သာစေခြင်း။
လက်လီ-လက္ကား ရပြီ။ ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။
အေ-၅/၁၀၊ ၆၅-လမ်း၊ မြို့သစ်(၁)၊ မန္တလေးမြို့
၀၉-၇၉၇၇၇၇၂၇၈၊ ၀၉-၇၉၇၇၇၇၂၇၉၊ ၀၉-၂၀၃၃၃၄၅



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၀/စီ(ကုန်းတလဘောင်)မြေကွက်အမှတ်-၁၇၁(၁. ၄၁၅)ဧက မြေကွက်တည်နေရာအမှတ်(၁၇၁)၊ သစ်ခွစိုက်ပျိုးရေးအထူးဇုန်၊ ရွှေနံ့သာ စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ခွအထူးဇုန်လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိသူ အမည်ပေါက် ဗိုလ်ချုပ်လှရွှေမြေအား ဒေါ်နှင်းနှင်းအေး[၇/တင(နိုင်)၀၀၀၇၈၁]မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်းထောက်ခံစာ၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ရွှေနံ့သာဘားလားသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာမူရင်းတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပြောင်းရွှေ့အလုပ်သမားသားသမီးများကျောင်းကားရရန် သံအရာရှိများငွေလှူဒါန်း

**မဟာချိုင် ဇွန် ၁၆**

ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးငယ်များအား မြန်မာပညာရေးမူဝါဒအတိုင်း ပညာသင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အကြို-အပို့အတွက်ကျောင်းကားကိစ္စမှာ အခက်ခဲဖြစ်နေရာ ကျောင်းကားတစ်စီး ထုတ်ယူနိုင်ရေးအတွက် ငွေအခက်အခဲဖြစ်နေသောကြောင့် အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် ဦးစိုးနိုင်တို့က ကျောင်းဆရာ၊ ဆရာမများထံ အလှူငွေ ဘတ် ၅၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာဂုဏ်ဆောင်အခြေခံ ပညာမူလတန်းကျောင်း၏ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ပွဲအခမ်းအနားအား စမွတ်စာခွန်ခရိုင် မဟာချိုင်မြို့ ဝေလရပ်ကွက် ၁ လမ်းထိပ် (စီဝီချိုင်ဟဆေးရုံအနောက်) ရှိ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၁၄ ရက် နံနက် ၁၁ နာရီက ကျင်းပပြုလုပ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် ဦးစိုးနိုင်တို့ တက်ရောက်ခဲ့ကြပြီး အလှူငွေများလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းတည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာကိုစောမောင်က ဆက်သွယ်ပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးလှထွန်းက မိတ်ဆက်အမှာစကားပြောကြားရာတွင် မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးငယ်များအား မြန်မာပညာရေးမူဝါဒအတိုင်း ပညာသင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းမှာ ယခုကဲ့သို့ တိုင်းတစ်ပါး၌ မြန်မာကလေးငယ်များအား ပညာသင်ကြားပေးနေသည့်အတွက် မိမိမှာ အထူးဝမ်းသာရကြောင်း၊ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား မိမိ၏ သားသမီးများကဲ့သို့ သဘောထားကြောင်းနှင့် ကျောင်း၌ လိုအပ်သည်များကိုလည်း မိမိအနေဖြင့်တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အလုပ်သမားသံအရာရှိဖြစ်သူ ဦးစိုးနိုင်က "ဒီကလေးငယ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ် အားအင်တွေဖြစ်ပါတယ်။ အခုလို ကျောင်းလေးဖြစ်မြောက်အောင် တည်ထောင်ခဲ့ကြသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်။ မိမိတို့ဘက်မှလည်း တတ်နိုင်သမျှကို ကူညီပံ့ပိုးပေးသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းဖွင့်ပွဲအခမ်းအနားသို့တတ်ရောက်လာကြသည့် ကျောင်းသားမိဘများနှင့် အလုပ်သမားသံအရာရှိများမှ အပြန်လှန်ဆွေးနွေးခဲ့ကြရာ ကျောင်းသားမိဘတစ်ဦးက "ကျွန်တော်တို့အနေနဲ့ တိုင်းတစ်ပါးကို အခြေအနေအမျိုးမျိုးကြောင့် မဖြစ်နိုင်လို့သာ ထွက်လာခဲ့ရတာပါ၊ မြန်မာနိုင်ငံမှာဆိုလည်း ကျောထောက်နောက်ခံ ဆွေမျိုးများမရှိကြတော့လို့ ကျွန်တော်တို့နဲ့အတူ သားသမီးများကို ထိုင်းနိုင်ငံကို ခေါ်ဆောင်လာခဲ့ရတာပါ။ အဲ့ဒီလိုခေါ်ဆောင်လာခဲ့ရတဲ့အတွက် သားသမီးတွေရဲ့ ပညာရေးလည်း ထိခိုက်ရပါတယ်။

"အခုလို ပြည်ပနိုင်ငံမှာ မြန်မာပညာရေးမူဝါဒအတိုင်း ပညာသင်ကြားပေး နေတဲ့ကျောင်းလေးတွေရှိလို့ ဝမ်းသာရပါပြီ။ ဒါပေမယ့်ကျွန်တော်တို့သားသမီးတွေ မြန်မာနိုင်ငံမှာပါ ဆက်လက်ပညာသင်ကြားခွင့်ရရှိအောင် ထပ်မံကူညီပေးစေလိုပါတယ်" ဟု မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

**စိုးဝင်း(MLA)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Golden Hours Co.Ltd. မှ တာဝန်ယူဆောင်ရွက်သော ငါးကျီးကျေးရွာတွင် ဇွန် ၁၄ ရက်မှစတင်၍ စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်းကိုပြုလုပ်ရာ မကြာမီပြီးစီးတော့မည်ဖြစ်ပြီး ပြီးစီးသွားပါက ဒေသနေပြည်သူ ၂၂၂ ဦး၊ အိမ်ခြေ ၆၀ တို့အတွက် သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - တင်မြင့်(နတ်တလင်း)

# အောင်လံမြို့နယ်တွင်လူသတ်မှုဖြစ်

**အောင်လံ ဇွန် ၁၆**

အောင်လံမြို့နယ် စမြကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ဇွန်၁၃ရက် မွန်းတည့်ချိန်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ သေဆုံးသူမှာ မထက်ထက်ခိုင် (၁၄) နှစ် ရွာသစ်ရွာတွင်နေထိုင်သူဖြစ်ကြောင်း သိရသည်။

မထက်ထက်ခိုင်မှာ ယင်းနေ့က ဦးတင်ထွန်း၏ယာခင်းတွင် ယာခင်းပိုင်ရှင်၏ဇနီး ဒေါ်အေးသိန်းနှင့်အတူ မထက်ထက်ခိုင်၊ မဌေးယုလှိုင်တို့ညီအစ်မ ပေါင်းထိုးနေစဉ် မထက်ထက်ခိုင်၏ဖခင် ဦးငစိုးနှင့် မယားညီအစ်ကိုတော်စပ်သူ ကံမြင့် ၄၃ နှစ် ရွာသစ်ရွာနေသူ ရောက်ရှိလာပြီး တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ မထက်ထက်ခိုင်အား ဓားဖြင့်ခုတ်သဖြင့် မထက်ထက်ခိုင် ကထွက်ပြေးရာ ကံမြင့်က နောက်မှလိုက်ပြီး ထက်ထက်ခိုင်လဲကျသွားစဉ် ဓားမဖြင့် သုံးချက်ထပ်မံခုတ်သဖြင့် မထက်ထက်ခိုင်မှာ ယာခင်းအလယ်တွင် သေဆုံးသွားပြီး ကံမြင့်မှာ ဓားကိုင်လျက် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယင်းကြောင့် တရားခံကံမြင့်အား ဒုရဲဗိုလ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သိန်းလွင် (ပြန်/ဆက်)**

# ထောက်ပံ့ကြေးပေးအပ်

**မန္တလေး ဇွန် ၁၆**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ပညာသင်ထောက်ပံ့မှု ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ဝန်ထမ်း ၂၁ ဦး၏ သားသမီး ၂၉ ဦးတို့ကို ပညာသင်ထောက်ပံ့ကြေးများ တစ်ဦးချင်းအလိုက်ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

**ဖြိုးဝေ(ဆင်တဲဝ)**

**POSSIBLE** Travels & Tours

| | | |
|---|---|---|
| သံတောင်ကြီး-ဗိုးကျားဆင်စခန်း | June 20,27 | (35000/Ks) |
| ကရင်ပြည်နယ်-ဘားအံ-ကျိုထော်ရေတံခွန် | June 20,27 | (35000/Ks) |
| မော်လမြိုင်-ကျိုက္ကမီ-ဇင်းကျိုက်ရေတံခွန် | June 20,27 | (35000/Ks) |
| ပြည်-ထုံးဘို-အကောက်တောင် | June 20,27 | (35000/Ks) |
| သထုံ-ဘီးလင်း-ဇင်းကျိုက်ရေတံခွန် | June 20,27 | (35000/Ks) |

➤အဆင့်မြင့် Scania ကား၊ အဆင့်မြင့်စားသောက်ဆိုင်များဖြင့်သာ စီစဉ်ပေးပါသည်။➤
Ph: 01-706716, 09-259257822~3, 09-250790919, 09-420179988

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်မြို့နယ်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

| | | |
|---|---|---|
| ဒေါ်မြင့်အေး | နှင့် | ဦးအောင်ကျော်မိုး |
| တရားလို | | တရားပြိုင် |

ဦးအောင်ကျော်မိုး အမှတ်(၆၆၅)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့နေ (ယခုလိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်အေးက နေအိမ်နှင့်နေအိမ်တည်ရှိရာ မြေကွက်ကို ဝယ်ယူ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ်၊ ဇွန်လ ၂၃ရက်၊ (၁၃၇၇ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးမြစန္ဒာချို)
တွဲဖက်မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

**သန်းဌေးနှင့်ရောင်းရင်းများ ၏ ဝါဆိုခရီးစဉ်များ**

JUN-19/26, JULY-3/10/17/24/30/31, Aug-7/14/21/28 ကျိုက်ထီးရိုး၊ ချောင်းသာ (အဂ်ီ/သောကြာ)

▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။ ▲ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်း (၄) ရက်။ ▲ သရေခေတ္တရာ၊ ပိသနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။ ▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။ ▲ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံဂူ (၅) ဂူ၊ မဲလဲဆံတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး၊ ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ဇင်းကျိုက်ရေတံခွန်၊ နွားလဘိုတောင်၊ မဲလဲဆံတော်ရှင် (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး။ ▲ (ဇလွန်)။ ▲ (မဲလဲဆံတော်ရှင်၊ ကျောက်ပိရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ။ ▲ နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်) ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟပဟာဟောစိစေတီတော်၊ ဆာဟာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း။

ပင်ရင်း (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (**MIEDC**)တွင် ဇွန်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**"Logistics Management Course for Entrepreneurs"**

| | | |
|---|---|---|
| စတင်ဖွင့်လှစ်မည့်ရက်စွဲ | - | ၂၃-၆-၂၀၁၅ရက် မှ ၂-၇-၂၀၁၅ရက် (ညနေပိုင်း ၈ရက်သင်တန်း) |
| သင်တန်းကြေး | - | ၄၀၀၀၀(ကျပ်လေးသောင်းတိတိ) |

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| သင်တန်းစုံစမ်းရန် | - | ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) |
| ဖုန်း | - | ၅၂၂၈၇၅၊ ၅၂၂၈၇၆ |

**မြန်မာကော်တွန်-ကူမွေဏီ**

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa. Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၉)သီဟတပ်ခွဲ သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၉) သီဟတပ်ခွဲ၏ (၂၅)နှစ်မြောက် ကျောင်းဆင်းငွေရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲအား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သဖြင့် သူငယ်ချင်းများ ပါဝင်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| ဆွမ်းဆက်ကပ်ခြင်းနှင့် | နေ့ရက်/အချိန် | နေရာ |
|---|---|---|
| ဆရာကန်တော့ပွဲကျင်းပခြင်း | ၂၀-၆-၂၀၁၅ ၉း၀၀နာရီ | အလှူတော်မင်္ဂလာခန်းမ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်း |
| ဂေါက်သီးရိုက်ကစားခြင်း | ၂၀-၆-၂၀၁၅ ၁၃း၀၀နာရီ | Y.C.D.C ဂေါက်ကွင်း |
| တွေ့ဆုံညစာစားပွဲ | ၂၀-၆-၂၀၁၅ ၁၈း၀၀နာရီ | COLOUR STONE စားတော်ဆက် ကျိုက္ကဆံစူပါဝမ်းနှင့် မျက်နှာချင်းဆိုင် I.L.B.Cအနီး၊ တာမွေ |

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန်သူငယ်ချင်းများ၏ ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်ရန်-ခင်ငွေ ၀၉၅၀၃၄၉၃၅၊ မျိုးမြင့် ၀၉၅၁၅၆၀၁၃၊ ထွန်းညွန့် ၀၉၄၄၈၀၂၃၆၁၉၊ ကျော်ငွေ ၀၉၇၃၂၄၄၇၇၀၊ မြသန်း ၀၉၅၁၃၀၀၃၀၊ ဝင်းကိုကို ၀၉-၅၀၂၆၃၄၈၊ ရဲမြင့်ကျော် ၀၉၅၀၁၆၅၂၂၊ အောင်ကျော်မင်း ၀၉၄၂၁၇၃၂၇၃၃၊ ယဉ်ကြည် ၀၉၇၃၀၆၅၇၇၂

**အောင်ထိပ်တန်း** ဆရာ A.K.T ဆရာ ဟိန်းထက်ဇော်
D.S.A, D.S.T.A, D.S.M.A
အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ
ဗိုလ်လောင်းဝင်ခွင့်ရေးဖြေသင်တန်းများ
အမှတ်(၆၆/၆၈)၊ အခန်း(၇/D)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်။
Ph:09-5161340, 09-5192762, 09-73060218

**ပုတ်ပြတ်** လုပ်လိုသူများဆက်သွယ်ရန်

ပန်းရံ၊ ချိုကွေး၊ လက်သမား၊ ရေပိုက်၊ ဆေး၊ **Wallpaper**၊ ကြွေပြား၊ ပါကေး၊ ဂျက်ဆင်ဘုတ် နှင့် ပလာစတာ ကောနစ် လုပ်ငန်းများကို အထပ်မြင့်ဆောက်အဦတွင် **P.A.E** ပုတ်ပြတ် လုပ်ကိုင်လိုသူများ ဈေးနှုန်း၊ လုပ်ငန်းနမူနာဓါတ်ပုံများနှင့်တကွ လာရောက်ဆက်သွယ်လျှောက်ထားနိုင်ပါသည်။
အမှတ် ၁၁/ဃ၊ သီတာအေး၊ အကွက် (၉၀၁)၊ သိပ္ပံလမ်းနှင့် ရတနာပုံလမ်းထောင့်၊ မန္တလေးမြို့
Ph: 09 975679511, 09 975679522

ကြော်ငြာ


ဦးအောင်အောင် LCCI

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level I+II 15%Dis: SAT-SUN 7-8:30 am 20.6.15 | THU-FRI 9:30-11:30 am 25.6.15 | SUN 2-5:00 pm 5.7.15

Level III 15%Dis: (A) MON to WED 10 am-4 pm 22.6.15 (B) SUN 9 am-5 pm 28.6.15 (C) MON to SUN 6 pm-8 pm 6.7.15

အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း

ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇၅၁၀၃၀၀၂၊ ၀၉၇၈ ၅၁၀၃၀၀၂



(VAC)® VALUE ADDED CONSULTANCY မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com

Ph: 01-395921, 01-395922, 09-73022727, 09-5102094

Email ဖြင့်အလုပ်လျှောက်နိုင်သည်။ CV ကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

**Job Openings for Foreign Telecom Firms @ VAC**

**Call Center Planning Manager - Officer** (2)
- Ability to Perform Planning, Workforce Management, Data Collection
- Exp In Call Center Management Preferred

**Call Center Planning- System Manager - Officer** (1)
- Exp In System Management as End Users as Per Job Specification
- Exp In Call Center Management Preferred

**Call Center Training Manager - Officer** (2)
- Ability to Perform Development of Training Programs
- Exp In Call Center Management Preferred

**Call Center Operation Support Manager - Officer** (2)
- Ability to Perform Call Center Operation Management
- Exp In Call Center Management Preferred

**Customer Care Planning Manager - Officer** (2)
- Ability to Perform Total Planning , Budget & Expenditure
- Exp In Call Center Management Preferred

**Customer Care Planning- System Manager - Officer** (1)
- Exp In System Management as End Users as Per Job Specification
- Exp In Call Center Management Preferred

**Customer Care Service Operation Manager - Officer** (2)
- Ability to Perform Planning for Operation in line with Service & Product
- Exp In Mobile Business Or Call Center Management Preferred

**Wholesale Process & IT Manager - Officer** (1)
- Exp In Process Management ( Order Control,Documents Control,Billing )

မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံခြားကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများကို အချိန်နှင့်တစ်ပြေးညီ အချက်အလက်ပြည့်စုံစွာသိရှိနိုင်ရန် "Value Added Consultancy" Page အား Like လုပ်ထားကြရအောင်

Value Added Consultancy

Value Added Consultancy-Perfect Supply Services Co.,Ltd


# ဂုဏ်ယူဝမ်းမြောက်ခြင်း

HITACHI SHOW ROOM (LAMINSANDAR)

မဟာဗန္ဓုလပန်းခြံလမ်း၊ ပိုင်ရှင် ဦးစိန်လွင်-ဒေါ်စီစီဝင်းတို့၏ သမီး ထွေး မခိုင်သီရိလွင်ဖြိုး (ဆ၁၀-၂၉၉) ဒဂုံ(၁)သည် ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး အမှတ်ပေါင်း (၅၄၃) မှတ်ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

**ရွှေပန်းချီကုမ္ပဏီလီမိတက်**

**(HITACHI)**

MTI

**Myanmar Technologies And Investment Corporation Limited**

**၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း**

Myanmar Technologies And Investment Corporation Limited (အများနှင့်သက်ဆိုင်သောကုမ္ပဏီ) ၏ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၈-၇-၂၀၁၅ (စနေနေ့)

အချိန် - နံနက် (၉:၀၀) နာရီ

နေရာ - Conference Hall, Main Building, MICT Park, Hlaing Township

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ (၃၇)အရ အစုရှယ်ယာ မှတ်ပုံတင်မှတ်တမ်းစာအုပ်ကို (၁၆-၆-၂၀၁၅) ရက်နေ့မှ (၁၇-၇-၂၀၁၅) ရက်နေ့အထိ ခေတ္တပိတ်သိမ်းထားပါမည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည် ဖြစ်ပါသည်။ အစည်းအဝေးနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၂၃၀ ၅၂၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

Myanmar Technologies And Investment Corporation Limited


အဆောင် (၁၆)၊ အခန်း (၆၀၂)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

Email – officemticorp@gmail.com, office@mti.com.mm


MIC Myanmar Imperial College

မြန်မာလူငယ်များ၏ အနာဂတ်အခွင့်အလမ်းများကို မိတ်ဆက်ပေးမည့်

MIC Education Seminar 2015



+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များ၏ အနာဂတ်ပညာရေးအတွက်ပြုလုပ်သင့်သောကြိုတင်ပြင်ဆင်မှုများ၊
+ အချိန်ကာလ 2 နှစ်ခွဲမှ 3 နှစ်အတွင်း UK မှတိုက်ရိုက်ပေးအပ်သော စီးပွားရေးဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုဆိုင်ရာ HND Diploma နှင်Bachelor ဘွဲ့ များ အကြောင်း၊
+ University of Northampton (UK) နှင့် ပူးပေါင်းကာဖွင့်လှစ်သင်ကြားပေးမည့်စီးပွားရေးမဟာဘွဲ့ (MBA)၊ စီးပွားရေးပါရဂူဘွဲ့ (DBA) နှင့် ပြည်တွင်းတွင်သင်ကြားရမည့် ကျောင်းလခကုန်ကျစရိတ်နှင့်အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို မိတ်ဆက်ပေးမည်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management

Date - 21 June 2015 (Sunday)
Time - 2:00 - 4:00 PM
Venue - MIC Inya Campus (MIC-5)

MBA | DBA

အမှတ်(၆၂/C) အင်းလျားလမ်း၊ကမာရွတ်၊ရန်ကုန်။ 09 732 10001/ 01 537562



ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော

MOTHER'S LIGHT

ရွှေလက်ကိုင်

ထွက်ပြီ

အဌမတန်း GRADE-9

တိုင်းနှင့် ပြည်နယ်အားလုံး၏

၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ ၁၇

- အတွဲ(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဗဟုသုတ
- အတွဲ(၂) သင်္ချာ၊ သမိုင်း၊ အထွေထွေသိပ္ပံ

စတုတ္ထတန်း GRADE-5

တိုင်းနှင့် ပြည်နယ်များမှ ခရိုင်များ၏

၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ

ပြင်ဆင် ဖြည့်စွက်ပြီး

ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ မီးနင်းစာအုပ်များ ရရှိနိုင်ပါပြီ။

ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ရိုးကုန်စာအုပ်များ ရရှိနိုင်ပါပြီ။

ဖြန့်ချိရေး – ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၁၃၀၉၆၈၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆။ အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်လိုင်စင်အမှတ် (ကက - ၁၃/၁၀/၀၇၈) ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်သည့်

ဒေါက်တာအောင်ဇော်ပိုး(၁)ဆရာဇော်ပိုး

# အောင်အကယ်ဒမီ

ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းထိ
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ

## ၂၀၁၅ တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရှင်များ


မောင်စိုင်းမိုးတေဇ
ဘာသာစုံဂုဏ်ထူး
ဆရက - ၅၂၅
ကလေးမြို့


မမြတ်ပန်းချစ်
ဘာသာစုံဂုဏ်ထူး
ဆရက - ၅၁၄
ရန်ကုန်မြို့


မပိုင်းအိန္ဒြာမင်းလွင်
ဘာသာစုံဂုဏ်ထူး
ဆရက - ၆၀၀
ထားဝယ်မြို့


မယုမြတ်သီရိအောင်
ဘာသာစုံဂုဏ်ထူး
ဆရက - ၆၆၂
ရန်ကုန်မြို့

## ၂၀၁၅ တက္ကသိုလ်ဝင်တန်း ၅-ဘာသာဂုဏ်ထူးရှင်များ


မောင်မြတ်သော်ကောင်း
၅-ဘာသာဂုဏ်ထူး
ဆရက - ၄၉၂
ရန်ကုန်မြို့


မရတနာမိုးဦးကျော်
၅-ဘာသာဂုဏ်ထူး
ဆရက - ၅၀၀
ရန်ကုန်မြို့


မထက်ထက်မြတ်နိုး
၅-ဘာသာဂုဏ်ထူး
ဆရက - ၅၅၉
ထားဝယ်မြို့


မသဒ္ဒါဖြူ
၅-ဘာသာဂုဏ်ထူး
ဆရက - ၅၇၆
ရန်ကုန်မြို့


မငွေနှမ်းပွင့်လှိုင်
၅-ဘာသာဂုဏ်ထူး
ဆရက - ၆၀၆
ရန်ကုန်မြို့


မရွှန်းလဲ့ဝေ
၅-ဘာသာဂုဏ်ထူး
ဆရက - ၆၁၀
ရန်ကုန်မြို့


မဆုရတနာဦး
၅-ဘာသာဂုဏ်ထူး
ဆရက - ၆၃၆
ရန်ကုန်မြို့

## ၂၀၁၅ တက္ကသိုလ်ဝင်တန်း (၄)ဘာသာဂုဏ်ထူးရှင်များ

| | | | | | |
|---|---|---|---|---|---|
| မောင်ရှင်းသန့်ဇော် | ဆရက - ၅၂၆ | ၄-ဘာသာဂုဏ်ထူး | မထွန်းအိမ့်ရွှန်းလဲ့ခိုင် | ဆရက - ၅၀၇ | ၄-ဘာသာဂုဏ်ထူး |
| မောင်ဖေယံထွန်း | ဆရက - ၅၄၃ | ၄-ဘာသာဂုဏ်ထူး | မနင်းအိတွယ်တာ | ဆရက - ၅၃၂ | ၄-ဘာသာဂုဏ်ထူး |
| မောင်ဟိန်းသူရထွန်း | ဆရက - ၅၄၉ | ၄-ဘာသာဂုဏ်ထူး | မအေးနန္ဒာထူး | ဆရက - ၅၃၃ | ၄-ဘာသာဂုဏ်ထူး |
| မောင်ရဲထက်လှိုင် | ဆရက - ၆၀၅ | ၄-ဘာသာဂုဏ်ထူး | မရွှေရတီနီနီ | ဆရက - ၅၅၈ | ၄-ဘာသာဂုဏ်ထူး |
| မောင်အောင်မြတ်သူ | ဆရက - ၆၂၀ | ၄-ဘာသာဂုဏ်ထူး | မခင်သီသီဖြိုး | ဆရက - ၅၇၈ | ၄-ဘာသာဂုဏ်ထူး |
| မောင်ပြည့်စုံဦး | ဆရက - ၆၃၂ | ၄-ဘာသာဂုဏ်ထူး | မနန်းသက်သက်ဖြိုး | ဆရက - ၅၇၉ | ၄-ဘာသာဂုဏ်ထူး |
| မောင်သိန်းဇော်ဦး | ဆရက - ၆၃၃ | ၄-ဘာသာဂုဏ်ထူး | မဆောင်းသိင်္ဂီဝင်းဖြိုး | ဆရက - ၅၈၉ | ၄-ဘာသာဂုဏ်ထူး |
| မခင်သူဇာကျော် | ဆရက - ၄၉၃ | ၄-ဘာသာဂုဏ်ထူး | မထူးထူးထက်အောင် | ဆရက - ၆၅၁ | ၄-ဘာသာဂုဏ်ထူး |

(၃)ဘာသာဂုဏ်ထူးရှင် - ၁၇ ဦး (၂)ဘာသာဂုဏ်ထူးရှင် - ၂၂ ဦး (၁)ဘာသာဂုဏ်ထူးရှင် - ၃၃ ဦး အောင်ချက်ရာခိုင်နှုန်း ၈၂.၄၇%

**ကျောင်း** - အမှတ် (၉၉)၊ အောင်ဇေယျလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၇၀၆၄၉၊ ၅၇၈၅၅၆


LIFAN
တောင်ပေါ်သားရိုးရှင်းကုမ္ပဏီလီမိတက်
သင်လှူဒါန်းကူညီချင်ပါသလား
"လူကြီးမင်း၏နွေးထွေးသောကရုဏာဖြင့် အနာဂတ်မျှော်လင့်ချက်အလင်းတန်း"
နွေးထွေးသောကရုဏာဖြင့် Lifan ဆိုင်ကယ်၏ပရဟိတလုပ်ငန်းစဉ်ဘုရားကျောင်းကန်၊ ပရဟိတဆောင်ရွက်သောအခြား
အသင်းအဖွဲ့များနှင့် လက်တွဲ၍ ၂၀၁၅ ၆လပိုင်းမှ၁၂လပိုင်း အထိ လစဉ်လတိုင်းပရဟိတလုပ်ငန်းများ ဆောင်ရွက်သွားမည်။
မန္တလေး၊ ရွှေဘို၊ မုံရွာ၊ ပခုက္ကူ၊ စလင်း၊ မင်းဘူး၊ တောင်တွင်းကြီး၊ တောင်ငူ၊ ကြို့ပင်ကောက်၊ ညောင်လေးပင်၊
ဟသ်ာတ၊ ဇလွန်၊ ပန်းတနော်၊ ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်၊ မအူပင်၊ ဘိုကလေး၊ အိမ်မဲ၊ကွင်းကောက်၊ မြန်အောင်၊ ကြံခင်း၊ဝါးခယ်မ။
အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း - ၀၁ - ၆၈၃၃၂၇၊ ၆၈၃၃၂၉၊ ၀၂ - ၅၁၅၃၄၅၄၊ ၀၉ - ၈၆၂၂၀၃၉
ရန်ကုန်ရုံးချုပ် - အမှတ်(၉/၁၀)ဘောဂျင်းလမ်း၊ဘုရင့်နောင်လမ်းမကြီးအနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
မန္တလေး - အမှတ်ဘီ - ၂/အေ၊ ၆၂လမ်း၊၇၈လမ်းသွယ်၊စက်မှုပန်းခြံလမ်း၊မန္တလေးမြို့။

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းညွန့်
### အသက် (၈၁)နှစ်

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဦးသန်းစိန်-ဒေါ်သီတာတို့၏မိခင် ဒေါ်သန်းသန်းညွန့်သည် ၉-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ဝင်းမော်ထွန်း၊ ဒုတိယဝန်ကြီး**
**ဥက္ကဋ္ဌ၊ လူမှုဖူလုံရေးအဖွဲ့နှင့်အရာထမ်း၊အမှုထမ်းများ၊**
**အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးခင်ညွန့်
### အသက်(၈၉)နှစ်

ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဦး-ဒေါ်ရီရီဝင်း(ရွှေယမင်းအလှကုန်)တို့၏ဖခင် ဦးခင်ညွန့် အသက် (၈၉)နှစ်သည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဈေးသာယာရေးအဖွဲ့**
**ဗိုလ်ချုပ်အောင်ဆန်းဈေး**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းထွန်း (ဒါရိုက်တာ-မင်းဇာနည်-Co., Ltd)
### (စစ်တွေမြို့)
### အသက်(၅၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်နေ ဒေါ်မြသီတာ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မြတ်နိုးထွန်း၏မွေးသဖခင်ကျေးဇူးရှင် ဦးသန်းထွန်းသည် ၁၃-၆-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်အေးမိသားစု-ဦးထွန်းထွန်းဦးမိသားစု**
**ဦးကျော်စံမိသားစု-ဦးမောင်ဇော်မိသားစု**

### ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့်ဆီများလျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံအရွက်နှင့် ဆတ်၊ ဂျုံပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စိမ်ထားသောအစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့်ပြသရန်။

**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

### အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသောရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှ တစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## အနိစ္စ

### ဦးဝင်းမောင်
### အသက် (၇၇)နှစ်
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊မြန်မာ့မီးရထား**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၄၇)၊ လေးလွှာ(အေ)နေ (ဦးတင်-ဒေါ်ပန်းရှင်)တို့၏သား၊ (ဦးလှဘော်-ဒေါ်သောင်းရွှေ)တို့၏ သားသမက်၊ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ မောင်စိုးဝင်းမြင့်-မခင်သီတာစိုး၊ မောင်ဇော်လတ်-မမိုးမိုးဝင်း၊ မောင်ခင်အောင်ထွန်း-မမိုးမိုးအေး၊ မောင်ကောင်းဆုလတ်-မဆွေဆွေသင်း၊ မဖြူဖြူသင်း၊ မောင်အနန္တာ-မဖြူဖြူကြွယ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၅-၆-၂၀၁၅ (တနင်္လာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်မာလာသွင်
### အသက် (၆၉)နှစ်
**B.Sc (IC)Dip in Food Technology**
**B.A(Buddha Dhamma)**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်နေ (ဦးလှသွင်-ဒေါ်မြသန်း)တို့၏သမီး၊ [ဦးမင်းမောင် (အထက-၆၊ ဗိုလ်တထောင်၊ ကျောင်းအုပ်ကြီးဟောင်း)၏ဇနီး (ဦးအုန်းမောင်-ဒေါ်လှခင်)တို့၏သမီးချွေးမ၊ ဦးမင်းဦး (ရိုးမဘဏ်)၊ ဦးမင်းသွင်(အင်ဂျင်နီယာ)၊ ဒေါ်သန္တာမင်း(အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်သူဇာမင်း (ခေတ္တ-ကနေဒါ)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်ဝေဝေသွင်၊ ဒေါ်လှလှသွင်၊ Dr. အေးနှင်းသွင် (Kingston, Jamaica)တို့၏အစ်မ၊ မြေး ၁၁ယောက်တို့၏အဘွား ဒေါ်မာလာသွင်သည် ၁၅-၆-၂၀၁၅ရက် နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မိမိနိုင်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၁)လမ်း၊ အမှတ်(၃၂)၊ သုံးလွှာနေ (ဦးတင်လှ)-ဒေါ်မြမြတို့၏သမီးကြီး၊ ဦးလှဟန်၏ဇနီး၊ ဦးလှချစ် (Future Wave, Success And Motivation Training School)၊ ဦးကိုကိုလတ်၊ ဦးကိုကိုနိုင်-ဒေါ်ကြည်ကြည်လွင်တို့၏ညီမ၊ ဦးဟန်ဝင်းဇော်-ဒေါ်ဖြူဖြူနိုင်၊ (ဦးအောင်နိုင်)၊ ဦးဝင်းနိုင်၊ ဦးစိုးနိုင်-ဒေါ်အေးအေးမိုးတို့၏အစ်မ၊ ကိုဝင်းထိုက်-မြဇကရီမွန်၊ မောင်ဇော်လင်းထက်တို့၏ မွေးသမိခင်၊ မသွန်းဖြိုးသစ္စာ၏အဘွားသည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးခင်မောင်လွင်(သုံးခွမြို့)
### အသက်(၅၂)နှစ်
**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**
**ဦးစီးအရာရှိ (အငြိမ်းစား)**

ရန်ကုန်မြို့၊ အမှတ်(၂၅၃)၊ လမ်း(၄၀)နေ (ဦးကျင်မောင်-ဒေါ်သန်းရွှေ)တို့၏ ချစ်လှစွာသောသားထွေး၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကြူစိန်-ဒေါ်ထားထားကြည်၊ (ဦးကက်ရှင်)၊ ဦးကက်စွန်(Green Luck)၊ (ဦးတက်ထွန်း)၊ ဒေါ်ခင်မာတီ၊ ဒေါ်ခင်မာယဉ် (Asia Light Super Market)တို့၏ ချစ်လှစွာသော မောင်/ညီ၊ ကိုသက်နိုင်ဝင်း-မဝေကြည်မာ၊ ကိုနေမျိုးဝင်း၊ မစုစုလွင်၊ ကိုဖြိုးကိုကိုဝင်း၊ မနွေးနွေးဇင်တို့၏ ချစ်လှစွာသောဦးလေး၊ မမြတ်ဖူးဖူးသက်၊ မောင်ဉာဏ်လင်းထူးတို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၆-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးခင်ညွန့် (၈၉)နှစ်
**ဗိုလ်ချုပ်အောင်ဆန်းဈေး**

ရန်ကုန်မြို့၊ (၁၉၇)၊ အခန်း(၃)၊ ဗိုလ်တထောင်ဘုရားလမ်းနေ (ဦးညိုငယ်-ဒေါ်ရင်)တို့၏သား၊ (ဒေါ်သန်းကြည်)၏ ခင်ပွန်း၊ ဦးကျော်ရင် [ဖြန့်ချိရေးမှူး၊ လုပ်သားပြည်သူ့နေ့စဉ်(အင်္ဂလိပ်)၊ ငြိမ်း] (ဒေါ်ညွန့်ရီ)တို့၏အစ်ကို၊ ဦးထွန်းဦး-ဒေါ်ရီရီဝင်း (ရွှေယမင်းစတိုး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဦးတင်ထွန်း-ဒေါ်နော်မူသော်(ခေတ္တ-စင်ကာပူ)၊ ဒေါ်သီတာခင်၊ ဦးတင်မောင်ဦး(ရုံးအဖွဲ့မှူး၊ MSESF)-ဒေါက်တာနီလာခင် (နီလာဆေးခန်း၊ တောင်ဒဂုံ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ကိုတင်ထူးအောင်-မအိသန္တာဝင်း၊ ဗိုလ်ကြီးအောင်မြတ်ကျော်သက်-ဗိုလ်ကြီးသိမ့်သိင်္ဂီထွေးအောင်၊ ကိုစိုးဝဏ္ဏဦး၊ မသက်မြတ်နိုးစံ၊ ကိုရဲဘုန်းမြတ်(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောအဘိုး ဦးခင်ညွန့်သည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန် ၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးနု (၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ ပတ္တမြားတိုက်၊ အခန်း(၈)နေ (ဦးဖိုးကျား-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစစ်အောင်-ဒေါ်သိန်းမြ)တို့၏သမီးချွေးမ၊ (ဗိုလ်ကြီးအောင်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဘခင်-ဒေါ်မြင့်မြင့်အောင်၊ ဒေါ်ငွေငွေအောင်၊ ဒေါ်အေးအေးအောင် (ZEAL COLLECTION)၊ ဦးပြည်စိုးကြီး-ဒေါ်ခင်မာသီ၊ (ဦးအေးဝင်းကြီး)၊ (ဒု-ဗိုလ်ခင်မောင်ကြွယ်)၊ ဒေါက်တာမျိုးသိမ်းကြီး(ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါ်စန်းစန်းယု(ကထိက-ငြိမ်း)၊ ဦးသိန်းညွန့်ကြီး-ဒေါ်သီတာအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မစန္ဒာခင်၊ ဗိုလ်ကြီးယုနောင်-မအိစိုးလှိုင်၊ မခင်ကုံကော်ကြီး (FINAL PART-II IM.1)၊ မောင်မောင်ခန့်ကြီး၊ မအိဟေမာန်အောင်တို့၏အဘွား၊ မခင်နိုင်နိုင်စံ၊ မမြသန္တာခင်တို့၏ဘွားဘွားကြီးသည် ၁၅-၆-၂၀၁၅(တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
### ဒေါ်သွယ်သွယ်ထွန်း (၅၇)နှစ်
**ကထိက(ငြိမ်း)၊တိုင်းရင်းသားစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊စစ်ကိုင်းမြို့**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အကွက်(၁၁၃)၊ ရုံးသာရပ်နေ (ဦးထွန်းကြည်-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးတင်ငွေ-ဒေါ်ညွန့်ရီ)တို့၏ သမီးချွေးမ၊ ဦးအောင်ငွေးကျော်(ဒုတိယဥက္ကဋ္ဌ၊မန္တလေးတိုင်းဒေသကြီးလွှတ်တော်)-ဒေါ်သောင်းသောင်း၊ ဦးအောင်ခင်-ဒေါ်စန်းစန်းယုတို့၏ သမီး/တူမ၊ ဦးကျော်ကျော်စိုး-ဒေါ်ခိုင်ဇာထွန်းတို့၏အစ်မ၊ မအေးမြကို၏မိခင်၊ ဦးအောင်ကိုကို၏ဇနီးသည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
### ဒေါ်သွယ်သွယ်ထွန်း (၅၇)နှစ်
**ကထိက(ငြိမ်း)၊တိုင်းရင်းသားစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊စစ်ကိုင်းမြို့**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အကွက်(၁၁၃)၊ ရုံးသာရပ်နေ (ဦးထွန်းကြည်-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးတင်ငွေ-ဒေါ်ညွန့်ရီ)တို့၏ သမီးချွေးမ၊ ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)-ဒေါ်တင်တင်ဝင်းတို့၏ညီမ၊ ဒေါက်တာစိန်လင်း-ဒေါ်ဖြူဖြူဟန်တို့၏အစ်မ၊ မအေးမြကို၏မိခင်၊ ဦးအောင်ကိုကို၏ဇနီးသည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးအောင်ကျော်ဇော (၇၈)နှစ်
**ဗဟိုပုံနှိပ်တိုက်နှင့်**
**စာအုပ်ထုတ်ဝေရေး(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၂၂)၊ အရိယမဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးကျော်ခိုင်-ဒေါ်နှံ့သာဖြူ)တို့၏သား၊ (ဦးမောင်မောင်ဆွေ-ဒေါ်ခင်ဆွေ)တို့၏သားသမက်၊ ဒေါ်သင်းသင်းဆွေ၏ခင်ပွန်း၊ မနွယ်နီကျော်ဇော (ခေတ္တ-စင်ကာပူ)၊ မောင်ဝေလင်းကျော်တို့၏ဖခင် ဦးအောင်ကျော်ဇောသည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးအောင်စောသိန်း (၆၆)နှစ်
**လေးထောင်၊ကျောက်တွေရွာ**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးထောင်၊ ကျောက်တွေရွာနေ (ဦးအောင်သာလှ-ဒေါ်အေးပုချေ)တို့၏သား၊ ဇရပ်ပြင်ရွာနေ (ဦးချမ်းအောင်)-ဒေါ်ချမ်းခင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၈/၁၀)၊ လေးလွှာ (F)နေ ဒေါ်လှမျိုးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကျော်စော-ဂင်မီယောင်၊ ကိုသန်းဇော်ဝင်း-မလှကျော်စော၊ ကိုမျိုးကျော်စောတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်လှသိန်း၊ ဦးလှရွှေ-ဒေါ်ခင်ရွှေတို့၏ အစ်ကိုကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၅ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသန့်လွင် (၆၄)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၅၈/က)နေ ဦးကျင်ဟုတ်-ဒေါ်မြကြွေတို့၏သားကြီး၊ ဒေါက်တာလှလှမေ၏မောင်၊ ဦးသန့်ဇင်-ဒေါ်အေးအေးသင်း (မင်္ဂလာဈေး၊ အထည်ဆိုင်)၊ ဒေါက်တာခင်မောင်ရီ-ဒေါက်တာနုနုမေ(ဟသ်ာတ)တို့၏ အစ်ကို၊ ဒေါ်ညွန့်ညွန့်ဆွေ၏ခင်ပွန်း၊ ဦးလွင်ရန်နိုင်-ဒေါ်မိုးမိုးအောင် (Nation Light Co., Ltd)၊ မောင်လွင်သာထက်တို့၏ဖခင်၊ ထူးအိန္ဒြာလွင် (ကစ်ကစ်)၏အဘိုး၊ တူ/တူမ ၁၅ ယောက်တို့၏ ဘကြီးသည် ၁၆-၆-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆ ၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအောင်တင့်(ကာတွန်းမင်းကြီး)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၀၅)ရပ်ကွက်၊ ပိတောက်ဝါလမ်း၊ အမှတ်(၄၀၃)နေ (ဦးမောင်စိန်-ဒေါ်လှ)၊ (ဦးထွန်းကြည်-ဒေါ်နှင်းအိ)တို့၏သား၊ (ဦးဘစော-ဒေါ်သိန်း)တို့၏သားသမက်၊ ကိုမြတ်ထွန်း-မစန္ဒီအောင်[ဗီးနပ်(စ်)အချစ်ကဗျာ]၊ မောင်နေထက်၊ မောင်မင်းကျော်စွာ(ခ)လင်းလင်း၊ မောင်ထက်အောင်လင်း၊ မောင်ကျော်ဇောအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဝေမြတ်နှင်း၏အဘိုး၊ ဒေါ်စောသန္တာ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၆-၂၀၁၅(တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တသုမင်္ဂလ
### သိက္ခာတော်(၅၇)ဝါ၊ သက်တော်(၆၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်၊ မဟာသောတာပန်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသည် (၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်)၊ ၁၅-၆-၂၀၁၅(တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ရက်) ၁၉-၆-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

### ဒေါ်တင်တင်ရီ(မြိတ်မြို့)
### အသက်(၇၈)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးကျော်လှ-ဒေါ်စောညွန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်ကုန်းမြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၁၁)နေ (ဦးအေးကြွယ်)၏ဇနီး၊ ဦးစိုးနိုင်-ဒေါ်ရီရီသင်း၊ ဦးမောင်ငယ်-ဒေါ်ဝင်းဝင်းနွဲ့၊ ဦးခင်မောင်ဇင်၊ ဦးမင်းသူ-ဒေါ်ဖြူဖြူအေး၊ ဦးသိန်းမြင့်လေး-ဒေါ်စောမာလာ၊ ဦးခင်မောင်အေး-ဒေါ်စံပယ်ဖြူ၊ ဦးသန့်ဇင်-ဒေါ်ခိုင်သီတာ၊ ဦးလှဘုန်းလွင်-ဒေါ်ငွေငွေအေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးစိုးညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နှံ့သာကုန်းရပ်ကွက်၊ နှံ့သာကုန်းလမ်း၊ အမှတ်(၄၁)နေ (ဦးမောင်ဟန်-ဒေါ်စိန်လှ)တို့၏သား၊ (ဦးအုန်းရွှေ-ဒေါ်သန်းတင်)တို့၏သားသမက်၊ (ဦးတင်သန်း-ဒေါ်နီနီ)၊ (ဦးဝင်းစိန်)-ဒေါ်ရီရီအုန်း၊ ဦးဇော်မင်း-ဒေါ်အေးအေးမူတို့၏အစ်ကို၊ ဒေါ်ဖြူဖြူအုန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းညွန့်၊ ဦးသန်းဆွေ-ဒေါ်ပွင့်ပွင့်ရည်၊ ဒေါ်မေမြတ်အေး၊ ဒေါ်မေမြတ်ထွေး၊ ဒေါ်သီသီထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်စိုင်းဝဏ္ဏထွန်း၏အဘိုး ဦးစိုးညွန့်သည် ၁၅-၆-၂၀၁၅ (တနင်္လာနေ့) ည ၈း၂၅နာရီတွင် သီရိစန္ဒာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်အေး
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ တိုက်(၁)၊ အခန်း(၂၁) လေးလွှာနေ ဦးတင်အောင်၏ဇနီး၊ မယမင်း၊ ဦးကျော်လင်းဦး(ခ)ဖိုးကျော်-ဒေါ်နီလာ၊ မောင်ဟန်ထွန်းအောင်တို့၏မိခင်ကြီး၊ မောင်စိုင်းအောင် (Grade-10၊ ထ/၁၊ ဗဟန်း)၏အဘွားသည် ၁၆-၆-၂၀၁၅ (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒုရဲမှူးထွန်းမောင်(ငြိမ်း) (၆၈)နှစ်
**အမှတ်စဉ်(၇)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ သက္ကယ်တန်းရပ်၊ အင်းဝလမ်းနှင့် နောင်တော်ကြီးလမ်းနေ (ဦးတုတ်-ဒေါ်စောမြ)တို့၏သား၊ (ဦးအောင်မြ-ဒေါ်ပုံ)တို့၏သားသမက်၊ ဦးမင်းမင်းအောင်(ဒု-ညွှန်မှူး၊ နေပြည်တော်စည်ပင်)-ဒေါ်သဲဖြူထွန်း(ဦးစီးအရာရှိ၊ နေပြည်တော်စည်ပင်)၊ ဗိုလ်ကြီးသက်နိုင်ထွန်း (DSMA)၊ဒေါ်မေဇင်ထွန်း(သူနာပြု၊ ဇဗ္ဗူသီရိအထူးကုဆေးရုံ)၊ ဒုရဲအုပ်ကျော်ဇင်ထွန်း(တမူးမြို့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ရွှေမာတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ရှိုင်းမြတ်၊ မောင်ဘုန်းမင်းလှိုင်တို့၏အဘိုး၊ ဒေါ်အေးမွန်စီ၏ခင်ပွန်းသည် ၁၅-၆-၂၀၁၅ရက် ည ၇း၃၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၅(သောကြာနေ့)တွင် နေပြည်တော် ပျဉ်းမနားမြို့၊ ပန်းခင်းလမ်း၊ စည်ပင်အိမ်ရာဝန်းနေ ဦးမင်းမင်းအောင်-ဒေါ်သဲဖြူထွန်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
### ဦးအုန်းသွင်
### အသက် (၆၆)နှစ်
**(66-69 Electrical)**
**နတ်မောက်ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း(၅၀၃)၊ ဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ (ဦးဘရှင်-ဒေါ်ရှူအိမ်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအုန်းလွင်)-ဒေါ်မွှေးမွှေးတို့၏ ညီ/မောင်၊ (ဦးဘိုဘို)-ဒေါ်သန်းသန်းနွယ်၊ (ဦးငွေးဝင်း)-ဒေါ်မြင့်မြင့်နွယ်၊ ဦးလှသွင်-(ဒေါ်မြတ်သူခင်)၊ ဦးငွေးဝင်း-ဒေါ်စိုးစိုးရှင် (Top Men Fashion)၊ ဦးစံလွင်-ဒေါ်သိင်္ဂီသန်း (Kan Group Fashion)တို့၏အစ်ကို ဦးအုန်းသွင်သည် ၁၆-၆-၂၀၁၅(အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၇၊ သုခလမ်း၊ ကျောက်မြောင်းနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅ရက်တွင် သုခလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
### ဦးအုန်းသွင်
### အသက် (၆၆)နှစ်
**(66-69 Electrical)**
**နတ်မောက်ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ဆင်မင်းအိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၀၃)နေ (ဦးဘရှင်-ဒေါ်ရှူအိမ်)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဦးသွင်-ဒေါ်အေးသန္တာ၊ ဦးသိဟ-ဒေါ်ချိုဝိုင်းသွင် (Joker Fashion)၊ ဦးတေဇာဖြိုး-ဒေါ်မေဦးသွင်တို့၏ မွေးသဖခင်၊ မောင်ခန့်ညား၊ မနှင်းအိန္ဒြေ၊ မောင်မြတ်မင်းခန့်၊ မောင်ဘုန်းတေဇာကို၊ မောင်မျိုးမြတ်သူ၊ မသုညွန်းတေဇာတို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၆-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၇၊ သုခလမ်း၊ ကျောက်မြောင်း နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၅ရက်တွင် သုခလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

စာမျက်နှာ ➤ ၉

## ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် တောင်ဥက္ကလာပတို့ ဆက်သွယ်မည့် ငမိုးရိပ်ချောင်းကူးတံတားသစ် ထပ်မံတည်ဆောက်ရန် အကြိုအင်ဂျင်နီယာမြေတိုင်းခြင်းလုပ်ငန်းစတင်

စာမျက်နှာ ➤ ၅

## သမ္မတက လွှတ်တော်အမတ်ဖြစ်ရမယ်တဲ့လား

စာမျက်နှာ ➤ ၆

## ပုဇွန်တောင်ချောင်း ရေလမ်း ခေတ္တပိတ်မည်

စာမျက်နှာ ➤ ၈




# နှစ်ပေါင်း ၁၅၀ ကျော်ကြာ သမိုင်းဝင် မင်းလှခံတပ်ကြီး

**မင်းလှ ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့၏ ဧရာဝတီမြစ်ကမ်း အနောက်ဘက်တွင် ကပ်လျက်တည်ရှိသော မြန်မာနိုင်ငံ၏ သမိုင်းဝင် မင်းလှခံတပ်ကြီးကို (၁၈၆၀-၆၁)ခုနှစ်တွင် တည်ထောင်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း(၁၅၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

တစ်ချိန်က မြန်မာနိုင်ငံသည် ဗြိတိသျှအစိုးရ၏ ဝင်ရောက် တိုက်ခိုက်မှုများကို ခုခံကာကွယ်နိုင်ရန် မင်းလှခံတပ်ကြီးကို တည် ဆောက်ခဲ့ခြင်းဖြစ်သည်။

မင်းလှခံတပ်ကြီးကို (၁၂၂၂)ခုနှစ်တွင် မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီး၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့သည်။ ပြင်သစ်နှင့် အီတာလျံလူမျိုး အင်ဂျင်နီယာများဖြစ်သည့် ကိုမိုတို ပယ်ရီ၊ မိုလီနာရီတို့၏ အကူအညီဖြင့် မြန်မာနိုင်ငံမှ နိုင်ငံခြားပညာ တော်သင်ပြန် အင်ဂျင်နီယာလူငယ်များ ပူးပေါင်းတည်ဆောက်ခဲ့ရာ (၁၂၂၅)ခုနှစ်တွင် ပြီးစီးခဲ့သည်။ ခံတပ်ကြီးသည် အရှေ့အနောက် အလျား ၁၈၄ ပေ၊ တောင်မြောက်အလျား ၁၇ ပေ၊ အမြင့် ၂၆ ပေ၊ အခန်း အရေအတွက်မှာ အရှေ့ဘက်တွင် ခုနစ်ခန်း၊ အနောက်ဘက် တွင် လေးခန်း၊ တောင်ဘက်တွင် ခြောက်ခန်း၊ မြောက်ဘက်တွင် လေးခန်း စုစုပေါင်း ၂၁ ခန်းရှိသည်။

ခံတပ်ကြီး၏ ပန္နက်ဖွဲ့စည်းပုံမှာ အနောက်ဘက်တွင် ဝင်ပေါက် တစ်ခုရှိပြီး ခံတပ်၏အလယ်တွင် ကွက်လပ်များချန်လှပ်၍ နံရံလေးဘက် တွင် စစ်သည်တော်များ နေထိုင်ရန်၊ ရိက္ခာသိုလှောင်ရန် စသည့် အခန်းများဖြင့် ဖွဲ့စည်းထားသည်။ ခံတပ်၏အတွင်းပိုင်းမှ အပေါ်သို့ တက်ရန် တောင်ဘက်နံရံတွင် လှေကားနှစ်စင်း၊ မြောက်ဘက် နံရံ တွင် လှေကားနှစ်စင်းတပ်ဆင်ထားသည်။ ထို့အပြင် ခံတပ်၏ အနောက်ဘက်ဝင်ပေါက်၏ ဝဲ၊ ယာမှ ခံတပ်အပေါ်သို့ အမြောက်များ တင်ရန်အတွက်

စာမျက်နှာ ၉ ကော်လံ ၁ သို့


# မာဆီဒက်ဖလား ရာဖေးလ်နာဒယ် ဆွတ်ခူး

စပိန်တင်းနစ်ကစားသမား ရာဖေးလ် နာဒယ်သည် စတုဂတ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် မာဆီဒက်ဖလားဗိုလ်လုပွဲတွင် ဆားဘီးယား တင်းနစ်ကစားသမား ဗစ်တာထရိုက်ကီအား အနိုင်ရရှိခဲ့ပြီး မာဆီဒက်ဖလားဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ယခုပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ငါးနှစ်ကြာဝေးကွာ ခဲ့ရသော မြက်ခင်းပြင်ကွင်းဖလားကို ပြန်လည် ရယူနိုင်ခဲ့ပြီဖြစ်သည်။ နာဒယ်သည် ၂၀၁၀ ခုနှစ်ကလည်း အဆိုပါမြက်ခင်းပြင်ကွင်း၌ ဖလားရယူနိုင်ခဲ့သူဖြစ်သည်။ နာဒယ်သည် ယခုနှစ် မာဆီဒက်ဖလားနောက်ဆုံးဗိုလ်လုပွဲ တွင် ထရိုက်ကီအား ၇-၆(၇-၃)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့






themirror.npt@gmail.com
www.facebook.com/themirrordaily